READING & WRITING for CRITICAL THINKING

တက္ကသိုလ်အဆင့်ပညာရေးတွင်
ဝေဖန်ပိုင်းခြားစဉ်းစားရန် စာဖတ်ခြင်း နှင့် စာရေးခြင်း

သင်ရိုးညွှန်းတမ်းတစ်လျှောက်လုံး
ဆင်ခြင်စဉ်းစားခြင်း

ဒေါက်တာချားစ်တင်ပယ် ပြုစု၍
စဉ်းစားတွေးခေါ်သောစာသင်ခန်းဖေါင်ဒေးရှင်း မှ
ဘာသာပြန်ဆိုသည်။

၁၈ ဧပြီလ ၂၀၁၈

READING & WRITING for CRITICAL THINKING

တက္ကသိုလ်အဆင့်ပညာရေးတွင်
ဝေဖန်ပိုင်းခြားစဉ်းစားရန် စာဖတ်ခြင်း နှင့် စာရေးခြင်း

သင်ရိုးညွှန်းတမ်းတစ်လျှောက်လုံး
ဆင်ခြင်စဉ်းစားခြင်း

ဒေါက်တာချားစ်တင်ပယ် ပြုစု၍
စဉ်းစားတွေးခေါ်သောစာသင်ခန်းဖေါင်ဒေးရှင်း မှ
ဘာသာပြန်ဆိုသည်။

၁၈ ဧပြီလ ၂၀၁၈

ဤလမ်းညွှန်စာအုပ်ကို ပွင့်လင်းလူမှုအဖွဲ့အစည်း အသင်းကြီး၊ နယူးယောက် (Open Society Institute, New York) ၏ ပံ့ပိုးမှုဖြင့် ကမ္ဘာအနှံ့ RWCT လုပ်ငန်းစီမံချက်က ပို့ချသော သင်တန်းများတွင် တွဲဖက်အသုံးပြုရန်အတွက် ရည်ရွယ်၍ ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။

မြန်မာဘာသာပြန်ကို မြန်မာနိုင်ငံ တက္ကသိုလ်စာသင်ခန်းများတွင် သင်ကြားနည်းစနစ်များ ပြုပြင်ပြောင်းလဲရေး အတွက် တက္ကသိုလ် ဆရာ၊ ဆရာမများနှင့် ပြုလုပ်သော ဆွေးနွေးပွဲများတွင် အသုံးပြုရန် ထုတ်ဝေခြင်းဖြစ်ပါသည်။

ဘာသာပြန်ဆိုပေးကြသော ဆရာဦးစိန်လင်း (မိုးသောက်ပန်း၊ မန္တလေး) နှင့် RWCT နည်းပြ ဆရာ၊ ဆရာမများ ကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ပါသည်။

Thinking Classroom Foundation (TCF)

www.thinkingclassroom.org

TCF © 2018

မာတိကာ

အပိုင်း (၁) တက္ကသိုလ်အဆင့်ပညာရေးတွင် တက်ကြွစွာသင်ယူခြင်းဖြစ်သင့်သည့်အကြောင်းရင်းများ။

(က) တက္ကသိုလ်စာသင်ခန်းတွင် တက်ကြွစွာသင်ယူခြင်း ရှိသင့်သည့်အကြောင်းရင်း (၄) ခု

၁။ တက်ကြွစွာသင်ယူခြင်းက လက်တွေ့အသုံးချ၍ရသောအသိကို ဖြစ်ထွန်းစေသည်။

၂။ တက်ကြွစွာသင်ယူခြင်းက တသက်တာသင်ယူမှုအလေ့အကျင့်ကို ဖြစ်ထွန်းစေသည်။

၃။ တက်ကြွစွာသင်ယူခြင်းက သည်းခံမှုရှိပြီး အပြန်အလှန်အမှီသဟဲပြုရသော လူမှုဓလေ့ကို ဖြစ်ထွန်းစေသည်။

၄။ တက်ကြွစွာသင်ယူသောနည်းကိုသုံးလျှင် ကျောင်းသားများက ပိုပြီး ထဲထဲဝင်ဝင်လေ့လာသည်။

(ခ) ဆင်ခြင်စဉ်းစားတတ်သူများဖြစ်သွားကြသော ကျောင်းသားများ၏တိုးတက်မှုကိုကျွန်ုပ်တို့ ဘာတွေသိထားသနည်း။

အားမျှခြေရှိခြင်း/ အားမျှခြေပျက်ယွင်းခြင်းပုံစံ

သင်ရိုးညွှန်းတမ်းတလျှောက်လုံး ဆင်ခြင်စဉ်းစားခြင်း

သင်ရိုးညွှန်းတမ်းတလျှောက်လုံး တက်ကြွစွာသင်ယူခြင်း

အပိုင်း (၂) တက်ကြွစွာသင်ယူနိုင်သော စာသင်ခန်းတစ်ခန်းဖြစ်အောင် ဘယ်လိုစီစဉ်မလဲ။

တက်ကြွစွာသင်ပေးခြင်းနှင့် သင်ယူခြင်း၏ မူဘောင်သတ်မှတ်ချက်

အကြိုဉာဏ်ထွက်ပေါ်စေခြင်း/ အဓိပ္ပာယ်ပုံဖော်ခြင်း/ ဆင်ခြင်သုံးသပ်ခြင်း

(က) အကြိုဉာဏ်ထွက်ပေါ်စေခြင်းအပိုင်းအတွက် နည်းဗျူဟာများ

(၁) ကြိုတင်စီစဉ်သူ (Advanced Organizer)

(၂) ဦးတည်သောမေးခွန်းများ (Focused Questions)

(၃) စဉ်းစား / တွဲ / ဖလှယ် (Think / Pair / Share)

(၄) ကြိုတင်မှန်းဆရန် လမ်းညွှန်ချက် (Anticipation Guide)

(၅) နှစ်ဦးတွဲ၍ အကြံထုတ်ဖြင်း (Paired Brainstorming)

(၆) အတွေးအခေါ်များကို အုပ်စုတွဲ၍ ဖေါ်ပြခြင်း (Clusters)

(၇) လွတ်လပ်စွာ တွေးခေါ်ရေးသားခြင်း (Free Write)

(၈) စကားလုံးများ ကြိုတင်ပေးခြင်း (Terms in Advance)

(ခ) အဓိပ္ပာယ်ပုံဖော်ခြင်းအပိုင်းအတွက် နည်းဗျူဟာများ

(၉) ရုပ်ပုံကားချပ်ဇယားများဖြင့် ဖေါ်ပြခြင်း (Graphic Organizers)

(၁၀) အရှိန်မြှင့်ထားသော ပို့ချချက် (Enhanced Lecture)

(၁၁) အပြန်အလှန်သင်ကြားခြင်း (Reciprocal Teaching)

(၁၂) စာရေးသူကိုမေးမြန်းခြင်း (QtA)

(၁၃) သိပြီး၊ သိလို၊ သိလာ (KWL)

(၁၄) နှစ်ဦးတွဲဖတ် / နှစ်ဦးတွဲအကျဉ်းချုံး (Paired Reading / Paired Summarizing)

(၁၅) လေ့လာရန် လမ်းညွှန်များ (Study Guides)

(၁၆) နှစ်ပိုင်းပါ မှတ်တမ်း (Duel-Entry Diaries)

(၁၇) အခြားတုံ့ပြန်ချက်များအတွက် ဂျာနယ် (Other Response Journals)
(၁၈) ဂျစ်ဆောနည်းဖြင့် စုပေါင်း စာဖတ်ခြင်း (Jigsaw Reading)
(၁၉) သင်္ကေတမှတ်၍ စာဖတ်ခြင်း (INSERT)

(ဂ) ဆင်ခြင်သုံးသပ်ခြင်း အပိုင်းအတွက် နည်းဗျူဟာများ
(၂၀) ဖလှယ်စူးစမ်းခြင်း (Shared Inquiry)
(၂၁) စုပေါင်းသင်ယူခြင်း နိဒါန်း (An Introduction to Cooperative Learning)
(၂၂) ဆွေးနွေးပွဲ ကွန်ရက် (Discussion Web)
(၂၃) ပညာရှင်များ ငြင်းခုံဆွေးနွေးခြင်း (Academic Controversy)
(၂၄) တန်ဖိုးမျဉ်း (Value Line)
(၂၅) ဆယ်မိနစ် စာစီစာကုံး (Ten-Minute Essay)
(၂၆) တစ်ကောင်နေ သုံးကောင်ပျံ (One Stay / Three Stray)
(၂၇) နောက်ဆုံးစကား ပြောခွင့်ပေးပါ (Save the Last Word for Me)
(၂၈) သုံးပိုင်းပါ တွေ့ဆုံမေးမြန်းခြင်း (Three-Part Interview)
(၂၉) ဂျစ်ဆော အမှတ် ၂ (Jigsaw II)
(၃၀) စဉ်းစားဆင်ခြင်သော ဆွေးနွေးပွဲ အဖွဲ့များ (Critical Discussion Groups)
(၃၁) စဉ်းစားဆင်ခြင်သော ဆွေးနွေးပွဲအတွက် တာဝန်ခွဲဝေသတ်မှတ်ထားသော အဖွဲ့များ (Critical Discussion Groups with Roles)

အပိုင်း (၃) တက်ကြွစွာသင်ယူရေးအတွက် သင်ရိုးတစ်ခုကို ပုံဖော်ခြင်း

၃(က) ပြဿနာ အခြေအနေ တည်ဆောက်ခြင်းအပိုင်း (Problem-Setting)
(၃၂) ဖြစ်ရပ်လေ့လာချက်များ (Case Studies)
(၃၃) ဦးတည်သောမေးခွန်းများ (Focusing Questions)
(၃၄) ကိုယ်ရေး အထုပ္ပတ္တိဆိုင်ရာ ဖော်ပြချက်များ (Autobiographical Statements)

၃(ခ) နည်းစနစ်များကို မိတ်ဆက်ပေးခြင်း (Introduction of Methods)
(၃၅) ဘာသာရပ်ဆိုင်ရာ စာဖတ်ခြင်း (Reading in the Discipline)
(၃၆) အကိုးအကားရှာဖွေခြင်း ကျွမ်းကျင်မှု (Reference Skills)
(၃၇) ဘာသာရပ်ဆိုင်ရာစာတမ်း စာရေးခြင်း (Writing in the Discipline)
(၃၈) တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခြင်း (Conducting Interviews)
(၃၉) ခန့်မှန်းခြေစာရင်း ကောက်ယူခြင်းနှင့် အခြားသုတေသနများ (Survey and other Research)

၃(ဂ) အကြောင်းအရာမျှဝေခြင်း (Content-Sharing)
အကြိုဉာဏ်ထွက်ပေါ်စေခြင်း / အဓိပ္ပာယ်ပုံဖော်ခြင်း / ဆင်ခြင်သုံးသပ်ခြင်း နည်းလမ်းများ
(၄၀) ဘာသာရပ်ဆိုင်ရာ စကားလုံးများကို မိတ်ဆက်ခြင်း (Introducing Terms)
(၄၁) ဘာသာရပ်ဆိုင်ရာ စကားလုံးများအတွက် မေးခွန်း (၃) ခု (Terms Times Three)
(၄၂) အဓိပ္ပါယ်ဖွင့်ဆိုချက်များ (Definitions)

၃(ဃ) လမ်းညွှန်ချက်ပါသော လက်တွေ့လုပ်ငန်း (Guided Practice)
(၄၃) စာဖတ်ရန် လေ့ကျင့်ခန်းများ (Reading Assignments)
(၄၄) ဖြစ်ရပ်လေ့လာချက်များ သို့မဟုတ် ပြဿနာအခြေအနေများ (Case Studies or Problem Sets)
(၄၅) အတွေ့အကြုံမှသင်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုဖြင့်သင်ယူခြင်း (Experiential or Service Learning)

၃(င) တိုးချဲ့လေ့လာစူးစမ်းမှု (Extended Inquiry)
ကျွန်ုပ် ရှာဖွေလေ့လာသည့် စာတမ်း (The I-Search Paper)

အပိုင်း (၄) တက္ကသိုလ်အဆင့်တွင် တက်ကြွစွာသင်ယူမှုဖြစ်ရန် လေ့ကျင့်ပေးသည့် ပုံစံများ

(က) လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲ ပုံစံ (Workshop Series Model)
(ခ) ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ စုံစံ (Seminar Model)
(ဂ) ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ တည်ဆောက်ခြင်း (Structure of a Seminar)

အပိုင်း (၅) ကျောင်းသားများမည်သို့ သင်ယူကြသနည်း - ပထမ မူဝါဒများ ထုတ်ပြန်ချက်။

၁။ အသိပညာတည်ဆောက်ခြင်းအယူအဆ (Constructivism)
၂။ တည်ဆောက်ယူသောအသိနှင့် လက်ခံယူသောအသိ (Constructed and Received Knowledge)
၃။ စကီမာသီအိုရီ (Schems Theory)
၄။ ဖတ်သူ တုန့်ပြန် ဝေဖန်မှု (Reader Response Criticism)
၅။ တွေးတောကြံဆမှုဖြစ်စဉ်အတွင်း သင်ယူခြင်း (Metacognitive Learning)
၆။ တွေးတောကြံဆမှုဖြစ်စဉ်အတွင်း ကျွမ်းကျင်သူဆရာ၏ ကူညီမှုဖြင့် သင်ယူခြင်း
(Learning as Cognitive Apprenticeship)
၇။ အသံထွက်၍တွေးခြင်း (Think Aloud)
၈။ ပုံကားချပ်ဖြင့်စုစည်းဖော်ပြခြင်း (Graphic Organizers)
၉။ သင်ယူရန် ရေးသားခြင်း (Writing to Learn)
၁၀။ ရေးသားခြင်းသည် သင်ယူခြင်း (Writing is Learning)
၁၁။ ဝေဖန်ပိုင်းခြား စဉ်းစားခြင်း (Critical Thinking)
၁၂။ မေးခွန်းမေးမြန်းခြင်း အဆင့်များ (Levels of Questioning)
၁၃။ ဝေဖန်ပိုင်းခြား စဉ်းစားမှုကို ပုံစံတကျချဉ်းကပ်နည်းများ (Formalized Approaches)
၁၄။ လူမှုရေးရာတာဝန်သိမှုအတွက် ပညာရေး (Education for Social Responsibility)
၁၅။ လူမှုရေးရာတာဝန်သိမှု၏ သွင်ပြင်လက္ခဏာများ (Aspects of Social Responsibility)
၁၆။ လူမှုရေးရာတာဝန်သိမှုကို သင်ယူပုံ (How Social Responsibility is Learned)

သင်ယူခြင်းသဘောတရားနှင့် RWCT လုပ်ငန်းစီမံချက်၊ အနှစ်ချုပ်။

ရည်ညွှန်းကျမ်းများ

တက္ကသိုလ်အဆင့်ပညာရေးတွင်
ဝေဖန်ပိုင်းခြားစဉ်းစားရန် စာဖတ်ခြင်း နှင့် စာရေးခြင်း

သင်ရိုးညွှန်းတမ်းတစ်လျှောက်လုံး ဆင်ခြင်စဉ်းစားခြင်း

နိဒါန်း

ခေတ်ပေါ်တက္ကသိုလ်များသည် လုပ်ငန်းတာဝန်နှစ်ခုအကြားတွင် ညှပ်မိနေကြသည်။ လောကကြီးကို ပညာရှင်ဆန်ဆန် သီးခြားနေရာတစ်ခုမှသုံးသပ်သော အစဉ်အလာပညာရေးကိုပေးရန်နှင့် လူငယ်များကို သူတို့၏ အနာဂတ်မှာ လျှောက် လှမ်းရမည့်ခရီးကို လမ်းပြပေးပြီး တွေ့ရနိုင်သော အခွင့်ရာယ်များကို ရင်ဆိုင်နိုင်ဖို့ ပြင်ဆင်ပေးရမည့် တာဝန်ကို ဆောင် ရွက်ရန် ဟူသောဝန်နှစ်ခုကြားတွင် ညှပ်မိနေခြင်းဖြစ်သည်။ သင်ကြားရေးလုပ်ငန်းကို အဆင့်တိုင်းတွင် ပြုပြင်ပြောင်း လဲမှုပြုလုပ်ရန် အရေးကြီး နေပြီဖြစ်ကြောင်းကိုလည်း အပြည့်အဝနားလည်ကြသည်။

အောင်မြင်ထင်ရှားသော တက္က သိုလ်များဟု အခေါ်ခံရ ဖို့မှာ အောင်မြင်သောသင်ကြားရေးအပြင် ပညာထူးချွန်မှုဖြင့် သုတေသန လုပ်ငန်းများလည်း လုပ်ဆောင်နိုင်ရပေမည်။ ပညာထူးချွန်သောသူများ ပေါ်ထွက်မလာပဲ သင်ကြားရေး ကောင်းပါသည်ဟု ဆိုနေလျှင် အကျိုးမဲ့လုပ်ငန်းတစ်ခုမျှသာ ဖြစ်ပါလိမ့်မည်။ ဘာသာရပ်နယ်ပယ်တွင် တိုးတက်သော အတွေးအခေါ်များ ရှိလာအောင် ကျောင်းသားများ၏ အရည်အသွေးကို မြှင့်တင်မပေးနိုင်ပဲ ပညာဖလှယ်မှု လုပ်နေလျှင်လည်း နောင်မျိုးဆက် တို့အား စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်နိုင်အောင် ပြင်ဆင်ပေးဖို့ အရေးတွင် ပျက်ကွက်နေမည်ဖြစ်သည်။

ဝေဖန်ပိုင်ခြားစဉ်းစားရန် စာရေးခြင်းနှင့်စာဖတ်ခြင်း (RWCT) သည် ဆရာ၊ ဆရာမများကို စာသင်ခန်းအတွင်း အဆင့်တိုင်းကို ဆန်းသစ်သောနည်းများဖြင့် သင်ကြားတတ်အောင် ဆရာ့အတတ်ပညာ သင်ကြားပေးသော လုပ်ငန်းကြီး ပင်ဖြစ်ပါသည်။ အခြေခံပညာမူလတန်းမှစ၍ အထက်အဆင့်ဆင့်နှင့် တက္ကသိုလ်အထိပါဝင်ပါသည်။ ဤလုပ်ငန်းကြီးကို လုပ်ဆောင်ရန်နှင့် ဤလုပ်ငန်းကြီးတွင် အပါအဝင်ဖြစ်သောနည်းစနစ်များကို ဖြန့်ဝေပေးရန် တွန်းအားဖြစ်စေသော အရာမှာ တက္ကသိုလ်အဆင့် သင်ကြားရေးလုပ်ငန်း ပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုများထဲမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ အထူးသဖြင့် ၁၉၉၀ ခုအလွန်တွင် ပြုလုပ်ခဲ့သော ဟားဗတ်တက္ကသိုလ်၏ အကဲဖြတ်စစ်ဆေးမှု ဆွေးနွေးပွဲများမှ ထွက်ပေါ်လာခြင်းဖြစ်ပါသည်။ ဤလုပ်ငန်းကြီးတွင် ပါဝင်ဆောင်ရွက်နေကြသောအမှုထမ်းများသည် တက္ကသိုလ်များ၏ သင်ကြားရေးအဖွဲ့များအနေဖြင့် သင်ကြားရေးလုပ်ငန်းတွင် RWCT နည်းစနစ်များကို ရွေးချယ်အသုံးပြုကြရန် တိုက်တွန်းရသည်ကို ဝမ်းသာနေကြပါသည်။ ဤလမ်းညွှန်စာအုပ်ကို တက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်းများတွင် တက်ကြွစွာသင်ယူမှုနှင့် ဝေဖန်ပိုင်ခြားစဉ်းစားမှုကို အားပေးရန် ရည်ရွယ်၍ ပြုစုထားခြင်းဖြစ်ပါသည်။

အပိုင်း (၁)

တက္ကသိုလ်ပညာရေးတွင် တက်ကြွစွာသင်ယူခြင်းဖြစ်သင့်ကြောင်း အဆိုပြုချက်

(က) တက္ကသိုလ်စာသင်ခန်းများတွင် တက်ကြွစွာသင်ယူခြင်းရှိသင့်သည့် အကြောင်းရင်း (၄) ခု

၁။ တက်ကြွစွာသင်ယူခြင်းက လက်တွေ့အသုံးချနိုင်သောအသိကို ဖြစ်ထွန်းစေပါသည်။

အတွေးအခေါ်ပညာရှင် အဲလ်ဖရက် နော့သ်ဝှိုက်ဟက် (၁၉၁၀-၁၉၅၇) လွန်ခဲ့သည့် နှစ်ပေါင်းများစွာ ကတည်းက ရေးသားခဲ့ပြီး၊ စိတ်ပညာရှင် ဟောင်းဝဒ်ဂါ့ဒ်နာ (၁၉၉၁) က မကြာသေးမီက လက်တွေ့ပြသခဲ့သောအချက်တစ်ခုရှိသည်။။

လက်ခံမှတ်သားထားသောအသိ (ကျောင်းသင် ဗဟုသုတအသိ - school knowledge)၊ အတွေ့အကြုံမှသိစိတ်ထဲသို့ သုံးသပ်ချက်မလုပ်ပဲ တိုက်ရိုက်ရောက်လာသောအသိ (အလိုအလျောက်အသိ - intuittive knowledge)၊ သိပ္ပံနည်းကျ သုံးသပ်အတည်ပြုထားသောအယူအဆများဖြင့် ကမ္ဘာလောကကြီးကို နားလည်ပြီး ပြသနာများကို ပြေလည်အောင် ဖြေရှင်းနိုင်မည့် နည်းလမ်းများကိုပေးနိုင်သော စဉ်းစားမှုလုပ်ငန်းစဉ် (ဘာသာရပ်နယ်ပယ်ဆိုင်ရာအသိနှင့် စဉ်းစားမှု - disciplinary knowledge and thinking) တို့၏ကြားတွင် မတူကွဲပြားမှုများ ရှိကြသည်ကို အထင်အရှား ပြနိုင်ပြီ ဖြစ်ပါသည်။

ဘာသာရပ်နယ်ပယ်ဆိုင်ရာစဉ်းစားမှုဆိုသည်မှာ တက်ကြွစွာအားထုတ်မှု ရှိမှ ရရှိသောအရာမျိုး ဖြစ်ပါသည်။ ထိုအသိမျိုးကိုမရရှိပါလျှင်၊ အားနည်းချက်ရှိတတ်သော အလိုအလျောက်အသိဖြင့် နိစ္စဓူဝတွေးမြဲအတိုင်းသာ တွေးကြမည်။ ကျောင်းသင်ဗဟုသုတအသိဖြင့် စာမေးပွဲအောင်ဖို့ကြိုးစားပြပြီး လူအများရှေ့တွင် ဂုဏ်ယူနေ တတ်ကြပေမည်။ ဘာသာရပ်နယ်ပယ်ဆိုင်ရာအသိနှင့် စဉ်းစားမှုမျိုးကို သိပ္ပံပညာရှင်များ၊ စာပေဝေဖန်ရေးသမားများနှင့် လူမှုရေးရာ အတွေးအခေါ်ရှင်များကသာ အသုံးပြုတတ်ကြပြီး အဆင့်မြင့်ပညာရေးနှင့် ပို၍အံဝင်ခွင်ကျရှိလှပါသည်။

၂။ တက်ကြွစွာသင်ယူမှုက ဘဝတစ်လျှောက်လုံး လေ့လာသင်ယူသည့် အလေ့အထကို ဖွံ့ဖြိုးစေသည်။

သင်ယူတတ်အောင်သင်ယူမှု (learning to learn) ပါဝင်နေသောပညာရေးဟူသည် ခေတ်ကုန်နေပြီဖြစ်သော ဘွဲ့ ဒီဂရီတစ်ခုရရှိရန်မျှအတွက် သင်ယူမှုကို လုပ်ဆောင်ခြင်းမျိုး မဟုတ်ပေ။ ကျောင်းသားများ၏ စိတ်ကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ဖြစ်ထွန်းနေစေမည့်ကမ္ဘာလောကကြီးတစ်ခုလုံးနှင့် အသိဉာဏ် ကြွယ်ဝသော စကားအပြန်အလှန် ပြောဆိုမှု ပြုလုပ်ကာ တန်းတူလိုက်ပါလာနိုင်အောင်သာ ပြင်ဆင်ပေးမည်ဖြစ်ပါသည်။

၃။ တက်ကြွစွာသင်ယူမှုက စိတ်ရှည်သီးခံပြီး အပြန်အလှန်အမှီသဟဲပြုသော လူမှုအလေ့အထကို ဖွံ့ဖြိုးစေသည်။

အမှန်ဆိုရလျှင်၊ တက္ကသိုလ်ကရသော အဖိုးအတန်ဆုံးသင်ခန်းစာများထဲတွင် လူမှုဆက်ဆံရေးဆိုင်ရာ သင်ခန်းစာများ လည်းအပါအဝင်ဖြစ် သည်။ တက္ကသိုလ်ဟူသောဝေါဟာရတွင် 'တက္က' ကြံတွေးမှုအမျိုးမျိုး ၊ 'သီလာ' လေ့ကျင့်ပေး ရာဌာန၊အရပ်ဟုဆိုသည့်အတိုင်း တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူအပေါင်းတို့သည် မိမိတို့နှင့် မကျွမ်းဝင်ခဲ့ဖူးသော အတွေးအခေါ်များကို သိကြားခွင့် ရရှိ ရုံမျှမက၊ ယ ခ င်နှင့်မတူတော့သည့်သူများပင် ဖြစ်ကြရပေ ဦးမည်။ တက်ကြွစွာသင်ယူမှုနှင့် ဆင်ခြင်စဉ်းစားမှုကိုအားပေးသော စာသင်ခန်းများသည် မိတ်ဆွေဖွဲ့စရာ၊ အခြားသူ များစွာတို့နှင့် ဆုံတွေ့ရာမှ အချင်းချင်းနားလည်ပြီး မတူကွဲပြားမှုများအနက်မှ ပိုမိုကောင်းမွန်ရာကို ရွေးချယ်ကာ တိုးတက်မှုကိုဖြစ်ထွန်းစေသည့်နေရာဖြစ်ပါသည်။

၄။ တက်ကြွစွာသင်ယူရသောနည်းများကိုသုံးလျှင် ကျောင်းသား၊ သူများက သင်ခန်းစာကို ပို၍ ထဲထဲဝင်ဝင် လေ့လာကြသည်။

လွန်ခဲ့သော ဆယ်နှစ်တာကာလအတွင်း ဟားဗတ်တက္ကသိုလ်အကဲဖြတ်စစ်ဆေးမှု ဆွေးနွေးပွဲများ (Light, 2000) က တက္ကသိုလ် ကောလိပ်အဆင့်တွင် ပညာရေးကို ပိုမိုထိရောက်မှုရှိစေသည့် အချက်များကို ရှာဖွေခဲ့ကြသည်။ တွေ့ရှိခဲ့သော အချက်များမှာ -

(၁) ရှင်းလင်းတိကျစွာ ဖော်ပြထားသော ကြိုတင်မျှော်လင့်ချက်

(၂) စာတမ်းများ မကြာခဏရေးသားတင်သွင်းစေမှု

(၃) နှစ်ဆုံးတွင် တစ်ကြိမ်တည်းဖြေဆိုစေခြင်းထက် စီမံချက် (Project) ပုံစံများစွာဖြင့် အကဲဖြတ်မှု

(၄) အပြန်အလှန်မေးခွန်းများ မေးမြန်းမှု

(၅) အတူတကွလေ့လာခြင်းနှင့် ပူးပေါင်းလုပ်ကိုင်ခြင်း

(၆) သင်ရိုးပါ အကြောင်းအရာကို စာသင်ခန်း၏ ပြင်ပလောကနှင့် ဆက်စပ်ပေးနိုင်မှု တို့ဖြစ်ကြပါသည်။

(ခ) ဆင်ခြင်စဉ်းစားသူများဖြစ်သွားကြသော ကျောင်းသားများ၏ တိုးတက်မှုကို ကျွန်ုပ်တို့ ဘာတွေ သိထားသနည်း။

အသိဉာဏ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ **ပီယာဂျေး**က အကျယ်ပြန့်ဆုံးရှင်းလင်းချက်ကို ပေးခဲ့သည်။ သူ၏ရှင်းလင်းချက်တွင် ကျောင်းသားများ အထက်တန်းအဆင့်ကို ရောက်ချိန်တွင် ဉာဏ်ရည်၏ အမြင့်ဆုံးအဆင့်ကို ရောက်သည်ဟူ၍ ပါရှိသည်။ ထိုသို့ဆိုသည့်အတိုင်း သူတို့တတွေ တက္ကသိုလ်အဆင့်သို့ ရောက်ရှိချိန်တွင် ဗဟုသုတ တိုးပွားမှု၊ အမှန် တရား၏ သဘောလက္ခဏာများကို နားလည်ပုံနားလည်နည်းနှင့် အသိဉာဏ်ကို မဆုတ်မနစ် ရှာဖွေမှုကဲ့သို့သော အသိဉာဏ် ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများကို ဆက်လက်ရရှိနေဆဲပင်ဖြစ်သည်။

သင်ရိုးပါ အကြောင်းအရာများကို သမားရိုးကျနည်းများဖြင့်သာ လေ့လာတတ်မြောက်ခဲ့ပြီး တက္ကသိုလ်နယ်မြေကို ဝင်ရောက်လာရသည့် ကျောင်းသား၊ ကျောင်းသူများသည် ကမ္ဘာလောကကြီးကို အဖြူအမဲဝေါဟာရဖြင့် (အဓိပ္ပာယ် အပြည့်အဝ မသိမြင်ရပဲ၊ အမည်တပ်နိုင်ရုံမျှ) သာ သိကြသေးသည်။ အဓိပ္ပာယ်ဖွင့်ဆို ချက်တို့သည်လည်း ကျောင်းသားကိုယ်တိုင်၏ စိတ်အတွေးလှုပ်ရှားမှုကြောင့် ဖြစ်တည်လာသော အကျိုးဆက်တစ်ခုအဖြစ်ထက် ဆရာ သမားတို့ထံမှ လက်ဆင့်ကမ်းယူခဲ့ရသော အရာတစ်ခုအဖြစ်သာ နားလည်ကြသေးသည်။

တက္ကသိုလ်ပညာရေးသည် ကျောင်းသားများ တိုးပွားရရှိလာသော အသိတွင်သာမက တွေးခေါ်ပုံ တွေးခေါ်နည်း တွင် လည်း ကြီးမားသော မတူကွဲ ပြားမှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။ မဖြစ်တာလည်း ရှိကောင်းရှိနိုင်ပါသည်။ သင်ရိုးပါ အကြောင်းအရာများကို သမားရိုးကျ လက်ဆင့်ကမ်းသည့်နည်းသည် ကျောင်းသား၊သူများ၏တွေးခေါ်ပုံတွင် တိုးတက် မှုဖြစ်စေသည်ဟု မတွေ့ရကြောင်းကို ဖော်ထုတ်ခဲ့ကြပြီးဖြစ်သည် (ပါရီ-၁၉၉၉၊ ဘွန်ဝဲနှင့် အီဆန်-၁၉၉၁)။ အရေး တကြီး ပြောင်းလဲရန် လိုအပ်နေသော အချက်များမှာ ပါမောက္ခကြီးများ သင်ကြားပေးနေသော အကြောင်းအရာ များသာလျှင်မဟုတ်ပဲ ကျောင်းသားများဖက်တွင်လည်း အရေးကြီး သော တွေးခေါ်စဉ်းစားမှုနှင့် အသိဉာဏ်ဖွံ့ဖြိုးမှုများ နိုးကြားအောင် လှုံ့ဆော်ပေးနိုင်သည့် သင်ကြားပုံသင်ကြားနည်းများ ပါဝင်စေဖို့ဖြစ်ပါသည်။

တက္ကသိုလ်အဆင့်တွင် ကျောင်းသားများ၏ သင်ယူမှုကို လေ့လာထားချက်များအရ ဆင်ခြင်စဉ်းစားမှုကို နက်နဲစွာ လုပ်ဆောင်နိုင်သောစွမ်းရည်သည် တဖြည်းဖြည်းခြင်း တိုးတက်နေကြောင်းတွေ့ရပါသည်။ အဆင့်အလိုက် ဖြစ်ထွန်း နေပုံရသည်။ ကျောင်းသားတို့၏ အသိပညာနှင့် အမှန်တရားဆိုင်ရာ ယူဆပုံများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးလျက် ရှိ ကြောင်းကို ဝီလျံပါရီ (၁၉၉၉)က ဖော်ထုတ်ပြသခဲ့ပြီးဖြစ်သည်။ သူ၏ စီစဉ်ပြသပုံကို အောက်တွင် ခပ်တိုတို ရှင်းပြထားပါသည်။

၁။ အနိမ့်ဆုံးအဆင့်များတွင် မေးခွန်းတိုင်းအတွက် အဖြေမှန်တစ်ခုစီရှိကြပြီး၊ ဆရာကထိုအဖြေကို ရထားပြီးသား ဟု ကျောင်းသားများက ယုံကြည်နေကြသည်။ ထိုအဖြေကို ဆရာကမပေးခဲ့သော် သူတို့စိတ် ကသိကအောင့် ဖြစ် ကြ ရသည်။

၂။ အတွေ့အကြုံ အနည်းငယ်ရင့်လာချိန်တွင်လည်း ထိုအဖြေမှန်ရှိနေသည်ဟု ယုံကြည်နေကြဆဲပင်ဖြစ်သည်။ သို့ သော်လည်း ကျွမ်းကျင်သောဆရာတစ်ဦးအနေဖြင့် ထိုအဖြေကို ပေးချင်မှပေးပေလိမ့်မည်။ အကြောင်းမှာ ကျောင်း သားက ကိုယ်တိုင်ရှာဖွေပြီး တွေ့ရှိသွားတာက ပိုကောင်းသောကြောင့်ဖြစ်သည်။ အခြားကျောင်းသား များက မတူ သောအမြင်ကို လေးလေးနက်နက် စွဲကိုင်ပြောဆိုနေကြလျှင် သူတို့စိတ်တွင် ရှုပ်ထွေးလာမှုများ ဖြစ်တတ်ကြသည်။

၃။ ထို့ထက်ပို၍ အတွေ့အကြုံပိုမိုရင့်ကျက်သူများက အရာရာတိုင်းမှာ အဖြေမှန်ရှိသည်ဆိုသောအချက်ကို စတင်၍ သံသယရှိလာပေပြီ။ စိတ်ပျက်မှုများ ပိုမိုဖြစ်လာကြပြီး ဘယ်အရာမှ အရေးမကြီးဘူးဟုလည်း ခံစားလာရသည်။

၄။ ဖွံ့ဖြိုးမှုအမြင့်ဆုံး ကျောင်းသားများသည်ပြဿနာတစ်ခုကို ချဉ်းကပ်ရန်နည်းလမ်း တစ်မျိုးထက်ပို၍ ရှိနိုင်ပြီး တစ် နည်းက အခြားသောနည်းများထက် ပို၍ခိုင်မာနိုင်သည်ဟု လက်ခံလာကြသည်။ ရှုမြင်ပုံများ အမျိုးမျိုးကွဲပြားပြီး ရှိနေနိုင်သည်ကိုလည်း အသိအမှတ်ပြုကြသည်။ (အများနှင့်) နိုင်ယှဉ်ဆက်စပ်မှု အယူဝါဒတွင် ချောင်ပိတ်မိနေ သည်ထက် မိမိ၏ကိုယ်ပိုင်တန်ဖိုးများကို ပုံဖော်ထူထောင်ပြီး ဇောက်ချကျင့်သုံးကာ နေထိုင်သည်။ ယုံကြည်ချက် ခိုင် မာသောအလုပ်ကို ဇောက်ချလုပ်ကိုင်ရင်းသာ ဘဝကိုနေထိုင်ကြသည်။ ကိုယ်ပိုင်အမြင်ကိုယ်စီ ရှိကြသော အခြား သူများအပေါ်တွင်လည်း သည်းခံနိုင်စွမ်းရှိပေသည်။

(ဂ) အားမျှခြေရှိခြင်း / အားမျှခြေပျက်ယွင်းခြင်း ပုံစံ (The Equalibrium / Disequalibrium Model)

အကြောင်းအရာများကို သက်တောင့်သက်သာဖြင့် တွေးရိုးတွေးစဉ်၊ မြင်ရိုးမြင်စဉ်ပုံစံအတိုင်း မတွေ့ရပဲ စိန်ခေါ်မှုရှိသည့် အနေအထားနှင့် ကြုံတွေ့ရသည့်အခြေအနေကို စဉ်းစားတွေးခေါ်မှု မျှခြေပျက်ယွင်းခြင်းပုံစံဟု စိတ်ပညာရှင်ကြီး ပီယာဂျေးက ခေါ်တွင်စေခဲ့ပြီး ထိုအခြေအနေမျိုးနှင့်ကြုံရချိန်တွင်တွေးခေါ်တတ်သူများအဖြစ် ဖွံ့ဖြိုးနေသူများက တိုးတက်အောင် လုပ်ဆောင်နိုင်ကြပေသည်။

တချိန်တည်းမှာပင် ကျောင်းသား၏ နိစ္စဓူဝပညာသင်ကြားရေးလှုပ်ရှားမှုတွင် အဆင့်များစွာထဲမှ တစ်ခုစီတိုင်းသည် စိတ်ကူးပုံကြမ်း (schema) အဖြစ်လုပ်ဆောင်နေကြသည်ကို မမေ့သင့်ပေ။ ဆိုလိုသည်မှာ အဖြေမှန်များရှိ သည်ဟု ယုံကြည်ထားသူက ထိုအဖြေကိုရှင်းလင်းပြောပြမည့် ပို့ချချက်များကို လိုက်လံရှာဖွေလိမ့်မည်။ အဖြေမှန်ဟူသည် အခြေအနေတိုက်ဆိုင်မှုအလိုက် အမျိုးမျိုးပြောင်းလဲနိုင်သည်ဟု လက်ခံထားသူကမူ မိမိက ပြဿနာကို တင်ပြသည့် အချိန်တွင် ဆရာက စူးစမ်းလေ့လာမှုပြုလုပ်သည့်နည်းလမ်းကိုသာ စိတ်ဝင်စားပေလိမ့်မည်။ ကျောင်းသားများ၏ အသိဉာဏ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုကို တိုးတက်အောင် အကူအညီပေးသော အခြေအနေ (၃) ရပ် ရှိပါသည်။

၁။ ကျောင်းသားများကို ရှင်းလင်းဖွင့်ဆိုပုံ တစ်မျိုးထက်ပိုသောအကြောင်းအရာများတွင် ရွေးချယ်စရာများနှင့် ရင်ဆိုင်တွေ့ ပေးသင့်ပါသည်။ မိမိ၏အမြင်ရှုထောင့်မှ ကိုယ်ပိုင်ဖွင့်ဆိုချက်ကို ကာကွယ်ပြောဆိုရသည့် စိန်ခေါ်မှုများ နှင့်လည်း ရင်ဆိုင်တွေ့ ကြုံစေသင့်ပါသည်။

၂။ သူတို့အား မိမိအမြင်နှင့်ကွဲပြားသော အခြားကျောင်းသားများ၏ အမြင်သဘောထား ဖော်ထုတ် ပြောဆိုချက်များကိုလည်း ကြားနာစေသင့်သည်။ (အသိဉာဏ်ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်စေရန်မှာ အခြားတစ်ယောက်က မိမိအမြင် ထက်ပိုမိုစုံလင် ဆန်း ပြားစွာ တွေးခေါ်ပုံကို ကြားသိရခြင်းထက် မိမိအမြင်ထက် အနည်းငယ်ပိုမိုမြင့်မားသော အတွေးကို ကြားသိရခြင်းက ပို၍လှုံ့ဆော်မှုဖြစ်စေပါသည်။)

၃။ သူတို့အား ပြန်လှန်သုံးသပ်မှုလုပ်ရန် အားပေးသင့်သည်။ အထူးသဖြင့် အရေးအသားပိုင်းဆိုင်ရာတွင် မိမိ၏ စဉ်းစားပုံက အပြောင်းအလဲဖြစ်နိုင်သော လမ်းကြောင်းများပေါ်ရှိနေခိုက်တွင် ပြန်လှန်သုံးသပ်စေသင့်ပါသည်။

(ဃ) သင်ရိုးညွှန်းတမ်း တလျှောက်လုံးတွင် စဉ်းစားဆင်ခြင်မှု

တက္ကသိုလ်စာသင်ခန်းများအတွင်း၌တက်ကြွစွာသင်ယူခြင်းကို အထောက်အကူပြုသော အထက်ပါ အချက်များကို ကျွန်ုပ်တို့သိခဲ့ပြီးဖြစ်သည်။ သို့သော် မည်သို့သောစာသင်ခန်းတွင် ဖြစ်နိုင်မည်နည်း။ ဥရောပနိုင်ငံများထဲရှိ တက္ကသိုလ်တစ်ခုမှ လုပ်ဖော်ကိုင်ဖက်တစ်ဦးက သူ၏ထင်မြင်ချက်ကို ယခုကဲ့သို့ပေးပါသည်။ 'သူတို့တိုင်းပြည်က တက္ကသိုလ်ဆရာ၊ ဆရာမများ ကို အခန်းတစ်ခုထဲတွင် စုဝေးတွေ့ဆုံပေးလိုက်လျှင် သူတို့၏ ဦးထုပ်များအကြောင်း လောက်သာ ပြောဆိုကြလိမ့်မည်။ သူတို့၏ ဆရာဘဝအတွေ့အကြုံတွင် သူတို့အတန်းကို ကောင်းကောင်းသင်ပေးနိုင်ဖို့ရန် ခက်ပါသည်ဆိုသည့် စကားမျိုးကဲ့သို့ ဝိုင်းဖွဲ့ပြောလောက်စရာ ဘုံပြဿနာမျိုး တွေ့နိုင်မည်မဟုတ်' ဟု ဆိုပါသည်။ ဤအချက်သည် ဆွေးနွေးလောက်သော အကြောင်းအရာ ဖြစ်ပေသလော။ ဖြစ်ခဲ့သည်ဆိုဦးတော့ သင်ယူမှုနှင့် ဆင်ခြင်စဉ်းစားမှုဖြစ်စဉ်တို့သည် ဘာသာရပ်နယ်ပယ် အနှံ့အပြားတွင် တူညီကြပါ၏လောဟု စဉ်းစားစရာ ရှိလာပါသည်။

ပညာရပ်နယ်ပယ်များကြားရှိ မတူကွဲပြားမှုများကို အလွယ်တကူပင် မြင်သာပါသည်။ ဘာသာရပ်နယ်ပယ် အလိုက် လေ့ကျင့်ခန်းများကလည်း ထိုဘာသာရပ်ဆိုင်ရာ အတွေးအခေါ်အယူအဆများကို မျှဝေကြသည့်သူများ အကြားတွင် ပြောဆိုရေးသားပုံကွဲပြားမှုများအား သင်ကြားပေးထားပြီးဖြစ်သည်။ ထိုကွဲပြားချက်များအား ဒဿနပညာရှင် ပါမောက္ခစကော့ဘရိုဖီ (Scott Brophy) က အရှုန်းဖောက်၍ ဇယားချပြသည့်အတိုင်း တင်ပြပါမည်။ (ပါမောက္ခဘရိုဖီသည် ဒဿနိကဗေဒ ပညာရှင် ဖြစ်ကြောင်း ထည့်သွင်းပြောကြားလိုပါသည်။)

<u>ဘာသာရပ်နယ်ပယ်အလိုက် ကွဲပြားချက်များ - လူမှုရေးရာဘာသာရပ်များ (Humanities)</u>

၁။ စာသားဖြင့်ရှင်းပြချက်များ အလွန်များပြားခြင်း

၂။ စကြာဝဠာအတွင်း မြင်မြင်သမျှတို့ကို စာဖွဲ့တင်ပြလိုခြင်း

၃။ အောက်ပါအချက်များတွင် ခွဲခြားခြင်း

- စာသားဖြင့် ဖော်ပြရန်အတွက် မှန်ကန်သောဖွင့်ဆိုပုံ တစ်ခုသာရှိသည်ဟူသော တစ်ယူသန်ဝါဒ (Dogmatism)
- ဓမ္မဒိဋ္ဌာန်သဘောဟူ၍ မရှိ၊ အရာရာတိုင်း အဓိပ္ပာယ်ဖွင့်ဆိုရမည့်အရာချည်းဖြစ်ပြီး ဖွင့်ဆိုချက်တစ်ခုချင်း သည်လည်း အခြားတစ်ခုနှင့်နှိုင်းယှဉ်သင့်သည့်အရာများဖြစ်ကြသည်ဟူသော နှိုင်းယှဉ်မှုဝါဒ (Relativism)

<u>ဘာသာရပ်နယ်ပယ်အလိုက် ကွဲပြားချက်များ- လူမှုသိပ္ပံဘာသာရပ်များ (Social Sciences)</u>

၁။ လူထုရေးရာမူဝါဒ ကိစ္စများ

၂။ အတိတ်ကာလနှင့် အခြားယဉ်ကျေးမှုများကို နားလည်သဘောပေါက်ခြင်း

၃။ အောက်ပါအချက်များတွင် ခွဲခြားခြင်း

- လူများမည်သို့နေထိုင်ပြီး မည်သည့်အရာကိုယုံကြည်ကြသည်ကိုလေ့လာမှုများ (ဖော်ပြချက်များ - မှန်းဆချက်များ)
- လူများ မည်သို့နေထိုင်သင့်ပြီး မည်သည့်အရာကို ယုံကြည်သင့်ကြောင်း လေ့လာမှုများ (ပြဋ္ဌာန်းချက်များ - လက်တွေ့ ကမ္ဘာကို လစ်လျူရှုတတ်ကြသော သဘောတရားဆိုင်ရာ ရန်ပွဲများ)

<u>ဘာသာရပ်နယ်ပယ်အလိုက် ကွဲပြားချက်များ- သဘာဝသိပ္ပံ (Natural Sciences)</u>

၁။ မည်သည့်အရာမျှ အဓိပ္ပာယ်ဖွင့်ဆိုရန်မလိုပါ။ သဘာဝဓမ္မဓိဋ္ဌာန်ကျစွာ တည်ရှိနေကြသည့် အရာများချည်းသာ ဖြစ်ကြသည်။

မည်သို့ပင်ဆိုစေကာမူ၊ ဤခြားနားချက်များကို ဖော်ပြပြီးနောက်တွင် ဘာသာရပ်နှင့် လေ့လာသည့် အကြောင်းအရာ နယ်ပယ်များတွင် သုတေသနလုပ်ငန်းများနှင့် တွေ့ရှိချက်များကို အခြားသူများအားတင်ပြသည့်အခါတွင် ထုံးနည်းဆင်တူ ကျင့်သုံးမှုများရှိကြသည်ကို သတိပြုကြစေလိုပါသည်။ ပညာရှင်များအနေနှင့် ရသစာပေလက်ရာတစ်ခုကို ဖွင့်ဆိုသည်ဖြစ်စေ၊ နိုင်ငံရေးသိပ္ပံခေါင်းစဉ်တစ်ခုကို စူးစမ်းလေ့လာသည်ဖြစ်စေ၊ အောက်ပါအချက်များကို များသောအားဖြင့် လုပ်ဆောင်ကြရပေ သည်။

<u>သင်ရိုးညွှန်းတမ်းတစ်လျောက်လုံးတွင် ဘုံလုပ်ဆောင်မှု - သုတေသနလုပ်ငန်း ဆောင်ရွက်ခြင်း (Research)</u>

၁။ ပြဿနာအခြေအနေ တည်ဆောက်ခြင်း

- မည်သည့်အကြောင်းအရာကို လေ့လာစူးစမ်းမှု ပြုသနည်း။
- ဤအရာက အဘယ့်ကြောင့် အရေးကြီးပါသနည်း။

၂။ ကြိုတင်မှန်းဆချက်ကို ပုံဖော်ခြင်း

၃။ အထောက်အပံ့ပြုသည့်အချက်အလက်များကို ရှာဖွေခြင်း

၄။ ကွဲလွဲနေသော အချက်အလက်များကို စစ်ဆေးခြင်း

၅။ အထောက်အထားသစ်တွေ့ရှိချက်များအရ ကြိုတင်မှန်းဆချက်ကို ပြန်လည်ပြင်ဆင်ခြင်း

၆။ နိဂုံးချုပ်ကောက်ချက်အတွက် အထောက်အထားကို ဆင်ခြင်သုံးသပ်ခြင် (ယူဆချက်ကို ကာကွယ်ပြောဆိုခြင်း)

<u>သင်ရိုးညွှန်းတမ်းတလျောက်လုံးတွင် ဘုံလုပ်ဆောင်မှု- သုတေသနရလဒ်ကို အခြားသူများအားတင်ပြခြင်း</u>

၁။ ဖြေဆိုရမည့်မေးခွန်း၏ ထူးခြားချက်ကို ရှင်းပြခြင်း။

၂။ အားပြိုင်နေသည့် အဖြေများ၏ ဆင်ခြင်ပုံများကိုလည်း စစ်ဆေးခြင်း။

၃။ ယူဆချက်ကို ကာကွယ်ပြောဆိုခြင်း

- အားပြိုင်နေသည့် အခြားယူဆချက်များကို ခြေပခြင်း
- ယူဆချက်ကို ထောက်ကူရန် ဆီလျော်သည့်အထောက်အထားများ၏ အင်အားကို စုစည်းတည်ဆောက်ခြင်း (အခြားသူများအား မိမိ၏ ယူဆချက်ကို လက်ခံစေခြင်းထက် ကြောင်းကျိုးဆီလျော်စွာ တွေးဆနိုင်စေရန်)

ဝေဖန်ပိုင်ခြားစဉ်းစားရန် စာရေးခြင်းနှင့်စာဖတ်ခြင်း (RWCT) လုပ်ငန်း စီမံချက်များ၏ အတွေ့အကြုံအရ ဘာသာရပ် နယ်ပယ်မတူကြသော သင်ကြားရေးအဖွဲ့များအနေဖြင့် အချင်းချင်း အပြန်အလှန် လေ့လာနိုင်ဖွယ် ရှိသည်များ ကို တွေ့ရှိခဲ့ကြ ပြီးဖြစ်ပါသည်။ လက်တွေ့လေ့လာသင်ယူမှု (workshop) များ ပြုလုပ်ကြပြီးလျှင်လည်း မိမိ သင်ယူ ရရှိခဲ့သည်များကို မိမိ၏ သင်ရိုးအတွင်း ဆီလျော်အောင်ပြုကာ အသုံးချကြပါသည်။

(င) သင်ရိုးညွှန်းတမ်းတစ်လျှောက်လုံးတွင် တက်ကြွစွာသင်ယူခြင်း

တက္ကသိုလ်၏သင်ရိုးတွင် ကျောင်းသားများကို ဆင်ခြင်စဉ်းစားခြင်းနှင့် ဆွေးနွေးပြောဆိုခြင်းအလေ့အကျင့်ရအောင် သင်ကြားပေးကာ ဘာသာရပ်၏သင်ယူပုံနည်းနာအဖြစ်အသွင်ပေါ်စေလိုပါလျှင် ဘာသာရပ်နယ်ပယ်ကို အလွှာ နှစ် ဆင့်ဖြင့် စီစဉ်သင့်ပါသည်။ ပထမအဆင့်တွင် သင်ရိုးတစ်ခုလုံးကို ထိုဘာသာရပ်၏ လုပ်ထုံးလုပ်နည်းများအတွင်းသို့ ဖိတ်ခေါ်ခြင်းနှင့် လေ့ကျင့်ခြင်းများဖြင့် သဘောတရား ထည့်သွင်းပေးရပါမည်။ ဒုတိယအဆင့်တွင် တက်ကြွစွာ သင် ယူခြင်းနှင့် စဉ်းစားဆင်ခြင်မှုကို အားပေးသော သင်ယူမှုနည်းလမ်းများဖြင့် စာသင်ချိန်တစ်ခုခြင်းကို စီစဉ် ဆောင် ရွက်သင့်ပါသည်။

အပိုင်း (၂)

တက်ကြွစွာသင်ယူနိုင်သော စာသင်ခန်းတစ်ခန်းဖြစ်အောင် ဘယ်လိုစီစဉ်မလဲ။

တက္ကသိုလ်၏ သင်ရိုးတစ်ခုကို ဘာသာရပ်နယ်ပယ်အတွင်းတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုရရှိအောင် ပြုမူပုံကို ဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။ ထို့နောက် သင်ရိုးတစ်ခုအတွင်းမှာပင် နေ့စဉ်လုပ်ဆောင်ဖွယ်ရှိသည်များကိုလည်း အလေးပေးရန် လိုအပ်လာပါသည်။ သင်ကြားမှုနည်းနာများအချို့ကိုလည်း ရှေ့အခန်းတွင် ဖော်ပြခဲ့ပါသည်။ ဤအခန်းတွင် အဆိုပါနည်း စနစ်များကို ရှင်းပြထားပါသည်။

ပါမောက္ခကြီးများသည် သူတို့၏စာသင်ခန်းတွင် တက်ကြွသောသင်ယူနည်းများကို ခပ်တိုတို ရှင်းပြကြသည်။ ထို့နောက် ကျောင်းသားများ၏ တက်ကြွစွာပါဝင်ဆောင်ရွက်မှုနည်းခြင်း (သို့မဟုတ်) ဦးတည်ချက်မဲ့ပါဝင်မှုပြခြင်းများကို ကြုံတွေ့ကြရပြီး သမာရိုးကျနည်းဆီသို့သာ ပြန်လည်သွားကြလေ့ရှိသည်။ အမှန်ဆိုရလျှင် မည်သည့်ပညာရေးသမားမဆို တက်ကြွစွာသင်ယူမှု၏ အကျိုးကျေးဇူးများကို ရွတ်ဆိုပြနိုင်ကြသည်။ ကျွန်ုပ်တို့ကို လှည့်စားသွားသည်က အသေးစိပ်အချက်အလက်များဖြစ်ကြသည်။ "ကျွန်တော်တို့မှာ စိတ်ကူးအကြီးကြီးတွေရှိကြတယ်။ ကျွန်တော်တို့မှာ လိုနေတာက စိတ်ကူးသေးသေးလေးတွေပါ" ဟု RWCT နည်းစနစ်လက်တွေ့သင်တန်းတစ်ခုတွင် ရုရှား ဆရာတစ်ယောက် ကပြောခဲ့ဖူးသည်။

ရှေ့ဆက် ဖော်ပြမည့်အရာများမှာ စိတ်ကူးသေးသေး လေးများအကြောင်းပင်ဖြစ်ပါသည်။ သို့သော် ထိုအရာလေး များအားလုံးသည် စိတ်ကူးကြီးတစ်ခု၏ အတွင်းသားများ အဖြစ် ပါဝင်နေကြသည်။ ဆိုလိုသည်မှာ စာသင်ချိန် တစ်ချိန်အတွင်းမှာ အသုံးပြုလိုက်သည့် မည်သည့်သင်ကြားမှုနည်းဗျူဟာ အစုအဝေးပင်ဖြစ်စေ၊ ကျောင်းသားများ၏ အတွေးကို နေရာတကျဖွံ့ဖြိုးအောင် ဂရုတစိုက် ရေးဆွဲထားသောအစီစဉ်တစ်ခုထဲတွင် ပေါင်းစပ်ယူနိုင်မည်ဆိုပါက ပို၍ ထိရောက်မှု ရှိကြမည်ဖြစ်ပေသည်။ အစီအစဉ်ရေးဆွဲ မှုနှင့် ကျွန်ုပ်တို့စတင်ပါမည်။

တက်ကြွသောကြားမှုနှင့် သင်ယူမှု၏ မူဘောင် (E R R)

သင်ကြားရေးနည်းဗျူဟာများကိုတင်ပြမည့် ယခုကဏ္ဍကို တစ်မျိုးခြင်း၏ လုပ်ဆောင်မှုရည်ရွယ်ချက်ကိုလိုက်ပြီး အကြံဉာဏ်ထွက်ပေါ်စေခြင်း (Evocation)၊ အဓိပ္ပာယ်ပုံဖော်ခြင်း (Realization of Meaning)၊ နှင့် ပြန်လည်စဉ်းစားခြင်း (Reflection) ဟူ၍ အပိုင်း (၃) ပိုင်းခွဲထားပါသည် (အက်စ်တက်စ်နှင့် ဗော်ဂန်-၁၉၈၆ ၊ ထို့နောက် စတီးလ် နှင့် မယ်ရဲဒစ်သ် ၁၉၉၅)။ ဤအပိုင်းသုံးပိုင်းကို ပေါင်းစပ်၍ တက္ကသိုလ်စာသင်ချိန်တစ်ခုကို ပုံဖော်ရာတွင် အသုံးဝင်လှသည့် နည်းလမ်းအဖြစ် သင်ကြားမှုနှင့် သင်ယူမှု မူဘောင် (Teaching and Learning Framework) ပြုလုပ် ထားခြင်းဖြစ်သည်။

ဤအပိုင်း (၃) ပိုင်းဖြစ်သည့် အကြံဉာဏ်ထွက်ပေါ်စေခြင်း၊ အဓိပ္ပာယ်ပုံဖော်ခြင်းနှင့် ပြန်လည်စဉ်းစားခြင်းတို့တွင် ဆရာသည် စာသင်ချိန်တွင် ပါဝင်လာမည့် အကြောင်းအရာကို ကျောင်းသားများ၏ အသိဟောင်းများနှင့် ချိတ်ဆက်ပေးသည်။ ထို့နောက် သူတို့သိချင်သော မေးခွန်းများ၊ သင်ယူမှု၏ ရည်ရွယ်ချက်များနှင့် ချိတ်ဆက်ပေးပါသည်။ ထိုမှတဆင့် ကျောင်းသားများ စူးစမ်းမေးမြန်းရန်နှင့် လေ့လာဖော်ထုတ်ရန် သို့မဟုတ် အကြောင်းအရာကို ကိုယ်တိုင်လုပ်ဆောင်၍ သ င်ယူလေ့လာရန်အပိုင်းသို့ ရှေ့ ဆက်စေပါ သည်။ ထို့နောက် ကျောင်းသားများ ဆွေးနွေးခြင်း၊ လေ့လာသိရှိရသည်တို့ကို ပြန်လည်သုံးသပ်ခြင်း၊ ပြန်လည်တင်ပြခြင်း သို့မဟုတ် ပြဿနာများကို ဖြေရှင်းခြင်းအပိုင်းသို့ အဆုံးသတ် ရောက်ရှိပါသည်။ RWCT သင်တန်းသည် တက်ရောက်သူများ ကို ဤအပိုင်းတစ်ခုစီတွင် အသုံးပြုရန် အတွက် သင်ကြားမှုနည်းစနစ်ပေါင်းများစွာကို သင်ယူစေပြီး အသုံးပြုစေပါသည်။ ကျောင်းသား၏သင်ယူမှုကို တိုးတက် စေရန်အတွက် နည်းစနစ်တစ်ခုစီသည် ဘယ်အချိန်နှင့် ဘယ်အခြေအနေတွင် အထိ ရောက်ဆုံး အသုံးပြု နိုင်မည်ကိုလည်း လေ့လာသင်ယူကြရပါသည်။

က။ အကြိုဉာဏ်ထွက်ပေါ်စေရန် အသုံးပြုသည့်နည်းစနစ်များ (Evocation Phase)

အကြိုဉာဏ်ထွက်ပေါ်စေရေးအပိုင်းတွင် အသုံးပြုသည့် နည်းစနစ်များသည် ဆွေးနွေးမည့်ခေါင်းစဉ်ကို မိတ်ဆက် ပေးပြီး ကျောင်းသားများထံမှ ၄င်းနှင့်ပတ်သက်သည့်မေးခွန်းများ ထွက်ပေါ်လာစေရန်လည်း အကူအညီပေးပါသည်။ ကိုယ်တိုင်လုပ်ဆောင်မှုလုပ်ငန်းများအပိုင်းသည် သင်ယူမှုလုပ်ငန်းတွင် ရှေ့နောက်ညီညွတ်စွာ သုတေသနပြုလုပ်၍ ဖော်ထုတ်မှုမှ ပေါ်ထွက်လာသော လုပ်ရပ်များဖြစ်ကြသည်။ ထို့ကြောင့် ကျောင်းသားများက 'ကျွန်ုပ်တို့မှာရှိထားပြီးသော အသိများနှင့်ချိတ်ဆက်၍ လေ့လာရလျှင်၊ ခေါင်းစဉ်တစ်ခုအပေါ် ကိုယ်တိုင်မေးခွန်းထုတ်ခွင့်ရလျှင်၊ သင်ယူမှု၏ ရည်ရွယ်ချက်ကို ကိုယ်တိုင် ချမှတ်ရလျှင် ကျွန်ုပ်တို့ အကောင်းဆုံးသင်ယူကြသည်' ဟု ပြောပြနေခြင်းပင်ဖြစ်ပါသည်။

(၁) ကြိုတင်စီစဉ်သူ (Advance Organizer)

ကြိုတင်စီစဉ်သူ (ဩဆုဘဲလ်၊ ၁၉၇၀) သည် ဗီဒီယို သို့မဟုတ် ရုပ်ပုံများ၊ ဂရပ် များဖြင့်ပုံဖော်ကာ ဆရာက ခပ်တိုတိုဟောပြောတင်ပြ၍ သင်ကြားမည့်ခေါင်းစဉ်ကို မိတ်ဆက်ပေးခြင်းဖြစ်ပါသည်။ ထို့နောက် ဆရာက အကြမ်းဖျင်းတင်ပြချက်မှ မသိမဖြစ်ဝေါဟာရများကို မိတ်ဆက်ရှင်းပေးပြီး စာသင်ချိန်အတွင်း ဆက်လက် လေ့လာရမည့် အရာများကို ဆွေးနွေး ကြပါသည်။ ဤနည်းစနစ်၏ ရည်ရွယ်ချက်မှာ သင်ခန်းစာခေါင်းစဉ်နှင့် ပတ်သက်၍ ကျောင်းသားများ၏ ရှိပြီးသားအသိကို ဆွဲခေါ်ရန်၊ ထိုအသိကို အစီစဉ်တကျဖြစ်စေပြီး အသိသစ်များထပ်ဖြည့်ဖို့ အသင့်ပြင်ပေးခြင်းဖြစ်ပါသည်။

(၂) ဦးတည်သော မေးခွန်းများ (Focusing Questions)

ကျောင်းသားများသိရှိထားပြီးသည်များနှင့် အတန်းက ဆက်လက်လေ့လာမည့်အရာများကို မေးမြန်းသော မေးခွန်းများသည် စာသင်ချိန်တစ်ချိန်ကိုစတင်ရာတွင် အမြဲတန်း အရေးကြီးလေ့ရှိသည်။ မေးခွန်းများသည် အဖြေရှာဖို့လိုအပ်နေသော ကြီးမားသည့် ပြဿနာကြီးများ သို့မဟုတ် ပဟေဠိများ ဖြစ်နိုင်ပါသည်။ ဖြစ်ရပ် တစုံတရာကိုပြော၍ စိတ်ဝင်စားဖွယ်မေးခွန်းတင်ခြင်းလည်းဖြစ်နိုင်ပါသည်။ ချိုးအမြင်နှင့် အသေး စိပ်အမြင်ကို ချိန်ဆ၍သာ မေးတတ်လျှင် ဗဟိုပြုသော မေးခွန်းများသည် အလွန်ထိရောက်ကြသည်။ ဥပမာအားဖြင့် သမိုင်းဘာသာရပ် သင်ကြားချိန် တစ်ချိန်တွင် ဆရာက အောက်ပါမေးခွန်းဖြင့် စတင်နိုင်ပါသည်။

"၁၈၄၉ ခုနှစ်ကာလတဝိုက်က ပြင်သစ်၊ အီတလီ၊ ဂရိနှင့် ရိုမေးနီးယားတိုင်းပြည်များတွင် စိတ်ကူးယဉ်ဆန်သည့် အပိုင်းလည်းရှိပြီး၊ အမျိုးသားရေးဆန်သည့်အပိုင်းလည်းရှိသော စိတ်ဓာတ်နိုးကြွမှုများရှိခဲ့ပါသည်။ အဘယ်ကြောင့်နည်း။"

(၃) စဉ်းစား / တွဲ / ဖလှယ် (Think / Pair / Share)

ဦးတည်သော မေးခွန်းများသည် ကျောင်းသားများအားလုံးက စဉ်းစားပြီး ဖြေဆိုရန်အတွက် ချိတ်ဆက်စီစဉ်၍ အသုံးပြုလျှင် ပို၍ထိရောက်ကြသည်။ စဉ်းစား/တွဲ/ဖလှယ် (ကာဂန်၊ ၁၉၉၀) နည်းကမူကား ပူးပေါင်း သင်ယူသော နည်းလမ်းတစ်ခုဖြစ်သည်။ ဆရာက အဖွင့်မေးခွန်းတစ်ခုကို သင်ပုန်းပေါ်မှာဖြစ်စေ ရေးသား၍ တင်ပေး ထားရသည်။ ကျောင်းသားများအနေနှင့် (၂) မိနစ်ခန့်အချိန်အတွင်း ကိုယ်စီအဖြေရှာရသည်။ တခါတရံတွင် အဖြေကို ချရေးခိုင်းတတ်သည်။ ပြီးလျှင် အချင်းချင်း အဖြေများဖလှယ်ကြသည်။ ထို့နောက် ဆရာက ကျောင်းသား နှစ်တွဲ၊ သုံးတွဲခန့်ကို ဖိတ်ခေါ်၍ သူတို့၏အဖြေများအား မျှဝေခိုင်းသည်။ ထို့နောက် ထိုနေ့၏သင်ခန်းစာကို စတင်ကြပါသည်။ စဉ်းစား/တွဲ/ဖလှယ် လုပ်ငန်းသည် ကျောင်းသား ရာဂဏန်းရှိသော အတန်းပင်ဖြစ်စေ ကျောင်းသားတစ်ဦးချင်းစီက သင်ခန်း စာအကြောင်းအရာတွင် စိတ် ဝင်စားလာပြီး မိမိ၏အဖော်နှင့် ဆွေးနွေးရသည်ကို နှစ်သက်ကြသည်။

(၄) ကြိုတင်မှန်းဆရန် လမ်းညွှန်ချက် (Anticipation Guide)

သင်ခန်းစာခေါင်းစဉ်ကို တီးခေါက်မိနိုင်မည့် မေးခွန်းနှင့် (မှား/မှန်) အဖြေတိုကလေးများကို ဆရာက ကြိုတင် စီစဉ်ထားပေးရသည် (အက်စ်တက်စ်နှင့် ဗော်ဂန်-၁၉၈၆)။ သင်ခန်းစာကို အကောင်းဆုံးစတင်မှုအဖြစ် ကျောင်းသားများကို တစ်ဦးချင်းဖြစ်စေ၊ နှစ်ယောက်တွဲဖြစ်စေ မေးမြန်းပြီး မေးခွန်းများကို တတ်နိုင်သမျှ အကောင်းဆုံးဖြေဆိုရသည်။ သင်ခန်းစာပြီးဆုံးချိန်တွင်လည်း မိမိတို့၏ အသိပြောင်းလဲသွားပုံကို မြင်စေရန် အတွက် မေးခွန်းများကို တကြိမ် ပြန်ကြည့်စေပါသည်။

(၅) နှစ်ဦးတွဲ၍ အကြံဉာဏ်ထုတ်ခြင်း (Paired Brainstroming)

အချက်အလက်များကို မျှဝေမည့်အချိန်များ တွင် ကျောင်းသားများအား ထိုတနေ့တာသင်ခန်းစာ၏ ခေါင်းစဉ်နှင့် ပတ်သက်၍၊ သူတို့သိထားသည်များ၊ သိသည်ဟု ထင်နေသော အချက်များကို ကိုယ်ပိုင်စာရင်းပြုလုပ်စေနိုင်ပါသည် (ဗက်ကာနှင့် ဗက်ကာ၊ ၁၉၈၆)။ နှစ်မိနစ်ကြာလျှင် အတန်းဖော်တစ်ဦး နှင့် အချက်အလက်များကို ပူးပေါင်းကြရသည်။

(၆) အတွေးအခေါ်များကို အုပ်စုတွဲ၍ ဖော်ပြခြင်း (Clusters)

အကြောင်းအရာ / အဓိပ္ပာယ် ချိတ်ဆက်သည့် စားလုံးများအား ကွန်ယက်တစ်ခုပုံဖြင့် တွဲဆက်၍ ပုံဖော်ခြင်းသည် ကျောင်းသားကျောင်းသူများအား စိတ်ကူးများ၏ဆက်စပ်မှုကို မြင်သာစေပါသည် (စတီးလ်နှင့် မဲရဒစ်သ်)။ ဆရာက ခေါင်းစဉ်ကို သင်ပုန်း၏အလယ်တွင် ချရေးပေးပြီး ၎င်း၏ အရံခေါင်းစဉ်များကို စာရင်းလုပ်ကာ ဘေးမှ ဝိုင်းရံ ချိတ်ဆက် ပေးလိုက်သည်။ ထိုအရံခေါင်းစဉ်များနှင့် ဆက်စပ်သောအချက်များကို ကျောင်းသားများကို သိသမျှ အကြံဉာဏ်ထုတ်ကာ ပါဝင်ရန်နှင့် သူတို့မသိသေးသည့်အပိုင်းများကို မေးခွန်းထုတ်ကာ ပါဝင်ကြစေပါသည်။ ထိုမေးခွန်းများသည် သူတို့ရှေ့ဆက်၍ စူးစမ်းလေ့လာရန်အတွက် ရည်ရွယ်ချက်များကိုပေးပါလိမ့်မည်။ စကားလုံးကွန်ရက် ပုံ တစ်ခုကို အောက်တွင် နမူနာပြထားသည်။



(၇) လွတ်လပ်စွာ တွေးခေါ်ရေးသားခြင်း (Free Write)

အကြံဉာဏ်ထုတ်စေခြင်း (Brainstroming) အစား ကျောင်းသားများကို အချိန်တစ်ခုသတ် မှတ်ပေးကာ သင်ခန်းစာ ခေါင်းစဉ်နှင့်ပတ်သက်၍ ခေါင်းထဲရှိသမျှကို လက်တန်းရေးခိုင်းနိုင်ပါသည် (အယ်ဘိုး၊ ၁၉၉၁)။ မရပ် မနားနှင့် အမှားပြင်ခြင်းများမပြုလုပ်ပဲ တောက်လျှောက်ရေးစေပါသည်။ သင်ခန်းစာကို ကျကျနနသင်ကြားပြီးချိန်မှာလည်း တစ်ကြိမ်ထပ်မံ၍ လက်တမ်းရေးခိုင်းနိုင်ပါသည်။

(၈) စကားလုံးများကြိုတင်ပေးခြင်း (Terms in Advance)

ဆရာက သင်ခန်းစာတွင် သုံးစွဲမည့် အဓိကစကားလုံးများကို အစုလိုက် ပြသထားပြီး ၎င်းတို့၏အဓိပ္ပာယ်များနှင့် ၎င်းတို့၏ ကြားက ဆက်နွယ်မှုများကို စဉ်းစားခိုင်းနိုင်ပါသည်။ ထိုစကား လုံးများ၏ အဓိပ္ပာယ် ဆက်စပ်မှုသည် ရှေ့ဆက်မည့်သင်ခန်းစာတွင် မည်သို့ပေါင်းစပ်ပါဝင်လာနိုင်သနည်း။

၁။ အဓိပ္ပာယ်ပုံဖော်ခြင်းအပိုင်းအတွက် နည်းဗျူဟာများ (Realization of Meaning Phase)

အဓိပ္ပာယ်ပုံဖော်ခြင်းဟူသောဝေါဟာရမှာ သင်ခန်းစာအကြောင်းအရာကို ကျောင်းသားများ မိမိရရဆုပ်ကိုင်မိလာ သည့် RWCT လုပ်ငန်းစဉ်ထဲကအပိုင်းကို ခေါ်ဆိုခြင်းဖြစ်ပါသည်။ ဝေါဟာရပါ စကားအတိုင်းပင် ကျောင်းသားများက သင်ခန်းစာပါအကြောင်းအရာကို အပြုခံသဘောဖြင့်လက်ခံယူကြခြင်းမဟုတ်ပဲ မိမိသိလိုသော မေးခွန်းများ၏ အဖြေအဖြစ်၊ သို့မဟုတ် သင်ယူလေ့လာလိုသောရည်ရွယ်ချက်ကို ရောက်ရှိမှုအဖြစ်ဖြင့် အသိကို ကိုယ်တိုင်တည်ဆောက် ယူကြရခြင်းဖြစ်ပါသည်။ ထို့ကြောင့်ပင် အဓိပ္ပာယ်ပုံဖော်ခြင်း ဟူသောဝေါဟာရသည် နားလည်သဘောပေါက်ခြင်း၊ အသိ တည်ဆောက်ခြင်း၊ စူးစမ်းလေ့လာခြင်းနှင့် အလားတူသောအဓိပ္ပာယ်များကို ဆောင်နေပါသည်။ ထိုအဆင့်တွင် အသုံးပြုနိုင်သော နည်းစနစ်များ မှာလည်း ကျောင်းသားများ ကိုယ်တိုင်လုပ်ဆောင်ရသော နည်းလမ်းများပင်ဖြစ်ကြပါသည်။

(၉) ရုပ်ပုံကားချပ်ဇယားများဖြင့် ဖော် ပြခြင်း (Graphic Organizers)

Graphic Organizer သည် ERR အဆင့်တိုင်းတွင် တွင်သုံးနိုင်သော နည်းစနစ်ဖြစ်သည်။ သင်ကြားမှုဖြစ်စဉ်တိုင်းတွင် အသုံးပြု၍ အယူအဆများနှင့် စိတ်ကူးစိတ်သန်းကြားမှ အကျိုးအကြောင်း အဆက်အစပ်များကို ရုပ်ပုံများဖြင့် ဖော်ပြခြင်းဖြစ်သည်။ Discussion Web, Venn-Diagram, Clustering နည်းတို့သည် Graphic Organizer ပုံစံများပင်ဖြစ်သည်။ စိတ်ထဲတွင်ရှိသော အကြံဉာဏ်များကို အစီစဉ်တကျဖော်ပြရာတွင် ကျောင်းသားများ၏ တုံ့ပြန်ချက်များကို ကားချပ်၊ ဇယားများဖြင့် တီထွင်ဖန်တီး တတ်စေရန် ရည်ရွယ်သည်။

(၁၀) အရှိန်မြှင့်ထားသော ပို့ချချက် (Enhanced Lecture)

ပို့ချချက်တွေဟာ များသောအားဖြင့် သိပ်ပြီးအသုံးမဝင်ဘူးလို့ သတ်မှတ်ကြပါတယ်။ ဒါပေမဲ့ ကျောင်းတွေမှာ အလွန်အသုံးများ၊ အသုံးဝင်တဲ့နည်းလမ်းဖြစ်ပါတယ်။ ဆိုးကျိုးတွေကတော့ ကျောင်းသားတွေက သတင်းအချက် အလက်ကို လက်ခံသူသက်သက်ဖြစ်နေခြင်းနဲ့ အကြာကြီး အာရုံစူးစိုက်နားထောင်နိုင်ခြင်း မရှိခြင်းတို့ပါဘဲ။ (၁၀) မိနစ် လောက်သုံးရင် အနေတော်ပါဘဲ။ Enhanced Lecture ကို အောက်ပါ အချက်တွေကြောင့် အသုံးပြုသင့်ပါတယ်။

၁။ သင်ယူမှုမစခင်မှာ ပို့ချချက်ကို စိတ်ဝင်စားအောင်လုပ်ခြင်းဟာ ကျောင်းသားရဲ့သိလိုစိတ်ကို နှိုးဆွတယ်။

၂။ အခြားအသုံးပြုစရာဖတ်စရာမရှိတဲ့အခြေအနေ၊ လေ့လာစူးစမ်းမှုတွေလုပ်ဖို့ အဆင်သင့်မဖြစ်သေးတဲ့ အခြေ အနေမျိုးမှာ သုံးလို့ရပါတယ်။

၃။ လေ့လာစူးစမ်းမှုကို နားထောင်ခြင်းက တဆင့်လုပ်လို့ ရပါတယ်။

၄။ ကျောင်းသားရဲ့အသိဉာဏ်အဟောင်းက စာအုပ်စာတမ်းဖတ်ဖို့ မလုံလောက်သေးတဲ့ အခြေအနေမျိုးမှာလည်း သုံးလို့ ရပါတယ်။

(၁၁) အပြန်အလှန်သင်ကြားခြင်း (Reciprocal Teaching)

အပြန်အလှန်သင်ကြားခြင်းသည် အဖွဲ့ငယ်များဖြင့် လုပ်ဆောင်နိုင်သော စုပေါင်းသင်ယူခြင်း ဖြစ်သည်။ အဖွဲ့လိုက် အပြန်အလှန် သင်ကြားခြင်း အားဖြင့် ဖတ်စာမှ အချက်အလက်များ ထုတ်ယူနိုင်ခြင်း၊ အရေးပါသော အယူအဆကို ရှာဖွေခြင်း၊ အတွေးအခေါ်အယူအဆ နှင့် အသေးစိပ် အချက်အလက်များကြား ဆက်နွယ်မှုကို တွေ့ရှိခြင်း နှင့် ဖတ်စာ၏ တည်ဆောက်ပုံကို နားလည်ခြင်း တို့ဖြစ်သည်။ အပြန်အလှန်သင်ကြားခြင်းကို အောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက် နိုင်သည်။ ဆရာက ဦးစွာ သရုပ်ပြခြင်းဖြင့် စတင်သင့်သည်။

၁။ သင်တန်းသားနှစ်ဦးစီ တွဲ၍ ဆောင်ရွက်နိုင်သည်။ သင်ခန်းစာကို နှစ်ဦးစလုံး အတူဖတ်ပြီးနောက် ပထမစာပိုဒ်အတွက် တစ်ဦးက အကျဉ်းချုပ်သူ၊ နောက်တစ်ဦးက အဆင့်မြင့်မေးခွန်းမေးသူအဖြစ် ဆောင်ရွက်သည်။ ဒုတိယ ပိုင်းကို တာဝန်ခွဲ၍ အထက်ပါနည်းအတိုင်း ဆောင်ရွက်သည်။

၂။ ဖတ်စာကို လေးပိုင်းခွဲပြီး လေးဦးတွဲ၍လည်း ဆောင်ရွက်နိုင်သည်။ ဖတ်စာ ပထမပိုင်းကို အားလုံးအတူဖတ်၊ ပထမလူက အကျဉ်းချုပ်သူ၊ ဒုတိယလူက အဆင့်မြင့် မေးခွန်းမေးသူ၊ တတိယလူက ရှင်းလင်းတင်ပြသူ (Clarifier)၊ စတုတ္ထလူ က ခန့်မှန်းသူ (Predictor) အဖြစ် ဆောင်ရွက်သည်။ ဖတ်စာ၏ အခြားအပိုင်းများကို ဖတ်ရာတွင် အဖွဲ့ဝင်များ အလှည့် ကျ တာဝန်ခွဲဝေ၍ အထက်ပါနည်းအတိုင်း ဆောင်ရွက်သည်။

(၁၂) စာရေးသူကိုမေးမြန်းခြင်း (QtA)

ဘာသာရပ်ဆိုင်ရာဖတ်စာတွေကကျောင်းသားတွေကိုနားလည်ဖို့လုပ်ရာမှာ ရည်ရွယ်ချက်အထမမြောက်ပါဘူးလို့ (၁၀) နှစ်ကြာ သုတေသနတွေကပြောပါတယ်။ တစ်ခါတလေ တင်ပြချက်တွေဟာမရှင်းလင်းဘူး။ ဉပမာလုံလုံလောက်လောက် မပါဘူး။ ကျောင်းသားတွေဟာ အကြောင်းအရာနဲ့ပက်သက်ပြီး နောက်ခံအသိမရှိပေမဲ့ သိနေတယ်လို့ ယူဆတတ်ပါတယ်။ ပိုဆိုးတာက ကျောင်းသားတွေက အဲဒီနောက်ခံအသိမရှိတာ မိမိတို့အပြစ်ကြောင့် လို့ ထင်ပါတယ်။ အဲဒါ တွေကိုဖြေရှင်းဖို့ ဒီနည်းလမ်းကို အသုံးပြုဖို့ ဖြစ်လာတာပါ။

QTA ဆိုတာသင်ခန်းစာနဲ့ပက်သက်ပြီး၊ ကျောင်းသားတွေကို မသိတာတွေနဲ့ ဖတ်စာနဲ့ ပက်သက်ပြီး ယေဘုယျရှင်းဖို့ လိုတယ်ဆိုတာတွေကို သတိပြုမိစေတယ်။ ဖတ်စာကိုပိုနားလည်စေဖို့ မေးခွန်းတွေမေးစေတယ်။ ဒီနည်းနဲ့သုံးတဲ့ အခါ စာဖတ်နည်းမတူတဲ့အချက်တွေက စာဖတ်နေတုန်း စာရေးဆရာကို စဉ်းစားစေတယ်။

QTA ရဲ့ရည်ရွယ်ချက်က စာဖတ်သူကို စာရေးသူနဲ့ ဆွေးနွေးမှု (၂) မျိုးလုပ်ဆောင်တယ်။ပထမတစ်ခုက စာဖတ်နေတယ်။ နောက်တစ်ခု ကစာရေးဆရာ (သို့မဟုတ်) အများနဲ့စကားပြောနေတာကို မြင်စေတယ်။ ဖတ်စာကို မှတ်မိယုံမက ပြောချင်တာတွေကိုလည်း တကယ်နားလည်စေပါတယ်။ ကိုယ်တိုင်နားလည်ဖို့ စဉ်းစားခိုင်းတယ်။ ကိုယ်ကိုကိုယ် အဓိပ္ပါယ်တည်ဆောက်လာနိုင်တယ်။ မေးခွန်းတွေ မေးတဲ့အ ခါ အဓိပ္ပါယ်ကို အလေးအနက်မေးတဲ့ မေးခွန်းတွေ ထွက်လာနိုင်တယ်။

QtA ကို အောက်ပါ လုပ်ငန်းစဉ်မျိုး လုပ်ဆောင်နိုင်ပါတယ်။

၁။ စာကိုကြိုဖတ်ထားပြီး ရှုပ်ထွေးနိုင်မဲ့နေရာနဲ့ အဓိကနားလည်ရမဲ့နေရာတွေကို ရှာထားရပါမယ်။

၂။ အရေးကြီးတဲ့ အတွေးအခေါ်နဲ့ ကောက်ယူချက်ကို နားလည်ဖို့အတွက် သင့်တော်တဲ့နေရာတွေမှာ ရပ်ဖို့ စီစဉ်ပါ။

၃။ သင်ခန်းစာတစ်ပုဒ်ချင်းရပ်တဲ့ နေရာတိုင်းမှာ ကျောင်းသားတွေက တစ်ယောက်နဲ့တစ်ယောက် မေးခွန်းထုတ်ဖို့ ပြင်ဆင်ပါ။

QTA အတွက် နမူနာမေးခွန်းများ။
ဒီနေရာမှာ စာရေးဆရာက ဘာပြောချင်တာလဲ၊
စာရေးဆရာ အဓိကပြောချင်တဲ့အချက်က ဘာလဲ၊
ဒီနေရာမှာ စာရေးဆရာက ဘာဆိုလိုတာလဲ၊
စာရေးဆရာ အရင်ကပြောထားချက်အရဆိုရင်ဒါက အဓိပ္ပါယ်ရှိလား၊
စာရေးဆရာ ဒီမှာပြောထားတာနဲ့ ဘယ်လိုဆက်စပ်လဲ၊
တခုခုပြောင်းလဲသွားပြီဆိုတာ စာရေးဆရာကဘယ်လိုအသိပေးလဲ၊
ဒီဇာတ်ကောင်နဲ့ ပတ်သက်ပြီးစာရေးဆရာက ပြောပြချက်အရ (ဒီဇာတ်ကောင်) ဘာလုပ်နေတယ်ထင်သလဲ။

(၁၃) သိပြီး၊ သိလို၊ သိလာ (KWL)

KWL နည်းသည် ကျောင်းသားများအား သင်ခန်းစာခေါင်းစဉ်များနှင့် ပတ်သက်ပြီး သူတို့သိပြီးသား အချက်အလက်များကို ပြန်လည်သတိရစေပြီး၊ ထိုသင်ခန်းစာ အကြောင်းမေးခွန်းမေးခြင်း၊ ထိုမေးခွန်းအဖြေများကို ရှာဖွေစေခြင်း ပြုလုပ်စေသည်။ ကျောင်းသားများသည် -

၁။ သူတို့သိထားပြီး အချက်အလက်များကို ပြန်သတိရသောအခါ

၂။ မေးခွန်းများမေးသောအခါ

၃။ အသစ်ရရှိသောအသိပညာဗဟုသုတကိုအတည်ပြုသောအခါ ပိုမိုကောင်းမွန်စွာ သင်ယူတတ်မြောက်သည်။

KWL နည်းသည် အဆိုပါအချက် သုံးမျိုးစလုံးကို လုပ်ဆောင်ရန် စီစဥ် ပေးသည်။

ဘာတွေသိထားလဲ	ဘာတွေသိချင်လဲ	ဘာတွေသင်ယူရရှိသလဲ

(၁၄) နှစ်ဦးတွဲဖတ် / နှစ်ဦးတွဲအကျဉ်းချုံး (Paired Reading / Paired Summarizing)

စုပေါင်းသင်ယူမှုနည်းများကဲ့သို့ ဤနည်းသည် ကျောင်းသားများကို မိမိတို့တစ်ဦးချင်းဖြစ်စေ၊ အချင်းချင်းထံမှဖြစ်စေ သင်ယူမှုတွင်ကိုယ်တိုင်ကိုယ်ကျ ဦးဆောင်ပါဝင်စေသောနည်းဖြစ်သည်။ စဉ်းစားနည်းအမျိုးမျိုးကို အားပေးရန်ရည်ရွယ်ပြီး နားလည်သဘောပေါက်မှုကို အဓိကအားပေးသောနည်းဖြစ်သည်။

(၁၅) လေ့လာရန် လမ်းညွှန်များ (Study Guides)

လေ့လာရန်လမ်းညွှန်တွေဟာ ဆရာတွေမရှိတောင်မှ သင်တန်းသားတွေဟာ ဖတ်ခိုင်းထားတဲ့ဖတ်စာကို ကိုယ့်ဟာကိုယ် ဖတ်နေချိန်မှာ သူတို့ရဲ့လေ့လာမှုနည်းစဉ်ကို အထောက်အကူပေးပါတယ်။ လေ့လာရန်လမ်းညွှန်ဟာ ရေးထားတဲ့ စာထဲမှာ ဆက်စပ်နေတဲ့အတွေးအခေါ်တွေကိုသင်တန်းသားတွေ တစ်ပုဒ်လုံးဖတ်နေရင်တောင် ဂရုပြုမိစေပြီး ဖတ်ပြီး တဲ့အခါ ဆွေးနွေးပွဲငယ်တွေ ပြုလုပ်ဖို့ အထောက်အပံ့ပေးပါတယ်။ ဝေဖန်ပိုင်းခြားစဉ်းစားမှု ကို မြှင့်တင်ဖို့ရာ အောက်ပါ လုပ်ငန်းစဉ်မှာပါတဲ့ လေ့လာရန်လမ်းညွှန်တွေက ထိရောက်ပါတယ်။

၁။ သင်တန်းသားတွေကို ရှုပ်ထွေးတဲ့အတွေးအခေါ်တွေ (သို့မဟုတ်) ကိုယ့်ဟာကိုယ်ကောက်ချက်ချဖို့ ခဲယဉ်းတဲ့ အ

၂။ တွေးအမြင်ကလေးတွေနားလည်ဖို့ အထောက်အကူပေးပါတယ်။ စာကိုသေသေချာချာ ဖတ်တာကိုတော့ အစား မထိုးပါဘူး။

၃။ အဆင့်တိုင်းမှာ ဝေဖန်ပိုင်းခြားစဉ်းစားခြင်းသို့ အဆင့်မြှင့်စဉ်းစားခြင်းလုပ်စေပါတယ်။

၄။ သူ့ကိုသုံးကိုသုံးရမယ်ဆိုတဲ့ ရည်ရွယ်ချက်တစ်ခုတည်းအတွက်မဟုတ်ပဲ ဆွေးနွေးပွဲ (သို့မဟုတ်) စာရေးဖို့ စပေးလိုက်ဖို့ သုံးပါတယ်။

(၁၆) နှစ်ပိုင်းပါ မှတ်တမ်း (Duel-Entry Diaries)

တစ်ဦးတည်း စာဖတ်ရာတွင် စာကိုဂရုတစိုက်ဖတ်စေရန် နှင့် စာနှင့်ချိတ်ဆက်၍ ပေါ်လာသော အတွေးကို ချရေးနိုင်ရန် ပြင်ဆင်ထားသော လွယ်ကူသည့် နည်းလမ်း ဖြစ်သည်။ ကဗျာဖတ်ရာတွင် အသုံးဝင်သည်။

မူလစာပိုဒ်	ဝေဖန်ချက်၊ ခံစားချက်၊ သုံးသပ်ချက်

(၁၇) အခြားတုံ့ပြန်ချက်များအတွက် ဂျာနယ် (Other Response Journals)

ဆရာပေးသော အကြောင်းအရာ / မေးခွန်း ပေါ်တွင် ကျောင်းသားများ၏ တုံ့ပြန်ချက်ကို ဖော်ပြရန်အတွက် သုံးသော နည်းစနစ် ဖြစ်သည်။ ဥပမာ -

"သင်ခန်းစာထဲတွင် သင်သဘောမတူသော အတွေးအခေါ်အယူအဆ သုံးခုကို ဖော်ပြပါ။"

"စာရေးဆရာ ဖုံးကွယ်ထားသော အချက်ကို ရှာပါ။"

အဆိုပါ မေးခွန်းများအတွက် ကျောင်းသားများ၏ တုံ့ပြန်ချက်များကို ဂျာနယ်ထဲတွင် ရေးသားသွင်းသည်။

(၁၈) ဂျစ်ဆောနည်းဖြင့် စုပေါင်း စာဖတ်ခြင်း (Jigsaw Reading)

လေ့လာသင်ယူရမည့် အကြောင်းအရာအပေါ် ဆရာက မေးခွန်းများ ပြင်ဆင်ထားမည်။ ကျောင်းသားများကို အရေအတွက် တူညီစွာပါဝင်သည့် မူလအဖွဲ့များ (Home Groups) ဖွဲ့ပေးမည်။ မေးခွန်း တစ်စုံစီအတွက် မူလအဖွဲ့အသီးသီးမှ တစ်ယောက်စီ ပါဝင်သော ကျွမ်းကျင်အဖွဲ့များ (Expert Groups) ဖွဲ့ကာ စုပေါင်းလေ့လာစေမည်။ ထို့နောက် မူလအဖွဲ့သို့ ပြန်၍ မိမိတို့ ကျွမ်းကျင် တတ်မြောက်ခဲ့သည့် အကြောင်းအရာများကို တစ်ယောက်တစ်လှည့် မျှဝေကြမည်။

မှတ်ချက်။ ဂျစ်ဆော (၁) နှင့် ဂျစ်ဆော (၂) တို့ကို သရုပ်ပြရန်။

(၁၉) သင်္ကေတမှတ်၍ စာဖတ်ခြင်း (INSERT)

ကောင်းမွန်စွာဆင်ခြင်သုံးသပ်သော စာဖတ်ခြင်းရရှိရန်၊ မေးခွန်းများဖြင့် ဆက်စပ်ပေးရန် နှင့် မိမိသင်ယူရရှိမှုကို ခိုင်မာစေရန်၊ ဤစာဖတ်နည်းကို အသုံးပြုသည်။

၁။ စာပိုဒ်တွင်သိပြီးသားအကြောင်းအရာများကို (√) သင်္ကေတဖြင့်အမှတ်အသားပြုမည်။

၂။ အရင်ကမသိဘူး၍ ယခုမှသိသောအသိသစ်များကို (+) သင်္ကေတပြုမည်။

၃။ မိမိသိထားသောအကြောင်းအရာများနှင့် ကွဲလွဲသောအကြောင်းအရာများတွေ့ရှိပါက (-) သင်္ကေတ ပြုမည်။

၄။ မိမိတို၏အသိပေါင်းကိုစိတ်ရှုပ်ထွေးစေသော၊ နားမလည်ဖြစ်စေသော စာပိုဒ်များကို (?) ပြုမည်။

မိမိတို့၏ မှတ်တမ်းအချက်အလက်ကို ဇယားဆွဲ၍ တခြားအတန်းဖော်များဖြင့် ဖလှယ်ဝေမျှမည်။

INSERT ဇယား

√	+	--	?

ဂ။ ဆင်ခြင်စဉ်းစားခြင်းအပိုင်းတွင် အသုံးပြုသော နည်းစနစ်များ (Reflection Phase)

ဆင်ခြင်စဉ်းစားခြင်းအပိုင်းဟု ကျွန်ုပ်တို့ အကြမ်းဖျင်းခေါ်ဝေါ်ကြသည့် RWCT လုပ်ငန်းအပိုင်းသည် ပီယာဂျေးက အသိကို နေရာတကျဖြစ်စေခြင်း (Accommodation) ဟုရည်ညွှန်းသောအပိုင်းပင်ဖြစ်ပါသည်။ တစုံတရာ အကြောင်း သင်ယူမှု နှင့်ပတ်သက်၍ကျွန်ုပ်တို့၏ လောကအမြင်ကို အသိသစ်နှင့် ဆက်စပ်စဉ်းစားမှုမလုပ်နိုင်သေးသ၍ ကျွန်ုပ်တို့ အမှန်တကယ်သိမှု မဖြစ်ကြသေးပေ။ မိမိ၏ယူဆချက်များအပေါ် မိမိ၏ အတွေးဟောင်းများနှင့် နှိုင်းယှဉ် လျက် ပြန်လည်ဆင်ခြင်ပြီး အသိသစ်များကို အသုံးပြုနိုင်သောအခါ၊ အဓိပ္ပာယ်ဖွင့်ဆိုနိုင်သောအခါ၊ တုန့်ပြန် ငြင်း ခုန်နိုင် သော အခါ၊ ခြံထွင်ရှင်းပြနိုင်သောအချိန် မျိုးမှသာ တကယ်သိမှုဖြစ်ပေါ်ပါသည်။ ဆင်ခြင်စဉ်းစားခြင်းအပိုင်းတွင် အသုံးပြုသော လှုပ်ရှားမှုများသည် ဆွေးနွေးမှုနှင့် ငြင်း ခုန်မှုပါဝင်သော နည်းစနစ်များဖြစ်ကြပါသည်။

(၂၀) ဖလှယ်စူးစမ်းခြင်း (Shared Inquiry)

ဖလှယ်စူးစမ်းခြင်းနည်းကို The Great Book Foundation က လွန်ခဲ့သော နှစ်ပေါင်း (၅၀) ကျော်က စတင် မိတ်ဆက် ခဲ့သောနည်းဖြစ်သည်။ ဖလှယ်စူးစမ်းခြင်း နည်းသည် ဆရာကကျောင်းသားများအား စာပေလက်ရာတစ်ခုကိုပိုပြီးလေး နက်စွာ ဆွေးနွေးရန် ဦးဆောင်စေသောနည်းတစ်မျိုးဖြစ်သည်။

သို့သော် ကွဲပြားသောအမြင်အယူဆများကိုလည်း ခွင့်ပြုသည်။ ဖလှယ်စူးစမ်းခြင်းနည်းသည် အတန်းထဲတွင် တကယ့် ကို အားတက်သရော ဆွေးနွေးရန် စိတ်ကိုလှုံ့ဆော်ပေးနိုင်သည့် နည်းဖြစ်သည်။ ကျောင်းသားများက စိတ်တက်ကြွစေ သော ဖတ်စာကိုဖတ်သောအခါဖြစ်စေ ဆရာကိုယ်တိုင် အမှားအမှန် အဖြေ မသိသော မေးခွန်းကို ကျောင်းသား များ အား မေးသောအခါဖြစ်စေ၊ ကျောင်းသားများ၏ မတူညီသော အဖြေများကို လက်ခံပြီး တစ်ဦးနှင့်တစ်ဦး အချေအတင် ဆွေးနွေးသည့်အခါဖြစ်စေ၊ နောက်ဆက်တွဲအနေဖြင့် လေးနက်စွာ စဉ်းစားမှုကို ဖြစ်စေသည်။

(၂၁) စုပေါင်းသင်ယူခြင်း နိဒါန်း (An Introduction to Cooperative Learning)

စုပေါင်းသင်ယူခြင်းနည်းတွင် ကျောင်းသားသည် မိမိ၏ သင်ယူမှုကိုအာမခံသလို အတန်းဖော်သူငယ်ချင်းများ၏ သင်ယူ မှုကိုလည်း တာဝန်ယူသည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် သင်ယူမှုကို အားပေးကူညီသည်။ စုပေါင်းသင်ယူရာတွင် သင်ယူသူအသိုင်းအဝိုင်း၏ သဘောတူညီချက်များ (Community Agreements) ထားရှိကြသည်။ အဆိုပါ သဘောတူ ညီချက်များမှာ -

၁။ လူတိုင်းပါဝင်သည်၊ မည်သူတစ်ဦးတစ်ယောက်ကမျှ လွှမ်းမိုးမှု မရှိစေရ။

၂။ ဆွေးနွေးပြောဆိုသော အကြောင်းအရာများသည် ဆီလျှော်မှု ရှိရမည်။

၃။ ဂရုတစိုက် နားထောင်ရမည်။

၄။ တစ်ဦးကိုတစ်ဦး ကူညီရမည်။

စုပေါင်းသင်ယူသည့် အဖွဲ့အတွင်း တာဝန်ခွဲဝေသတ်မှတ်ထားကြပြီး အလှည့်ကျ ဆောင်ရွက်သည်။ ကျောင်းသား (၅) ယောက် ပါဝင်သည့် အဖွဲ့အတွင်း တာဝန်ခွဲဝေ သတ်မှတ်သည့် နမူနာတစ်ခုမှာ -

ညှိနှိုင်းသူ	အဖွဲ့သားအားလုံး ပါဝင်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းပေးသူ
အချိန်စီမံခန့်ခွဲသူ	အဖွဲ့သားများ တာဝန်ယူသည့်အလုပ်ကို အချိန်မီ ပြီးရန် ဆော်ဩသူ
ရှင်းလင်းတင်ပြသူ	အဖွဲ့သားများ ဆောင်ရွက်ရမည့် တာဝန်များကို ရှင်းလင်းတင်ပြသူ
မှတ်တမ်းတင်သူ	ဆွေးနွေးပွဲ မှတ်တမ်းများနှင့် တွေ့ဆုံမေးမြန်းချက်များကို မှတ်တမ်းတင်သူ
အစီရင်ခံတင်ပြသူ	အဖွဲ့၏ ဆောင်ရွက်ချက်နှင့် တွေ့ရှိချက်များကို တတန်းလုံးကို အစီရင်ခံ တင်ပြသူ

(၂၂) ဆွေးနွေးပွဲ ကွန်ရက် (Discussion Web)

ဆွေးနွေးပွဲကွန်ရက်သည် ကျောင်းသားများကိုယ်တိုင် ဦးဆောင်ဆွေးနွေးသည့် စုပေါင်းသင်ယူခြင်း ဖြစ်သည်။ ကျောင်းသားတစ်ဖွဲ့လျှင် ၂ ယောက် သို့မဟုတ် ၄ ယောက် ပါဝင်နိုင်သည်။ ဆရာက Yes or No အဖြေနှစ်မျိုးထွက်သည့် မေးခွန်း (Binary Question) ပြင်ဆင်၍ ဆွေးနွေးပွဲကွန်ရက်ကို အောက်ပါအတိုင်း ပြုလုပ်နိုင်သည်။

	ဆွေးနွေးပွဲကွန်ရက်	
သဘောတူသည်	အစိုးရသည် မြန်မာနိုင်ငံအတွင်းရှိ လူနည်းစု အားလုံး၏ ဘာသာစကားများကို ထိန်းသိမ်းသင့်သည်။ နိဂုံးချုပ်ချက်	သဘောမတူပါ

အဖွဲ့အသီးသီးတွင် တစ်ဝက်က သဘောတူသည့် အဖြေအတွက် အကြောင်းပြချက်များ ချရေးမည်။ ကျန်တစ်ဝက်က သဘောမတူသည့် အဖြေအတွက် အကြောင်းပြချက်များ ချရေးမည်။ ထို့နောက် အခြား အဖွဲ့များသို့ သွား၍ "သဘောတူ" အချင်းချင်း အကြောင်းပြချက်များ ညှိနှိုင်းမည်။ "သဘောမတူ" အချင်းချင်းလည်း အကြောင်းပြချက်များ ညှိနှိုင်းမည်။ ထို့နောက် မိမိအဖွဲ့သို့ပြန်၍ ဘက်နှစ်ဖက်မှ အကြောင်းပြချက်များကို ဆွေးနွေးညှိနှိုင်းကြပြီး နိဂုံးချုပ်ချက်ကို တိုင်ပင်ရေးသားမည်။ အဖွဲ့အသီးသီးက သူတို့၏ နိဂုံးချုပ်ချက်များကို အတန်းသို့ တင်ပြမည်။

(၂၃) ပညာရှင်များ ငြင်းခုံဆွေးနွေးခြင်း (Academic Controversy)

ကျောင်းသားများအား အကြောင်းအရာ တစ်ရပ်၏ အမြင် တစ်ဘက်စီမှ အချေအတင် ပြောဆိုကြရန် ဦးတည်သော စုပေါင်း **သင်ယူမှု လုပ်ဆောင်ချက်ဖြစ်သည်။**

ရပ်တည်မှုတစ်ခုတွင်နေရာယူပြီးအကျိုးအကြောင်း အထောက်အထားများဖြင့် ကာကွယ်ပြောဆိုခြင်းသည် ဒီမိုကရေစီ လူ့အသိုင်းအဝိုင်း၏ မရှိမဖြစ်လိုအပ်သော ကျွမ်းကျင်မှုဖြစ်သည်။ မိမိ၏ခံယူချက် သဘောထားနှင့် ဆန့်ကျင်ဘက် ဖြစ်နေသော အဆိုများကို လက်ခံစဉ်းစားရန် သင်ယူခြင်းသည် ပြဿနာတရပ်ကို ခိုင်ခိုင်မာမာ စဉ်းစားရန်နှင့် အချက်အလက် ပြည့်ပြည့်စုံစုံ ဆုံးဖြတ်ချက်ချနိုင်ရန် ဖြစ်သည်။ ကျောင်းသားများ၏ ထောက်ပံ့မှုကို ရရှိစေသော နည်း ဖြစ်သည်။ ကျောင်းသားတစ်ဖွဲ့လျှင် (၄) ဦးစီ ပါဝင်နိုင်သည်။

၁။ ဆရာက အဖြေနှစ်မျိုးထွက်သော (Yes/No; Right/Wrong; Agree/Disagree) မေးခွန်း (Binary Question) ပြင်ဆင် ထားမည်။

၂။ အဖွဲ့တွင်း ၁၊ ၂၊ ၃၊ ၄ သတ်မှတ်ပြီး ၁၊ ၂ က Yes၊ ၃၊ ၄ က No ဟူသည့်အဆိုဘက် ရှုထောင့်အ မြင်များကိုပြင်ဆင်ခိုင်းပါ။

၃။ ဆရာက အဖွဲ့တိုင်းမှ အ တွဲ (၂) တွဲစလုံးအား သူတို့၏ ရပ်တည်ချက်အတွက် အကြောင်းပြချက်များကို စာရင်း ပြုစုရန်အတွက် (၅) မိနစ်ခန့် ပြင်ဆင်ခိုင်းပါ။

၄။ ၁-၁၊ ၂-၂၊ ၃-၃၊ ၄-၄ တူရာ နံပါတ် ကျောင်းသားတစ်ဦးကို ရှာရန်ပြောပါ။ သုံးမိနစ် အတွင်း မိမိအဖော်၏ အကြောင်းပြချက်များကို ကြားပြီး ယခင်ကမတွေးမိသော အကြောင်းအရာ အသစ်ကိုရေးချရန်ပြောပါ။

၅။ ဆရာကကျောင်းသားများအား သူတို့၏မူလအတွဲထံ ပြန်ပြီး အကြံဉာဏ် များစုစည်းစေသည်။

၆။ အတွဲတိုင်းသည် မိမိတို့၏ရပ်တည်ချက်ကို အထောက်အကူပြုမည့် အကောင်းဆုံး အကြောင်းပြချက်များကို စဉ်းစားပြီး (၄) ယောက်အဖွဲ့မှ အခြားဆန့်ကျင်ဖက် အဆိုများနှင့် စကားရည်လုရန် ပြင်ဆင် ကြသည်။

၇။ စကားရည်လုရန်အတွက် မိမိတို့အဆိုကို ဝါကျတစ်ကြောင်းရေးဖွဲ့ပြီး မိမိတို့ရပ်တည်ချက်ကို အထောက် အကူပြုသော အကြောင်းရင်း ၂ ချက် (သို့မဟုတ်) ၃ ချက် ရေးချထားသင့်သည်။

၈။ (၅) မိနစ်ကြာသောအခါ ဆရာက ကျောင်းသားအတွဲများကို အခြားကျောင်းသား အတွဲများနှင့် ပူးပေါင်းပြီး စကားရည်လုပွဲတွင် ပါဝင်ပြောဆိုကြစေမည်။ စကားရည်လုပွဲအတွက် တစ်သင်းက မိမိတို့၏ ရပ်တည်ချက်များကို ခိုင်လုံသောအထောက်အထား အကြောင်းအရင်းများဖြင့် သက်သေပြပြောဆိုပြီး၊ အခြား ဆန့်ကျင်ဖက် အဆိုအသင်း ကလဲထိုနည်းအတိုင်း မိမိတို့အဆိုဖက်မှ ရပ်တည်ပြောဆိုကြမည်။ အခြား တစ်ဖက် အသင်း၏ အဆိုနှင့် တင်ပြ ဆွေးနွေးချက်များကို ငြင်းဆိုဆွေးနွေးကြမည်။

၉။ ဆရာက စကားရည်လုပွဲကို ၆ မိနစ် (သို့မဟုတ်) ၇ မိနစ် ဆက်လက်ပြောဆိုခွင့်ပြုပါ။ ကျောင်းသားများသည် မိမိကိုကိုတာဝန်ပေးထားသောဖက်ကို စွန့်လွှတ်နိုင်ပြီး မိမိအမှန်တကယ် ယုံကြည်သောဘက်သို့ ပြောင်းနိုင်ကြောင်း ဆရာက ပြောပြပါ။ ကျောင်းသား အဖွဲ့အားလုံး အများသဘောတူသည့် အချက်တစ်ချက် ရနိုင်မလား မေးပါ။

၁၀။ ဆရာကအဖွဲ့တိုင်းမှတစ်ဦးစီကိုဖိတ်ခေါ်ပြီး စကားရည်လုပွဲတွင် မိမိတို့အဖွဲ့၏ နိဂုံးချုပ်ချက်ကို ဖော်ပြခိုင်းပါ။

(၂၄) တန်ဖိုးမျဉ်း (Value Line)

မတူညီသော အကြံဉာဏ်များကို အ သိအမှတ်ပြုခြင်းနှင့် လေးစားမှုရှိခြင်းတို့သည် အကျိုးရှိသောခံယူချက် သဘောတရားဖြစ်သည်။ ဤနည်းသည် ကျောင်းသားများ၏ ယုံကြည်ချက်များကို အခြားမိတ်ဆွေအဖော်များ သဘောမတူသည့်တိုင်အောင် ဖော်ထုတ်ပြောဆို၊ ရပ်တည်ရဲစေရန်အသုံးဝင်သည်။ တန်ဘိုးမျဉ်းတွင်တန်းစီသောနည်းသည် ကိစ္စ ရပ်တစ်ခုကို အာရုံစိုက်ရန်နှင့် ကျောင်းသားများ ထိုကိစ္စနှင့်ပတ်သက်၍ ထင်မြင်ယူဆချက်ကို ဆုံးဖြတ်တတ်စေရန် ရည်ရွယ်သည်။ ထို့အပြင် ကိစ္စတစ်ရပ်အပေါ်တွင် မ တူညီသောသဘောထားများရှိနိုင်ကြောင်းနှင့် ထိုကိစ္စအပေါ် နေရာ တစ်ခုတွင်ရပ်တည်၍ ထိုရပ်တည်မှုအတွက် အကြောင်းအရင်းများ ဖော်ပြနိုင်ကြောင်း အသိအမှတ်ပြုရန် အသုံးဝင်သည်။

ဆရာက တစ်တန်းလုံးကို မေးခွန်းမေးရပါမည်။ ထိုမေးခွန်းသည် ပြတ်ပြတ်သားသား "ဟုတ်" အဆိုမှ "မဟုတ်" အဆိုသို့ထင်မြင်ချက်အမျိုးမျိုးပြောင်းလဲနိုင်သော မေးခွန်းမျိုး ဖြစ်သင့်သည်။ ဥပမာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးက ပိုအရေးကြီးသလား (သို့မဟုတ်) လူများ၏ လတ်တလော လိုအပ်ချက်ဖြည့်ဆည်းဖို့က အရေးကြီးသလား ဟူ သော မေးခွန်းမျိုး ဖြစ်နိုင်သည်။

ဆရာက စာသင်ခန်းအတွင်း သို့မဟုတ် စာသင်ခန်းပြင်ပတွင် မျဉ်းကြောင်း တစ်ကြောင်း ဆွဲမည်။ မျဉ်း၏ထိပ်နှစ်ဖက်တွင် "ဟုတ်" နှင့် "မဟုတ်" အယူအဆပြင်းထန်သူများ နေရာယူကြမည်။ အခြားသူများက မိမိတို့၏ အယူအဆနှင့် နီးစပ် သည့်ဘက်တွင် မျဉ်းတစ်လျှောက် နေရာ ယူကြမည်။ ထို့နောက် မိမိအနီးတွင် ရပ်နေသော ကျောင်းသားများ နှင့် မေးခွန်းအပေါ် အယူအဆနှင့် တန်ဖိုးထားမှုများကို မေးမြန်းပြီးနောက် မိမိအယူအဆနှင့် နီးစပ်ရာဖက်သို့ ပြောင်းရွှေ့ကြမည်။ တန်ဖိုးမျဉ်းပေါ်တွင် တန်ဖိုးထားမှုအလိုက် နေရာယူခြင်း ဖြစ်သည်။ ဒီဘိတ်လုပ်ရန် လိုအပ်ပါက မျဉ်းကို နှစ်ပိုင်း ခွဲ၍ ကျောင်းသားများကို အဖွဲ့ နှစ်ဖွဲ့ ဖွဲ့ပြီး ပြုလုပ်နိုင်သည်။

(၂၅) ဆယ်မိနစ် စာစီစာကုံး (Ten-Minute Essay)

လေ့လာသင်ယူမှုတစ်ခုတွင် စိတ်ဝင်စားဖွယ်ကောင်းသော အယူအဆများ ထွက်ပေါ်လာပါက ဆရာက ကျောင်းသားများအား (၁၀) မိနစ် အချိန်ပေး၍ သင်ယူရရှိမှုများ အတွေးအခေါ်အယူအဆများကို စာအုပ်တွင်ရေးစေခြင်း ဖြစ်သည်။

(၂၆) တစ်ကောင်နေ သုံးကောင်ပျံ (One Stay / Three Stray)

ကျောင်းသားဦးရေ များသောအတန်းတွင် အကြံဉာဏ်များကို လျင်မြန်စွာ ဖလှယ်ရန် အသုံးဝင်သည်။ ဤနည်းတွင် ကျောင်းသားများသည် ကျွမ်းကျင်အဖွဲ့အသီးသီးတွင်လေ့လာသင်ယူပြီးနောက် မိမိတို့ကျွမ်းကျင်သည့် အကြောင်း အရာများကို အခြားအဖွဲ့များသို့ မျှဝေရန် ဖြစ်သည်။

၁။ ကျွမ်းကျင်အဖွဲ့ အသီးသီးတွင် (၁၊ ၂၊ ၃၊ ၄) နံပါတ်များ သတ်မှတ်ပေးမည်။

၂။ နံပါတ် (၁) က ကပ်လျှက်အဖွဲ့ဆီသို့သွားမည်။ နံပါတ် (၂) က တစ်ဖွဲ့ ကျော်၊ နံပါတ် (၃) က နှစ်ဖွဲ့ကျော်သွားပြီး နံပါတ် (၄) က မိမိ၏ မူလအဖွဲ့တွင် ကျန်ခဲ့ရမည်။

၃။ တစ်ယောက်တလှည့် မိမိတို့ ကျွမ်းကျင်သည့် အကြောင်းအရာများကို မျှဝေကြမည၊အပြန်အလှန် ဆွေးနွေးမေးမြန်းကြမည်။

၄။ အားလုံးမေးမြန်းဖြေကြားခြင်းပြီးလျှင် မိမိ၏ မူလအဖွဲ့ဆီသို့ပြန်ကြပြီး မိမိသွားရောက်ခဲ့သည့်နေရာမှ ရရှိခဲ့သော အသိဉာဏ်ဗဟုသုတများကို ပြန်လည်တင်ပြဆွေးနွေးကြမည်။

(၂၇) နောက်ဆုံးစကား ပြောခွင့်ပေးပါ (Save the Last Word for Me)

စာဖတ်ပြီးပြန်စဉ်းစားတဲ့ စာသင်ခန်း (သို့မဟုတ်) သင်တန်းအတွင်း အလွန်တိတ်ဆိတ် လွန်းသော ကျောင်းသား၊ ကျောင်းသူများ ပါဝင်ခွင့်ရရှိစေရန် နှင့် သူတို့၏ အယူအဆများကို ထုတ်ဖော်ပြောဆိုနိုင်ရန် အသုံးပြုသည်။
၁။ ကျောင်းသားများသည် ဖတ်စာပါ အကြောင်းအရာများကိုဖတ်ပြီး နှစ်သက်သော စာပိုဒ်ကို စာရွက်၏တဘက်တွင် ရေးမည်။ စာရွက်၏ အခြားဘက်တွင် ထင်မြင်ချက် သုံးသပ်ချက်များကို ရေးမည်။
၂။ ဆရာက တိတ်ဆိတ်လွန်းသော ကျောင်းသားတစ်ယောက်အား ခေါ်၍ သူနှစ်သက်သော စာပိုဒ်ကိုပြောစေမည် (သုံးသပ်ချက်မပါ)။
၃။ အခြားကျောင်းသားများအား အဆိုပါ စာပိုဒ်အပေါ်ထင်မြင်ချက်၊ သုံးသပ်ချက် များပေး၍ ဆွေးနွေးစေမည်။
၄။ ထို့နောက် မူလစာပိုဒ်ပိုင်ရှင်အား သူ၏သုံးသပ်ချက်၊ ထင်မြင်ချက်များကို နောက်ဆုံးစကား ပြောစေမည်။

(၂၈) သုံးပိုင်းပါ တွေ့ဆုံမေးမြန်းခြင်း (Three-Part Interview)

ကျောင်းသားများ စာသင် ကြားရာတွင် စာဖတ်ခြင်း၊ ဆွေးနွေးခြင်း၊ အတွေ့အကြုံများ၊ လက်တွေ့လုပ်ဆောင်ချက်များ ကို ပြန်လည်စဉ်းစား၍ အပြန်အလှန် သင်ယူရန်နှင့် စုပေါင်းသင်ယူတတ်စေရန် ရည်ရွယ်သည်။
၁။ ကျောင်းသားများအား (၄) ယောက် (သို့မဟုတ်) (၆) ယောက်ပါသော အဖွဲ့များဖွဲ့ပါ။
၂။ ကျောင်းသားများအား အကြောင်းအရာတစ်ခုကို မိတ်ဆက်၍ မေးခွန်းတစ်ခုထုတ်ပြီးသည့်အခါ နှစ်ယောက်စီ တွဲ၍ တစ်ဦးနှင့်တစ်ဦး အယူအဆများ ဖော်ထုတ်ရန် တွေ့ဆုံမေးမြန်းခြင်း (အင်တာဗျူး) လုပ်ခိုင်းပါ။
၃။ မေးမြန်းခံရသူမှ ပထမမေးသူ မိမိတွဲဖော်အား ပြန်လည်မေးမြန်းမည်။
၄။ တွဲဖော်နှင့် အပြန်အလှန်မေးမြန်းပြီးနောက် တစ်ယောက်စီက မိမိအဖော်၏ အယူအဆများကို မိသားစု တစ်ဖွဲ့လုံး သို့တင်ပြမည်။
၅။ အယူအဆအားလုံးကို တင်ပြပြီးနောက် အဖွဲ့၏ရပ်တည်ချက် (သို့မဟုတ်) သဘောတူညီချက်ကို ချမှတ် နိုင် သည် အထိ ဆွေးနွေးမည်။

(၂၉) ဂျစ်ဆော အမှတ် ၂ (Jigsaw II)

ကျောင်းသားတွေကို ဖတ်စာမှ အပိုင်းအားလုံးကို လေ့လာဖို့ တာဝန်ရှိကြောင်းပြောပါ။ ဒါပေမယ့် ကျောင်းသား တစ် ယောက်စီဟာ မိမိတို့ကျရာအပိုင်းကို ကျွမ်းကျင်သူအနေဖြင့် တာဝန်ယူရမှာဖြစ်ပြီး တခြားသူတွေကို ပြန်ရှင်းပြ ပေး ရမှာ ဖြစ်ကြောင်းပြောပါ။
၁။ စာဖတ်ရန် ဖတ်စာကိုပေးပြီး ဒီဖတ်စာသည် မည်သည့်အတွက်ကောင်းသည်ကို စဉ်းစားစေ သည်။
၂။ အဖွဲ့ဝင် (၄) ဦး ပါသော မူလအဖွဲ့ဖွဲ့ပါ။ မူလအဖွဲ့မှ အဖွဲ့ဝင်များကို (၁) မှ (၄) နံပါတ်ပေးပါ။
၃။ မူလအဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးစီကို မတူညီသော ကျွမ်းကျင်စာရွက် တစ်ရွက်စီဝေပါ။ (ကျွမ်းကျင် စာရွက်တွင် စာ ဖတ်ရန်လမ်းညွှန်ထားသော မေးခွန်းများပါဝင်သည်။)
၄။ ကျွမ်းကျင်အဖွဲ့အတွင်း မည်သည့်စဉ်းကမ်းများ ပါဝင်မည်ကို မိနစ်အနည်းငယ် ဆွေးနွေးမည်။
၅။ ကျွမ်းကျင်အဖွဲ့အား မိနစ် (၂၀) ခန့်ပေး၍ မေးခွန်းများကို ဆွေးနွေးစေမည်။ ဖတ်စာတွင်လည်း အဖြေများ ပြန်လည် ရှာဖွေ၍အဖွဲ့လိုက်ရှာဖွေထားသောအဖြေများအား မှတ်တမ်းတင်မည်။ဆရာမှကျွမ်းကျင် အဖွဲ့များကို လှည့်လည် ကြည့် ရှုပြီး လိုအပ်သည့်အကူအညီများပေး၍ လုပ်ဆောင်ချက်ပေါ်တွင် အာရုံ စိုက်နိုင်စေရန် တွန်းအားပေးမည်။
၆။ ကျွမ်းကျင်သူများမှ မိမိမူလအဖွဲ့သို့ ပြန်သွားပြီး ရရှိသောအဖြေများကိုရှင်းပြမည်။ ရှင်းပြရာတွင် သင်ယူမှုကို ပို၍ အားကောင်းစေသော မေးခွန်းများလည်းမေးရမည်။
၇။ လုပ်ငန်းစဉ်အားပြန်လည်သုံးသပ်ပါ။ ပါဝင်သောကျောင်းသားတိုင်းအား ဆွေးနွေးပွဲများတွင် မည်သည့် အချက် များ ဆွေးနွေးပေးခဲ့သည်နှင့် သင်ယူမှုဖြစ်စဉ်အား မည်ကဲ့သို့ပိုကောင်းအောင်လုပ်နိုင်သည်ကို စာရေးပါ။

ဂျစ်ဆော (၂) အဖွဲ့ခွဲပုံ

မူလအဖွဲ့များ				
A	B	C	D	
1	1	1	1	ကျွမ်းကျင် (၁)
2	2	2	2	ကျွမ်းကျင် (၂)
3	3	3	3	ကျွမ်းကျင် (၃)
4	4	4	4	ကျွမ်းကျင် (၄)

(၃၀) စဉ်းစားဆင်ခြင်သော ဆွေးနွေးပွဲ အဖွဲ့များ (Critical Discussion Groups)

ကျောင်းသားများသည် အကြောင်းအရာတစ်ခုကို လေ့လာရာတွင် စ နစ်တကျရှိသော သံသယမေးခွန်းများဖြင့် အကြောင်းအရာကို ချဉ်းကပ်လေ့လာတတ်စေပြီး အဆင့်မြင့်မေးခွန်းများနှင့် ရင်းနှီး တတ်စေရန် ရည် ရွယ်သည်။

သံသယမေးခွန်းနမူနာများ

၁။ ဤအပိုင်းတွင် အဓိကမေးခွန်းကဘာလဲ။
၂။ ဘာကိုအဖြေအဖြစ် ပေးထားသလဲ။
၃။ ထိုအဖြေကို ပံ့ပိုးရန် ဘာအကြောင်းပြချက်တွေပေးထားသလဲ။
၄။ အကြောင်းပြချက်များက နိဂုံးချုပ်ချက်ကို ပြည့်စုံစေရဲ့လား။
၅။ အဓိကမေးခွန်းအတွက် တခြားအဖြေတွေပေးနိုင်သေးလား။
၆။ ဘာတွေ မပြောဘဲကျန်နေသေးလဲ။
၇။ ယုံကြည်လက်ခံအောင် ဘယ်အချက်အလက်တွေကို ထပ်မံဖြည့်စွက်တောင်းဆိုမလဲ။
၈။ စာရေးသူနည်းတူ နိဂုံးချုပ်နိုင်အောင် စာရေးဆရာပြောမထားတဲ့ ဘယ်သဘောထားတွေကို လက်ခံရမလဲ။
၉။ စာရေးသူကဲ့သို့ နိဂုံးချုပ်နိုင်အောင် အဘယ်ကဲ့သို့သော အသေးစိတ်ဖော်ပြထားသော ယူဆချက် များကို ဘယ်လို လက်ခံ မလဲ။

ဇာတ်လမ်း/ပြဇာတ်အတွက် နမူနာမေးခွန်းများ

၁။ ဒီဇာတ်လမ်းမှာ ဘယ်သူနိုင်သလဲ။ နိုင်ဖို့သူဘာတွေလုပ်ခဲ့သလဲ။ ဘယ်သူရှုံးသလဲ။ ဘာကြောင့်ရှုံးတာလဲ။ ဘာ သင်ခန်းစာတွေ ရလိုက်သလဲ။
၂။ ကျွန်ုပ်တို့ကို ဒီစာရေးသူက ဘယ်သူ့ကိုဖော်ထုတ်စေလိုတာလဲ။ စာရေးသူက ဘယ်သူ့လို ပြုမူစေချင် တယ်လို့ ထင်လဲ။ ဒီ လိုပြောနိုင်အောင် ဇာတ်ကောင်ရဲ့အပြုအမူတွေက ဘာတွေလဲ။
၃။ ဒီဇာတ်ကောင်က ကျား မဟုတ်ဘဲ မ၊ မ မဟုတ်ဘဲ ကျား ဖြစ်မယ်ဆိုရင် ဒီအဖြစ်အပျက် အခုလိုဘဲ ဖြစ်နိုင် မလား။ ဒါမှမဟုတ် ကွဲပြားသွားမလား။ ဇာတ်ကောင်က ကွဲပြားတဲ့လူမှုအဆင့်အတန်းက ဆိုရင်ကော၊ အသက်ရွယ် မတူဘူး ဆိုရင် ကော။
၄။ ဒီအကြောင်းအရာ ထဲမှာကျွန်ုပ်တို့ဘဝ၊ ကျွန်ုပ်တို့ရိုးရာအစဉ်အလာ၊ ကျွန်ုပ်တို့လူမှုပတ်ဝန်းကျင် အကြောင်းကို ဘယ်အရာတွေက ပြန်လည်တုံ့ပြန်စေသလဲ။ ဘယ်အရာတွေက စိန်ခေါ်မှု ဖြစ်စေသလဲ။ ဘယ်အရာ တွေ ကျွန်ုပ် တို့ အတွက် ထိုက် ထိုက်တန်တန်ယူဖို့ မြင်မိသလဲ။
၅။ ဒီဇာတ်လမ်းအစား ဘယ်ဇာတ်လမ်း မျိုးတွေကို အပြောင်းအလဲအနေနဲ့ဖတ်ဖို့အကြံပေးချင်သလဲ။
၆။ ဒီဇာတ်လမ်းက ဘယ်လိုပရိတ်သတ်မျိုးကို ရည်ရွယ်သလဲ။ ဘယ်လို စာဖတ်ပရိတ်သတ်မျိုးက ဒီဇာတ်လမ်း ထဲမှာ ပါတဲ့ သဘောတူညီချက်တွေကို ပြဿနာမရှိဘဲ လက်ခံမလဲ။

မှတ်ချက်။ ဆရာသည် အုပ်စုကိုလမ်းညွှန်သူအဖြစ် ပ ဏာမဆွေးနွေးပွဲကို လုပ်ဆောင်နိုင်ပြီး ကျောင်းသူကျောင်းသား များကို မေးခွန်းတစ်ခုချင်းစီကို ဆရာမှ ဦးဆောင်ဆွေးနွေးခြင်းဖြင့် ဦးဆောင်သွား နိုင်သည်။ နောက်ပိုင်းတွင် ကျောင်းသားကိုယ်တိုင် ဆွေးနွေးပွဲကို လုပ်ဆောင်သွားနိုင်သည်။ ဝေဖန်ပိုင်းခြားဆွေးနွေးခြင်းအုပ်စုများတွင် ကျောင်းသားများ ပါဝင်လုပ်ဆောင်ခြင်း ဖြင့် လုပ်ဆောင်ရန် နည်းလမ်းကောင်းဖြစ်သည်။

(၁၀) စဉ်းစားဆင်ခြင်သော ဆွေးနွေးပွဲအတွက် တာဝန်ခွဲဝေသတ်မှတ်ထားသော အဖွဲ့များ

(Critical Discussion Groups with Roles)

ဝေဖန်ပိုင်းခြားစဉ်းစားစေသော မေးခွန်းများနှင့် ရင်းနှီးပြီးနောက် သုံးသောနည်းဖြစ်သည်။ ကျောင်းသားများ အနေဖြင့် အဆင့်မြင့်မေးခွန်းများကိုထုတ်ပြီး မိမိတို့၏ ဆွေးနွေးပွဲကို ကိုယ်တိုင်ဦးဆောင်သွားတတ်စေရန် ရည်ရွယ်သည်။

၁။ ကျောင်းသားများကို (၆) ယောက်တစ်ဖွဲ့ ဖွဲ့မည်။

၂။ ကျောင်းသားများအား လေ့လာမည့် ဖတ်စာပေးမည်။

၃။ အုပ်စုတွင် နံပတ် ၁ မှ ၆ အထိမိမိတို့နှစ်သက်သလို ရေတွက်စေမည်။

၄။ အဖွဲ့အတွင်း တစ်ဦးချင်းစီအဆင့်မြင့်မေးခွန်းတစ်ခုစီ တာဝန်ယူထုတ်စေမည်။

၅။ မိမိထုတ်ထားသောမေးခွန်းကို အဖွဲ့အတွင်းဦးဆောင်ဆွေးနွေးရမည်။

၆။ အုပ်စုတွင်းမှ ဆွေးနွေးချက်များကို အတန်းတွင်းသို့ပြန်လည်မျှဝေမည်။

အပိုင်း (၃)

တက်ကြွစွာသင်ယူရေးအတွက် သင်ရိုးတစ်ခုကို ပုံဖော်ခြင်း

တက်ကြွစွာသင်ယူမှုကိုအခြေပြုသော သင်ရိုးတစ်ခုကို မည်သို့စီစဉ်သနည်း။ အကြောင်းအရာတစ်ခုကို ကောင်းစွာ တတ်မြောက်အောင် သင်ကြားပေးနိုင်သည့် သင်ရိုးတစ်ခုကို စီစဉ်နိုင်သည့်နည်းလမ်းပေါင်း များစွာရှိပါသည်။ သို့သော် လည်း ယခုလမ်းညွှန်စာအုပ်၏အစတွင် တက္ကသိုလ်အဆင့် သင်ကြားမှုရည်မှန်းချက်သည် ဘာသာရပ်နယ်ပယ်ဆိုင်ရာ အသိနှင့် စဉ်း စားဆင်ခြင်မှုကို အသုံးပြုရန်ဟု ဆိုခဲ့ပြီးဖြစ်သည်။ ဤရည်မှန်းချက်တွင် သင်ခန်းစာပါအကြောင်းအရာကို ထိရောက်စွာ သင်ကြားပေးခြင်းထက် ပိုမိုပြီး တာဝန်ခံသောအဓိပ္ပာယ် ပါဝင်နေပါသည်။ သင်ရိုးပါ ဗဟုသုတများကို အသုံးပြု၍ ပြဿနာများကို ဖြေရှင်း နိုင်စေရန်နှင့် အဓိပ္ပာယ်များကို ဖွင့်နိုင်ဖို့ ကျောင်းသားများကို ကူညီရှာဖွေပေးရန် မိမိကိုယ်ကို အဓိဋ္ဌာန်ပြုစေပါသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ရည်မှန်းချက်သည် ပါဝင်သည့်အကြောင်းအရာကို လက်ခံယူစေရုံမျှသာမဟုတ်ပဲ ပိုမိုပြည့်စုံပြီး ပို၍ လည်းကောင်းမွန်သော စဉ်းစားနည်းများကို သင်ယူတတ်မြောက်ပြီး လေ့ကျင့်သုံးစွဲတတ်စေရန်ဖြစ်ပါသည်။

ဆင်ခြင်စဉ်းစားရန်အတွက် ဘာသာရပ်နယ်ပယ်နှင့်ပတ်သက်သော ပင်ကိုယ်အသိနှင့် ထိုးထွင်းနားလည်မှုများကို အသုံးပြုတတ်စေရေးအတွက် ကျောင်းသားများကို လေ့ကျင့်ပေးရန် နည်းလမ်းများရှာဖွေရာတွင် ဤစာအုပ်ထဲတွင် ဖော်ပြခဲ့ပြီး သော နည်းလမ်းများစွာကို သုံးစွဲနိုင်ပါသည်။ သို့သော်လည်း သင်ရိုးကို တက်ကြွ၍ စိတ်ဝင်စားဖွယ်ကောင်းသော စာသင်ချိန်များ၏ ဖြစ်စဉ်တစ်ခုထက်ပိုပြီး သင်ရိုး၏အပိုင်း (semester) အတွင်း ကျောင်းသားများအတွက် နေရာအလိုက် စိန်ခေါ်မှုများ ရော ပံ့ပိုးမှုများပါပေး၍ တွေ့ကြုံဖြတ်သန်းစေပါမည်။ ထိုအတွေ့အကြုံတစ်လျှောက်လုံး၏ ဟန်ချက်ညီထိရောက်မှုကို ဂရုစိုက် ၍ ပုံဖော် (carefully orchestrated series of experiences) ပေးပါက ရည်မှန်းချက်ကို ပိုမိုကောင်းမွန်စွာ ရောက်ရှိနိုင်ပေသည်။ ထိုသို့သောသင်ရိုးတစ်ခုတွင် အောက်ပါအပိုင်းများ ပါဝင်နိုင်ပါသည်။

ပထမအဆင့်တွင် သင်ရိုး၏အကြောင်းအရာ ပိုင်းကို စိတ်ဝင်စားဖွယ်နည်းလမ်းဖြင့် မိတ်ဆက်ပေးပါသည်။ ထို မိတ်ဆက်ခြင်းကို သင်ရိုးနှင့် ပတ်သက်၍ ပြဿနာအခြေအနေ တည်ဆောက်ခြင်းအပိုင်းဟု ခေါ်ပါသည်။ ဤအပိုင်းတွင် ကျောင်းသားများအား အရေးကိစ္စနှင့်ပတ်သက်၍ ဘာသာရပ်နယ်ပယ်မှ ကျွမ်းကျင်သူများက ခိုင်မာစွာ ပြောဆိုကြသော အချက်များနှင့် မည်သည့်အတွက်ကြောင့် အရေးကြီးသည်၊ ယခုသင်ရိုးအတွင်း လေ့လာစူးစမ်းနိုင်သည်မှာ မည်သည့်မေးခွန်းများဖြစ်ကြသည်၊ ဆိုသောအချက်များကို ပြသပါမည်။ အကြမ်းဖျင်းဆိုရသော် ဘာသာရပ် နယ်ပယ်ထဲမှ ပညာရှင်များနှင့် ကိုယ်တိုင်ပါဝင်လုပ်ကိုင်နေသူများက မည်သို့ပြော ဆိုထားကြသည်ဟူသော အချက်ပင် ဖြစ်ပါသည်။

ဒုတိယအဆင့်ဖြစ်သည့် နည်းစနစ်များကို မိတ်ဆက်ပေးသည့်အချိန်တွင် ဤဘာသာရပ်နယ်ပယ်မှ အသစ်တွေ့ရှိ ချက်များကို ဆက်သွယ် သိရှိနိုင်မည့်နည်းများအပြင် အလေးထားသည့် ယူဆချက်များနှင့် ၄င်းတို့ကိုလေ့လာစူးစမ်းသည့် နည်းများဖြစ်ကြသော (စာဖတ်ခြင်း၊ စူးစမ်းရှာဖွေခြင်း၊ လက်တွေ့စမ်းသပ်ခြင်း၊ လူတွေ့မေးမြန်းခြင်း၊ ခန့်မှန်းခြေစာရင်းကောက်ယူခြင်း၊ ရေးသားတင်ပြခြင်း၊ စသည်ဖြင့်) ထိုဘာသာရပ်တွင် အသုံးပြုနိုင်သော လေ့လာစူးစမ်းရေး ကိရိယာများကို အသုံးပြု တတ်အောင် သင်ကြားပေးပါသည်။

တတိယအဆင့်အဖြစ် ပါဝင်သည့်အကြောင်းအရာ မျှဝေမှု (content-sharing) ကို သင်ခန်းစာတစ်လျှောက်လုံး၏ ကြားကာလအတွင်း ပါမောက္ခက ဝင်ရောက်ဖြည့်ဆည်းပေးနေရပါမည်။ သင်ရိုး၏ အစမှအဆုံးတိုင် ပါဝင်သည့်အကြောင်းအရာများကို ပါမောက္ခ၏ပို့ချချက်မှဖြစ်စေ၊ ဧည့်ပညာရှင်၏ဟောပြောမှုမှဖြစ်စေ၊ ဖတ်ရှုမှုမှဖြစ်စေ ကျောင်းသားများ ရရှိနေ ကြမည်ဖြစ်သည်။

စတုတ္ထအဆင့်တွင် ထိုပါဝင်သည့်အကြောင်းအရာများကို စူးစမ်းရှာဖွေရန်နှင့် ပိုင်နိုင်အောင်လေ့လာရန် အတွက် ကျောင်းသားများအား လမ်းညွှန်ချက်ပါသော လက်တွေ့လုပ်ငန်း (guided practice) ကို လုပ်ဆောင်စေသည်။ ထိုအဆင့်တွင် ကျောင်းသားများသည် စုံစမ်းမှုနှင့်ဆက်သွယ်ပြောဆိုမှုများကို ပါမောက္ခ၏ အနီးကပ်ကြီးကြပ်မှုဖြင့် စမ်းသပ်လုပ်ဆောင်ကြရသည်။ ထိုလုပ်ငန်းများသည် အချိန်တိုလုပ်ငန်း တာဝန်ပေးချက်များဖြစ်ကြပြီး လက်ငင်း ဝေဖန်အကြံပြုချက်များကိုလည်း ရရှိ စေပါသည်။

နောက်ဆုံးအဆင့်တွင် ပါဝင်သည့်အကြောင်းအရာနှင့်ပတ်သက်၍ တိုးချဲ့လေ့လာရမည့်လုပ်ငန်းနှင့် ကျောင်းသား များကို ရင်ဆိုင်တွေ့ပေးပြီး ဆရာနှင့်အတန်းသားများထံ တင်ပြစရာတစ်စုံတရာမတွေ့မခြင်း လွတ်လပ်ခွင့်အနည်းနှင့်အများ ဆိုသလိုပေးကာ လုပ်ဆောင်စေပါသည်။

ထိုသို့ ပြဿနာအခြေအနေ တည်ဆောက်ခြင်း၊ နည်းစနစ်မိတ်ဆက်ခြင်း၊ အကြောင်းအရာမျှဝေခြင်း၊ လမ်းညွှန်ချက်ပါသော လက်တွေ့လုပ်ငန်းနှင့် ထပ်တိုးလေ့လာမှုလုပ်ငန်းဟူသော အဆင့် (၅) ဆင့်လုံးကို ကျောင်းသားများက လေ့လာသုံးသပ် ပြီးသောအခါ ဘာသာရပ်တွင် လေ့လာမှုပြုမည့် မေးခွန်းအတွက် ဗဟိုပြုယူဆချက်များကို သိရှိ သွားရုံမျှမက၊ ထိုနယ်ပယ်တွင် တက်ကြွစွာလေ့လာသူနှင့် ဝေဖန်ပိုင်းခြားစဉ်းစားနိုင်သူများ ဖြစ်လာကြတော့သည်။ ထိုလုပ်ငန်း (၅) ဆင့်၏ တစ်ခုချင်းစီတွင် အထောက်အကူပြုနိုင်သော သင်ကြားရေးနည်းဗျူဟာ နမူနာများကို အောက်တွင် ဆက်လက်လေ့လာနိုင်ပါသည်။

၃(က) ပြဿနာအခြေအနေ တည်ဆောက်ခြင်းအပိုင်း (Problem-Setting Phase)

ပြဿနာအခြေအနေ တည်ဆောက်ခြင်းအပိုင်းတွင် သင်ရိုး၏ ခြုံငုံမြင်ကွင်းကိုပြောပြပြီး သင်ရိုးကိုလွှမ်းခြုံမိစေမည့် အဓိကမေးခွန်းများ၏ အရေးပါပုံများနှင့်တကွ ရှင်းရှင်းလင်းလင်းမြင်အောင် မိတ်ဆက်ပေးပါသည်။ ကျွန်ုပ်တို့၏ ရည်မှန်းချက်သည် ကျောင်းသားများကို သင်ရိုးအတွင်းမှ သိရှိစရာများကို ပြင်ပလောကကြီးထဲက အကြောင်းအရာများအား သူတို့၏တွေး ခေါ်ပုံများနှင့် ပေါင်းစည်းပေးရန်ဖြစ်သည်ဆိုပါလျှင် သင်ရိုးပါအကြောင်းအရာသည် လူသားအတွက် မည်သို့ အကျိုးဖြစ်စေပုံ နှင့်၊ ပညာရပ်အဖြစ် လေ့လာသင့်သည့်အရာများ ဖြစ်ရပုံကို သိထားဖို့လိုပါသည်။ ပြဿနာ အခြေအနေ တည်ဆောက်ခြင်းအပိုင်းတွင် အသုံးပြုနိုင်သော နည်းစနစ်အချို့ရှိပါသည်။

(၃၂) ဖြစ်ရပ်လေ့လာချက်များ (Case Studies)

ဖြစ်ရပ်လေ့လာချက်များသည် ဖြစ်ရပ်မှန်များဖြစ်ပြီး ပညာရှင်က သက်ဆိုင်ရာနယ်ပယ်၏ အရေးကိစ္စကို ကိုင်တွယ်ဖြေရှင်းပုံများကို အကျဉ်းချုပ်ဖော်ပြထားချက်များဖြစ်ကြသည်။ ဥပမာအားဖြင့် စိတ်ဖွံ့ဖြိုးမှုပညာရပ်၏ သင်ရိုးတစ်ခုတွင် စစ်ဘေးသင့်မိဘမဲ့ကလေးများအား (ဖွံ့ဖြိုးမှုဝန်းကျင်၏ သက်ရောက်မှုများကိုဖော်ပြလျက်) အသင်းအဖွဲ့များက စောင့်ရှောက်ပုံ၏ အကျိုးရလဒ်ဖြစ်စဉ်များအား ရီးနဲစပလစ် (Rene Splitz) ၏ ဖော်ပြချက်စာတမ်းတခုရှိပါသည်။ ထို စာတမ်းကို (ဖွံ့ဖြိုးမှုဆိုင် ရာအမွေဆက်ခံမှု၏ အကျိုးသက်ရောက်မှုများကို ဖော်ပြထားသော) မိုက်ကယ် ဘူးချာ့ဒ် (Michael Bouchard) တင်ပြသည့် ပြန်လည်ဆုံဆည်းမိသော ထပ်တူညီ အမွှာများ အကြောင်း လေ့လာချက် စာတမ်းနှင့်၊ လူမှုရေးနှင့် မျိုးရိုးဗီဇအမွေခံမှုများကို ငြင်းပယ်ကာ ဂျိမ်းဂါဘရီနို (James Garbarino) တင်ပြထားသည့် ဆိုးသွမ်းကလေးငယ်များ၏ လုပ်ရပ်ကိုလေ့လာချက် ကဲ့သို့သော စာတမ်း (၃) စောင်ဖြင့် လုပ်ငန်းစတင်နိုင်ပါသည်။ ထိုစာတမ်း (၃) စောင်သည် ထိုပညာရပ်နယ်ပယ်နှင့် ပတ်သက်သော အဓိကကျသည့် လက်ရှိ စဉ်းစားပုံ စဉ်းစားနည်းများ ဖြစ်ကြသည်။ ထိုဘာသာရပ်နယ်ပယ် လေ့လာမှုသည် အဘယ့်ကြောင့် ကျွန်ုပ်တို့အတွက် အရေးပါကြောင်းနှင့်လည်း ချိတ်ဆက်မိစေပါသည်။

(၃၃) ဦးတည်သောမေးခွန်းများ (Focusing Questions)

ဘာသာရပ်နယ်ပယ်ကို များစွာလွှမ်းခြုံသောမေးခွန်းကြီးများကို ကျောင်းသားများအား သင်ရိုးတစ်ခု၏ အစပိုင်းတွင် ပေးထားသင့်ပြီး ကျောင်းသားများ၏ နားလည်မှု တိုးတက်လာသည့် အတိုင်းအတာကို ပြသရန် ရံဖန်ရံခါ ပြန်လည်ချိတ်ဆက် စေသင့်ပါသည်။ ရသစာပေသည် ကျွန်ုပ်တို့အား မည်သည့်နည်းလမ်းများဖြင့် အကျိုးပြုသနည်း။ ရိုမေးနီးယန်း ရသစာပေ လောကတွင် ထင်ရှားသည့် ကဗျာဆရာများမှာ မည်သူတို့ဖြစ်သနည်း။ မည်သို့ ဆုံးဖြတ် ရွေးချယ်သနည်း။ မျိုးရိုးလိုက်မှုဟူသည် မည်သို့သောအရာနည်း။ ဆင်းရဲနွမ်းပါးမှု အဘယ့်ကြောင့် ဖြစ်နေရသနည်း။ ဥရောပအလယ်ပိုင်းနိုင်ငံများအတွက် မည်သည့်စီးပွားရေးစနစ်က အကောင်းဆုံးဖြစ်မည်နည်း၊ ကဲ့သို့သောမေးခွန်းများ ဖြစ်ကြပါသည်။

(၃၄) ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိဆိုင်ရာ ဖော်ပြချက်များ (Autobiographical Statements)

သင်ရိုး၏ပါမောက္ခသည် ဤဘာသာရပ်နယ်ပယ်တွင် ကျွမ်းကျင်ပညာရှင်ဖြစ်နိုင်မည့် နည်းလမ်းကို မည်သို့တွေ့ရှိခဲ့ကြောင်းကို မိမိအကြောင်းဟောပြောချက်တစ်ခု ပို့ချပေးနိုင်ပါသည်။ ဤဘာသာရပ်တွင် ပါမောက္ခအား ညှို့ယူဖမ်းစားခဲ့သော အချက်သည် အဘယ်နည်း။ ယနေ့ခေတ်တွင် ဤဘာသာရပ်နှင့်ပတ်သက်၍ မည်သည့်အရာက စိတ်ဝင်စားဖွယ်အကောင်း ဆုံးဖြစ်သည်ဟု ပါမောက္ခကမြင်သနည်း။ ဤဘာသာရပ်နယ်ပယ်အတွင်း လေ့လာမှုများသည် နှစ်အလိုက် မည်ကဲ့သို့ ပြောင်းလဲလာကြသနည်း။ ဤဘာသာရပ်နယ်ပယ်တွင် အလုပ်လုပ်နေသူတစ်ဦးသည် မည်သို့ရှိနိုင်သနည်း။ ပါမောက္ခအနေနှင့် သူ၏ လုပ်ဖော်ကိုင်ဖက် ပညာရှင်တစ်ယောက်ကိုလည်း သူ၏ ဘဝ ဇာတ်ကြောင်းကို ပြောပြပေးရန်အတွက် ဆွေးနွေးပွဲဖိတ်ကြား ၍ စီစဉ်ပေးလိုပါလိမ့်မည်။

ဤစာအုပ်၏ရှေ့ပိုင်းတွင်ဖော်ပြခဲ့သည့် လက်တန်းအလွတ်ရေးသားခြင်း (Free Writes)၊ ကြိုတင်မှန်းဆရန် လမ်းညွှန်ချက် (Anticipation Guides) နှင့် စဉ်းစား-တွဲ-ဖလှယ် (Think/Pair/Share) စသည့်နည်းများကို အထက်တွင် ဖော်ပြခဲ့သည့် ချဉ်းကပ်နည်းများနှင့် ပေါင်းစပ်၍လည်း ပါမောက္ခအနေနှင့် အသုံးပြုနိုင်ပါသည်။

၃(ခ) နည်းစနစ်များကို မိတ်ဆက်ခြင်း (Introduction of Methods)

နည်းစနစ်များနှင့်ပတ်သက်၍ အစပိုင်းတွင် သင်ရိုးပါအကြောင်းအရာများကို ထိုးဖောက်ရှာဖွေရန်နှင့် ဆက်စပ်သောအတွေ့အကြုံများနောက်သို့ လိုက်လံရှာဖွေရန်အတွက် ကျောင်းသားများအသုံးပြုရမည့် စူးစမ်းလေ့လာရေးနှင့် ဆက်သွယ် ပြောဆိုရေးတွင် အသုံးပြုသောအရာများကို ကျွန်ုပ်တို့က မိတ်ဆက်ပေးရပါသည်။ သင်ရိုးသည် အမြင်ကွဲပြားမှုကို အခြေပြု သည်ဖြစ်စေ၊ သမားရိုးကျ ပညာရေးမျိုးပင်ဖြစ်စေ ဆင်ခြင်သုံးသပ်ကြည့်လျှင် ပါမောက္ခအနေဖြင့် သူ့ ဘာသာရပ် နယ်ပယ်တွင် ပုံမှန်အသုံးပြုနိုင်သော စူးစမ်းစရာအချက်နှင့် ဆက်သွယ်ပြောဆိုစရာ နည်းလမ်း အချို့ကို တွေ့နိုင်ပါသည်။ ဥပမာအချို့ကို အောက်တွင်ပေးထားပါသည်။

(၃၅) ဘာသာရပ်ဆိုင်ရာ စာဖတ်ခြင်း (Reading in the Discipline)

ပညာရေးဆိုင်ရာ ဘာသာရပ်တစ်ခုသည် လောကကြီးနှင့် ပတ်သက်သော ပြောစကားတစ်မျိုးပင်ဖြစ်သည် (ဘရပ်ဖီး ၁၉၉၃) ဟု အဓိပ္ပာယ်တစ်မျိုး ကောက်ယူနိုင်ပါသည်။ ထိုပြောဆိုချက်တွင် ကိုယ်ပိုင်ဝေါဟာရရွေးချယ်မှုများ၊ ကိုယ်ပိုင် ကြောင်းကျိုးခြင်ခြင်မှုများနှင့် ၎င်း၏ ကိုယ်ပိုင်အစဉ်အလာများ ပါဝင်နေ ပါသည်။ အအောင်မြင်ဆုံး ကျောင်းသား ဆိုသည်မှာ ထိုဘာသာရပ်နှင့်ပတ်သက်၍ ဖတ်စာများကိုဖတ်ရှုရန်နှင့် ဟောပြောပို့ချ ချက်များကိုနာယူရန် လိုအပ်သော ဝေါဟာရအမျိုးအစားများ လုံလောက်စွာရှိနှင့်ထားသူများသာ ဖြစ်ကြပါသည်။

သင်ရိုး၏အစပိုင်းနားတွင် နမူနာအဖြစ် သင်ရိုးဝင်ဖတ်စာတစ်ပုဒ်ကို ကျကျနနဖတ်ပြပြီး ထိုဘာသာရပ်တွင် ပုံစံတကျ ရေးသားထားသော စာတစ်ပုဒ်ကို မည်သို့မည်ပုံဖတ်ရမည်ဟု ပြသပေးနိုင်ပါသည်။ ပါမောက္ခအနေနှင့် အသံထွက်ပြီး တွေးပြ (Thinking Aloud) ၍လည်း ဖတ်ပြနိုင်သည်။ ဆရာက စာကို အသံထွက်၍ဖတ်ရင်းကပင် သူဘာကို ရှာဖွေနေသည်၊ အရေးကြီးသောအချက် ဘာကိုတွေ့ရသည်၊ သူ့စိတ်တွင် ဘယ်မေးခွန်းပေါ်လာသည် တို့ကို ရှင်းပြ၍ လည်း ရပါသည်။

ယခုအဆင့်တွင် ထည့်သွင်းနိုင်သော အသုံးပြုဆဲနည်းတစ်ခုမှာ အပြန်အလှန်သင်ကြားခြင်း (Reciprocal Teaching) နည်းဖြစ်သည်။ နောက်ထပ်တစ်နည်းမှာ စာရေးသူကို မေးခွန်းထုတ်ခြင်း (Questioning the Author) နည်း ဖြစ်ပါသည်။ နှစ်နည်းစလုံးကို ဤလမ်းညွှန်စာအုပ်၏နောက်အခန်းတွင် ထည့်သွင်းထားပါသည်။

(၃၆) အကိုးအကားရှာဖွေခြင်း ကျွမ်းကျင်မှု (Reference Skills)

ကျောင်းသားများက စာအုပ်များ၊ ဂျာနယ်များ၊ စာဖတ်သူအညွှန်းများ၊ သို့မဟုတ် အင်တာနက်တို့ကို သုံးစွဲ လိမ့်မည်ဟု မျှော်လင့်ထားပါသလား။ ထိုသို့မျှော်လင့်ထားပါလျှင် သတင်းအချက် အလက်ရှာဖွေရာတွင် လူတိုင်း လိုအပ် မည်ဖြစ်သော ထိုကျွမ်းကျင်မှုအတွက် အချိန်တစ်ချိန်ပေးထိုက်ပါသည်။ ပေးပြီးလျှင်လည်း လုပ်ငန်းတစ်ခုကို ချက်ချင်း တာဝန်ပေးပြီး ထိုကျွမ်းကျင်မှုကို လက်ငင်းအသုံးချခိုင်းသင့်ပါသည်။

(၃၇) ဘာသာရပ်ဆိုင်ရာ စာတမ်းရေးသားခြင်း (Writing in the Discipline)

မိမိ၏ ဘာသာရပ်နယ်ပယ်ထဲမှ ကောင်းမွန်စွာ ရေးသားထားသော စာတစ်ပုဒ်နှင့် ညံ့ဖျင်းသည့်လက်ရာတစ်ပုဒ်ကို ပါမောက္ခတိုင်း ခွဲခြား၍သိကြပါသည်။ သို့သော်လည်း ထိုခြားနားချက်အား ရှင်းပြသည်ကို မတွေ့ရသလောက်ပင် ဖြစ်ကြောင်း ကျောင်းသားများကပြောကြသည်။ စာတမ်းတစ်စောင် ရေးသားတင်ပြနိုင်းလျင် ကြိုတင်၍ မည်သို့ သုတေသနလုပ်ရမည်၊ အကြောင်းအရာကို မည်သို့စုစည်းပြီး မည်သို့ရေးသားတင်ပြရကြောင်း သူတို့ကို ဘယ်တော့မှ ကြိုတင်မပြောပြကြဟု ဆိုကြပါသည်။ မိမိ၏သင်ရိုးတွင် မည်သို့မည်ပုံ ရေးသားရမည်ကို ရှင်းလင်းအောင်လုပ်ပေးကြသည့် ပါမောက္ခတိုင်း အောက်ပါအဆင့်များကို လုပ်ဆောင်ကြရပါသည်။ သင်သည် စာတမ်းရေးသား တင်ပြရန် ခေါင်းစဉ်တစ်ခုပေးတော့မည်ဆိုလျင် လုပ်သင့်သည်များမှာ -

၁။ ကျောင်းသားများကို မခိုင်းမီမှာပင် သင်ကိုယ်တိုင်က ပြီးစီးအောင်လုပ်ထားရမည်။ သို့မှသာ စာတမ်းတွင် ပါဖို့ရန် မျှော်လင့်ထားသည်တို့ကို သင်နားလည်ပေလိမ့်မည်။

၂။ ထိုဘာသာရပ် သို့မဟုတ် ဆင်တူသော ဘာသာရပ်အတွက် ပုံစံကျနစ္စာပြည့်စုံသော နမူနာ စာတမ်း တစ်စောင်ကို ကျောင်းသားများအား ပြသပေးရပါမည်။ နမူနာပုံစံအတွက် ပုံစံချထားပုံများနှင့် ဆွေးနွေးချက်များကို အောက်တွင် ပေးထားပါသည်။

(က) သင်က ကျောင်းသားများကို လေ့လာစေလိုသော စာတမ်းအမျိုးအစား၏ ဖွဲ့စည်းပုံလက္ခဏာများကို စဉ်းစား ထားပါ။ ဥပမာ၊ စာရေးသူနှစ်ဦး၏ စာတမ်းများကို နှိုင်းယှဉ်ပြမည်ဆိုလျှင် ကျောင်းသားများကို ပြုလုပ်စေလိုသောအချက်တို့မှာ - စာတမ်းရှင်များ၏ နောက်ခံအခြေအနေများဖြင့် စတင်ပါ။ ထို့နောက် ရေးသားသည့်ဟန်များကို ဖော်ပြပါ။ သူတို့၏ လက်ရာများကို နှိုင်းယှဉ်ရာတွင် အသုံးပြုသည့် စံနှုန်းများကို ဖော်ပြပါ။ သူတို့၏ ကိုယ်စားပြုလက်ရာနှစ်ခုကို နှိုင်းယှဉ်ပြပါ။ နှိုင်းယှဉ်ချက်များနှင့်ပတ်သက်၍ နိဂုံးချုပ် ကောက်ချက်ချပါ။

(ခ) စာတမ်းကောင်းတစ်ပုဒ်၏ ဖွဲ့စည်းပုံဆိုင်ရာ ကြန်အင်လက္ခဏာများကို နမူနာပေးပါ။

(ဂ) ထိုနမူနာမှ လေ့လာသင်ယူသင့်သည့်အချက်များကို ကျောင်းသားများနစ်သက်သည်အထိ ဆွေးနွေး ညှိနှိုင်းပါ။

(ဃ) ထိုစာတမ်းများရေးသားရာတွင် လုပ်ဆောင်ရမည့် အဆင့်များကို ဖော်ပြပါ။

(င) အတန်းတွင်းမှာပင် ကျောင်းသားများအား စာတမ်း၏ ပုံကြမ်းကို ရေးသားခိုင်းပါ။

(စ) ထိုပုံကြမ်းများကို ဝေဖန်ချက်ပေးပါ။

(ဆ) ထိုစာတမ်းမျိုးရေးသားရာတွင် အသုံးပြုရမည့် ကျမ်းညွှန်းများအတွက် ညွှန်ကြားချက်ကို ဇယားချ၍ ရေးပြပါ။

(၃၈) တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခြင်း (Conducting Interviews)

သင်ရိုးတစ်ခုနှင့်ပတ်သက်၍ မကြာခဏ အကြည့်လျှမ်းပြီး သတင်းအချက်အလက်ပေးနိုင်သော သက်ရှိလူသားများကို မမြင်မိပဲရှိတတ်ကြသည်။ သို့သော်လည်း ကျောင်းသားများအား လိုအပ်သည့် နည်းစနစ် များကို ကောင်းစွာ သင်ကြားဖြည့်ဆည်းပေးပြီး သတင်းရင်းမြစ်ပေးနိုင်သူတစ်ယောက်ကို လူတွေ့မေး မြန်းစေကာ စာအဖြစ်ပြန်လည်ရေးသားခြင်း၊ တည်းဖြတ်ခြင်းနှင့်လေ့လာတွေ့ရှိချက်များကို ပြန်လည်တင်ပြခြင်းသည် အလွန် အသိပညာရသော လုပ်ရပ် တစ်ခု ဖြစ်ပါသည်။ လူတွေ့မေးမြန်းခြင်းနည်းလမ်းကို အသုံးပြု၍ ကျောင်းသားများကို လုပ်ငန်းပေး ပုံအတွက် ရိုးရှင်းသော နမူနာတစ်ခုကို အောက်တွင်ပေးထားပါသည်။

ကျောင်းဆရာများ၊ ရပ်ရွာမှလူကြီးများနှင့် အခြားကျောင်းသားများကို ခေါင်းစဉ်တစ်ခု (လူနည်းစု တိုင်းရင်းသား လူမျိုးများ၊ ဒေသခံ နိုင်ငံရေးသမားများ၊ စီးပွားရေးသမားများ၊ သို့မဟုတ် ဘုန်းတော်ကြီးများကဲ့သို့သော သင့်လျော်ရာ လူအုပ်စုများ) အကြောင်း ကျောင်းသားများအား ပုဂ္ဂိုလ် (၃) ဦးနှင့် လူတွေ့မေးမြန်းခိုင်းပါ။ သူတို့အနေနှင့် ထိုကဲ့သို့သောခေါင်းစဉ်အပေါ်တွင် မည်သို့သဘောထားကြောင်း၊ သူတို့အနေနှင့် မည်သည့် အခန်းကဏ္ဍမှ ပတ်သက်ကြောင်း၊ အခြား သူများနှင့် သဘောထားကွဲလွဲမှု ရှိနိုင်သလားနှင့် သဘောကွဲလွဲနိုင်သည့် ပုံစံများကို ကျောင်းသားများအား မေးမြန်းစေသင့်ပါသည်။ ထိုမေးမြန်းသိရှိချက်များကို မှတ်စုထုတ်ပြီး မိမိအုပ်စုထံသို့ယူလာစေရပါမည်။

လူတွေ့မေးမြန်းခြင်းတွင် ရိုးရှင်းသော ပုံစံမှသည် နှုတ်ပြောသမိုင်းများ၊ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိများ တွဲဖက် ရေးသားခြင်းနှင့် လူမျိုးစုအကြောင်းအရာ စာရင်းကောက်ယူခြင်းကဲ့သို့ အလွန်ရှုပ်ထွေးသောပုံစံများအထိ အမျိုးစုံရှိပါသည်။

(၃၉) ခန့်မှန်းခြေစာရင်းကောက်ယူခြင်းနှင့် အခြားသုတေသနများ (Surveys and other Research)

ကျောင်းသားများသည် သုတေသနလုပ်ငန်းကို စာသင်ကြားမှု၏ ရှေ့ဆက်လျှောက်လိုအပ်နေမည့် လုပ်ငန်းအစိပ်အပိုင်း တစ်ခုအဖြစ် လုပ်ကြရပါမည်။ ဥပမာအားဖြင့် စိတ်ပညာဘာသာရပ် သင်ရိုးတစ်ခုတွင် အကဲဖြတ်ချက်တစ်ခု သို့မဟုတ် ခန့်မှန်းခြေစာရင်း ကောက်ယူ ချက်တစ်ခုကို မည်သို့ဆောင်ရွက်ပြီး မည်သို့အမှတ်ပေးရမည်ကို ကျောင်းသားအား သင်ကြားပေးရပါသည်။ ထိုနည်းလမ်း ဖြင့် သူတို့စုဆောင်းရရှိခဲ့သော သတင်းအချက်အလက်များကို သင်ရိုး၏ လမ်းညွှန်ထားသောအယူအဆ (Guiding Concepts) အတိုင်း စီစစ်လုပ်ဆောင်ပြီး အကျိုးရှိသောသင်ယူမှုဖြစ်အောင် လုပ်ဆောင် နိုင်ပါသည်။

၃(ဂ) အကြောင်းအရာမျှဝေခြင်း (Content-Sharing)

အကြောင်းအရာမျှဝေခြင်းသည် ပါမောက္ခများ အကောင်းဆုံးလုပ်ပြနိုင်သော လုပ်နေကျအရာပင်ဖြစ်ပါသည်။

အကြံဉာဏ်ထွက်ပေါ်စေခြင်း၊ အဓိပ္ပာယ်ပုံဖော်ခြင်း၊ ပြန်လည်စဉ်းစားခြင်း မူဘောင်အတွင်းမှ နည်းစနစ်များ

ဤစာအုပ်ထဲမှာပင် နောက်အခန်းများတွင် တင် ပြသွားမည့် နည်းဗျူဟာများစွာတို့သည် အကြောင်းအရာ မျှဝေရာတွင် အသုံးပြုရန်အတွက် စံထား၍ သုံးစွဲသင့်သည့် အရာများ ဖြစ်ကြပါသည်။

အရှိန်မြှင့်ထားသောပို့ချချက် (The Enhanced Lecture)

သိပြီး/သိလို/သိလာ လုပ်ငန်းစဉ် (The Know / Want to Know / Learn Procedure)

နှစ်ဦးတွဲ၍စာဖတ်ခြင်း/နှစ်ဦးတွဲ၍အနှစ်ချုပ်ခြင်း (Paired Reading / Paired Summarizing)

လေ့လာမှုလမ်းညွှန်ချက်များ (Study Guides)

ရုပ်ပုံကားချပ်ဇယားဖြင့် စုစည်းဖော်ပြခြင်း (Graphic Organizers)

ဂျစ်ဆောလုပ်ငန်းစဉ် (The Jigsaw Procedure)

သင်ခန်းစာ၏အနှစ်သာရကို ကျောင်းသားများက အထိရောက်ဆုံးထိတွေ့နိုင်မည့် နည်းလမ်းဖြင့် ဝေမျှနိုင်ပါသည်။ နေ့စဉ်လုပ်ငန်းတွင် အကြံဉာဏ်ထွက်ပေါ်စေခြင်း၊ အဓိပ္ပာယ်ပုံဖော်ခြင်း၊ ပြန်လည်စဉ်းစားခြင်း (ERR) မူဘောင်ဖြင့် သင်ကြား ရေးလုပ်ငန်းကို ပုံဖော်နိုင်လျှင် များစွာအကျိုးရှိပါလိမ့်မည်။

တက္ကသိုလ်ကျောင်းသားများ သင်ခန်းစာအကြောင်းအရာကို ထိတွေ့မှုနက်နဲပြီး နားလည်မှုမြင့်မားစေသည့် နောက်ထပ် နည်းလမ်းများကို ပေးပါဦးမည်။

(၄၀) ဘာသာရပ်ဆိုင်ရာ စကားလုံးများကို မိတ်ဆက်ခြင်း (Introducing Terms)

လူမှုရေးသိပ္ပံနှင့် လူမှုရေးရာ ဘာသာရပ်များအတွက် ဝေါဟာရများသည် ကျောင်းသားများ စိတ်ထင်ရာ အဓိပ္ပာယ် ကောက်၍ ရနိုင်သည်များလည်း ရှိတတ်ပါသည်။ ထို့ကြောင့် မိမိထင်မြင်သလို အဓိပ္ပာယ်ကောက်ခြင်း များကို ဖော်ထုတ်ပေးပြီး အဓိပ္ပာယ်ကောက်လွဲချော်မှုကို ရှင်းလင်းသွားစေနိုင်သော နည်းလမ်းကို ပြသထားပါသည်။

(၄၁) ဘာသာရပ်ဆိုင်ရာ စကားလုံးများအတွက် မေးခွန်း (၃) ခု (Terms Times Three)

ပါမောက္ခအနေနှင့် အရေးကြီးသော ဝေါဟာရများ သင်ခန်းစာတွင် သုံးစွဲ ရတော့မည်ဆိုလျှင် ၎င်းဝေါဟာရတို့နှင့် ဆက်စပ် အကြောင်းအရာများကို ကျောင်းသားတို့၏ မှတ်ဉာဏ်ထဲမှ ပြန်လည်ဖော် ထုတ်ရပါမည်။ ထိုသို့ ပြန်ဖော်ရန် အတွက် ဝေါဟာရတစ်ခုစီတိုင်းကို မေးခွန်း (၃) ခု မေးရပါမည်။

(၁) ဤဝေါဟာရကို သင်ခန်းစာတွင် သို့မဟုတ် စာဖတ်ရာတွင် မည်သည့်နေရာ၌ မည်သည့် စကားစပ်ဖြင့် သင် တွေ့သိခဲ့ဖူး ပါသနည်း။

(၂) သင်အတွေ့အကြုံအရ ဤဝေါဟာရကို မည်သို့ နမူနာပြ၍ သုံးစွဲမည်နည်း။

(၃) ယခုသင်ခန်းစာတွင် ဤဝေါဟာရကို မည်သည့်အဓိပ္ပာယ်ဖြင့် ကောက်ယူမည်နည်း။

(၄၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ (Definitions)

ဤလေ့ကျင့်ခန်းတွက် ကျောင်းသားများကို သင်ခန်းစာခေါင်းစဉ်အောက်မှ အဓိကကျသောဝေါဟာရအချို့ကို အဓိပ္ပာယ်ဖွင့်ဆိုမှုပြုလုပ်စေပါသည်။ ကျောင်းသားများကဝေါဟာရကို ကိုယ်ပိုင်စကားလုံး ဖြင့်အဓိပ္ပာယ်ဖွင့်ဆိုနိုင်စေရန် စဉ်းစား/တွဲ/ဖလှယ် နည်းအား အသုံးပြုနိုင်ပါသည်။ ထို့နောက် အချင်းချင်း ပြန်လည်မျှဝေကြပြီး လျင်အတွေးချင်းဖလှယ်၍ အကောင်းဆုံးအဓိပ္ပာယ်ဖွင့်ဆိုချက်ရရှိအောင်လုပ်ခိုင်းနိုင်ပါသည်။ ထိုလုပ်ငန်းစဉ်ကိုနှစ်ယောက်တွဲ နှစ်တွဲ၊ သုံးတွဲခန့်ကို အချင်းချင်းချိတ်ဆက်ပြီး ဆက်လက်လုပ်ဆောင်ရပါမည်။ ပိုမိုကြီးမား သောအဖွဲ့များဖြင့် ပိုမိုကောင်းမွန် သော ဖွင့်ဆိုချက်များပြုလုပ်ပြီး ဆောင်ရွက်နိုင်ပါသည်။ နောက်ဆုံးအဆင့်တွင် အဖွဲ့ကြီး၏ ကိုယ်စားလှယ်များက မိမိအဖွဲ့၏ ဖွင့်ဆိုချက်များအား တစ်တန်းလုံးထံမျှဝေနိုင်ပြီး အတန်းကလည်း ထိုဖွင့်ဆိုချက်များကို ဝေဖန်ချက်ပေးနိုင်ပါသည်။

၃(ဃ) လမ်းညွှန်ချက်ပါသော လက်တွေ့လုပ်ငန်း (Guided Practice)

ဘာသာရပ်၏အဓိကတန်ဖိုးကို သိနားလည်မှုအပြင်၊ ဘာသာရပ်ဆိုင်ရာ ချဲ့ထွင်လေ့လာမှုလုပ်ရာတွင် စူးစမ်းလေ့လာရေးကရိယာနှင့် ဆက်သွယ်ရေးကရိယာများအဖြစ် အသုံးပြုရမည့်အရာများကို ဖြည့်ဆည်းပေးရပါသည်။ ထို့နောက် တိုးပွား လာသောဗဟုသုတကို ဘာသာရပ်နယ်ပယ်အတွင်း ဖြစ်ပေါ်နေသောအရေးအရာများတွင် ထည့်သွင်း၍ စဉ်းစားတတ်စေရန် အတွက် လမ်းညွှန်ချက်ပါသော လက်တွေ့လုပ်ငန်း လိုအပ်ပါသည်။ သင်ရိုး၏ လမ်းညွှန်ချက် ပေးထားသောလက်တွေ့လုပ်ငန်းတွင် ကျောင်းသားများအား စူးစမ်းလေ့လာရေးနှင့် ဆက်သွယ်ရေးကရိယာများကို လက်တွေ့သုံးစွဲရန် အခွင့်အလမ်းများ ပေးထားရပါသည်။ သူတို့၏လုပ်ပုံကိုင်ပုံများအား ဆရာက အနီးကပ်ကြီးကြပ်မှုပေးပြီး လိုအပ်သော အကြံဉာဏ်များကိုလည်း ပေးရပါသည်။ လမ်းညွှန်ချက်ပါသော လက်တွေ့လုပ်ငန်းပိုင်းတွင် သုံးစွဲနိုင်သော နည်းဗျူဟာများကို ပြီးခဲ့သောအခန်းတွင် ထည့်သွင်းပြသခဲ့ပြီးဖြစ်ပါသည်။

(၄၃) စာဖတ်ရန် လေ့ကျင့်ခန်းများ (Reading Assignments)

လေ့လာသင်ယူမည့် ဘာသာရပ်နယ်ပယ်အတွင်းမှ စာတစ်ပုဒ်အား မည်သို့ဖတ်ရမည်ကို ပါမောက္ခမှ ကျောင်းသားများအား နည်းလမ်းပြသပေးရန်လိုကြောင်းကို အထက်တွင် ပြောခဲ့ပြီးဖြစ်ပါသည်။ လိုရင်းအချက်မှာ ကျောင်းသားများကို စာမဖတ်တတ်သေးဟု ပြောလိုခြင်းမဟုတ်ပဲ ယခုဘာသာရပ်နှင့်ပတ်သက်၍ စာတမ်းရေးသားတင်ပြရာတွင် ဖွဲ့စည်းတင်ပြပုံနှင့်ပတ်သက်၍ ကျောင်းသားများ အကျွမ်းတဝင် မဖြစ်နိုင်သေးသောကြောင့် ဖြစ်ပါသည်။ သရုပ်ပြသူအနေဖြင့် အသံထွက်၍ စဉ်းစား (Thinking Aloud) နည်း၊ စာရေးသူကို မေးခွန်းထုတ်သောနည်း (Questioning the Author Strategy) နှင့် အပြန်အလှန်သင်ကြားသောနည်းစဉ် (Reciprocal Teaching Procedure) များကိုလည်း သုံးနိုင် ပါသည်။ အခက်အခဲနှင့်ရင်ဆိုင်၍စာဖတ်ရသော အခြေအနေမျိုးများတွင် INSERT နည်းစဉ်၊ သိပြီး/သိလို/သိလာ (Know / Want to Know / Learn) နည်း၊ အတူတွဲဖတ်ပြီး အတူတွဲ၍အနှစ်ချုပ်သောနည်းစဉ် (Paired Reading / Paired Summarizing Procedure) စသည်ဖြင့် ဂရုတစိုက်ဖတ်ရှုမှုကိုအားပေးသော စာဖတ်နည်းများ ဤစာအုပ်တွင် စုံစုံလင်လင် ထည့်သွင်းထားပါသည်။

သင်ရိုးပါ ခေါင်းစဉ်များအကြောင်း ဆွေးနွေးသောအခါ ဖလှယ်စူးစမ်းခြင်းလုပ်ငန်းစဉ် (Shared Inquiry Procedure)၊ နောက်ဆုံးစကားပြောခွင့်ပေးပါ (Save the Last Word for Me) နှင့် ဆွေးနွေးပွဲကွန်ယက် (Discussion Web)၊ တန်ဖိုးမျဉ်း (Value Line)၊ ပညာရှင်များငြင်းခုံဆွေးနွေးခြင်း (Academic Controversy) နှင့် နှစ်ပိုင်းပါ မှတ်တမ်းရေးသားနည်း (Dual Entry Diary) တို့ကို သုံးစွဲနိုင်ပါသည်။

(၄၄) ဖြစ်ရပ်လေ့လာချက်များ သို့မဟုတ် ပြဿနာအခြေအနေများ (Case Studies or Problem Sets)

ကျောင်းသားများက အခက်အခဲအခြေအနေများကို ရင်ဆိုင်ဖြေရှင်းရန် အဆင်သင့် ဖြစ်သည့် အခြေအနေကို ရောက်ပြီဆိုလျှင် ပါမောက္ခက ဖြစ်ရပ်လေ့လာချက်များ သို့မဟုတ် ပြဿနာအခြေအနေများကို တင်ပြလာတော့သည်။ စိတ်

ပညာဘာသာရပ် သင်ခန်းစာတစ်ခုတွင် မူကြိုကျောင်းတစ်ကျောင်းအတွက် ကလေးကစားကွင်းတစ်ခုကို ပုံစံချပြီး တည်ဆောက်ရေးကို ပြဿနာအခြေအနေတစ်ရပ်အဖြစ် ချထားပေးနိုင်သည်။

သမိုင်းဘာသာရပ် သင်ခန်းစာတခုတွင်မူ လူထုအတွင်းမှ ပြည်ပသို့ရွှေ့ပြောင်းအလုပ်လုပ်ဖူး သော အတွေ့အကြုံ ရှိထားသူများနှင့် ပြည်တွင်းသို့ဝင်ရောက်လုပ်ကိုင်သူ အုပ်စုနှစ်စုတို့အား လူတွေ့မေးမြန်းမှုပြုလုပ်ပြီး တင်ပြရန် လုပ်ငန်းပေးထားသည်။ ဖြစ်ရပ်များ သို့မဟုတ် ပြဿနာအခြေအနေများကို အသုံးပြုရန်အတွက် ပါမောက္ခအနေနှင့် ကြိုတင် ဆောင်ရွက်ရန် လိုအပ်သည်များမှာ -

(က) ပါမောက္ခ သို့မဟုတ် ကျောင်းသားက ဖြစ်ရပ် သို့မဟုတ် ပြဿနာအခြေအနေကို တင်ပြရန်
(ခ) ပါမောက္ခက ပြဿနာ၏ ထူးခြားသောသွင်ပြင်လက္ခဏာကို မြင်အောင်ပြရန်နှင့် ဖြေရှင်းရန် သို့မဟုတ် ခွဲခြမ်း စိပ်ဖြာ လေ့လာရာတွင် အသုံးပြုရမည့် နည်းလမ်းသစ်ကို မိတ်ဆက်ပေးရန်
(ဂ) ကျောင်းသားများက အဖြေရှာရန် သို့မဟုတ် ခွဲခြမ်းစိတ်ဖြာရန်အတွက် အုပ်စုဖွဲ့၍ ဆောင်ရွက်ရန်
(ဃ) ကျောင်းသားများက တွေ့ရှိချက်များကို အတန်းသားအားလုံးထံသို့ တင်ပြရန်နှင့်
(င) အခြားကျောင်းသားများက ဝေဖန်ချက်ပေးလာရေးကို ပါမောက္ခက ဦးဆောင်ပေးရန် တို့ဖြစ်ကြသည်။

(၄၅) အတွေ့အကြုံမှသင်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုဖြင့် သင်ယူခြင်း (Experiential or Service Learning)

ဝန်ဆောင်မှုဖြင့် သင်ယူခြင်းအကြောင်း (On Service Learning)

ကိုမီးနီးယပ်စ် (၁၅၉၂-၁၆၇၀) ချက်လူမျိုးပညာရေးပြုပြင်ပြောင်းလဲရေးနှင့် ဘာသာရေးခေါင်းဆောင် ခေတ်ကတည်းက ပညာသင်ကြားမှုကို အပြင်လောကနှင့် ချိတ်ဆက်မှုက အရေးကြီးကြောင်း ပါမောက္ခများ အသိအမှတ် ပြုခဲ့ကြ ပြီးဖြစ်သည်။ ထိုရည်မှန်းချက်သို့ ချဉ်းကပ်ရောက်ရှိနိုင်မည့် နည်းလမ်းများကိုလည်း ဖော်ထုတ်ခဲ့ကြပြီး၊ ဝန်ဆောင်မှု လုပ်ငန်းမှ သင်ယူသည့် နည်းစနစ်သည် မကြာသေးသည့်ကာလများက ပေါ်ထွက်လာခဲ့သည့်နည်းလမ်းတစ်ခုဖြစ်ပြီး အတွေ့ အကြုံနှင့် ဖောက်ချလုပ်ကိုင်မှု နှစ်မျိုးပေါင်းစပ်ပါဝင်သည်။ ဝန်ဆောင်မှုလုပ်ငန်းမှ သင်ယူသောနည်းကို အသုံး ပြုသော သင်ရိုးများတွင် ကျောင်းသားများသည် သီတင်းပတ်တိုင်း ဒေသတွင်းရှိ လူထုအကျိုးပြုလုပ်ငန်းဌာနတစ်ခုတွင် အချိန်ပေး၍ အလုပ်လုပ်ကြရသည်။ သင်ရိုး၏သဘောတရားနှင့် အယူအဆများကို သွေးချွေးစွန်အားများထပ်ဖြည့်ကာ ရည်မှန်းချက်ပန်းတိုင်အတွက် စူးစမ်းလေ့လာမှု ကိရိယာကို လေ့ကျင့်အသုံးပြုရသော ဤသင်ကြားနည်းသည် ဒီမိုကရေစီနည်းကျ ပါဝင်ဆောင်ရွက်မှုနှင့် နိုင်ငံသားတာဝန် တို့ကို အလေးပေးပါသည်။

(က) ဝန်ဆောင်မှုဖြင့် သင်ယူခြင်းမှ မည်သည့်အရာများ ထွက်ပေါ်လာသနည်း

၁။ အတန်းသူအတန်းသားများက လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ ကျောင်းများနှင့် လူထုအတွင်း သီးခြားတည်ရှိ နေသောအရာများအတွက် လိုအပ်သောဝန်ဆောင်မှုကို ပေးပါသည်။
၂။ လုပ်ငန်းအတွေ့အကြုံက သင်ရိုးပါအကြောင်းအရာနှင့် ဆက်စပ်မှုရှိပါသည်။
၃။ အတန်းတွင်းလုပ်ငန်းများသည် လုပ်ငန်းအတွေ့အကြုံမှသင်ယူရရှိသောအရာနှင့် ထိုသင်ယူရရှိမှုနှင့်ဘာသာရပ် သင်ခန်းစာတို့၏ ဆက်စပ်မှုကို စဉ်းစားရန်နည်းလမ်းတစ်ခု သို့မဟုတ် နည်းလမ်းများ ဖြစ်ကြပါသည်။
၄။ လုပ်ငန်းမှ သင်ယူရရှိမှုကို အကဲဖြတ်သော နည်းလမ်းလည်း သင်ရိုးတွင် ပါဝင်သည်။ ထူးချွန်ပေါက်မြောက်မှုကို ကြည့်သောအခါ လုပ်ကိုင်မှုတစ်ခုတည်းကိုမကြည့်ပဲ သင်ယူရရှိသောအရာကို သင်ရိုးနှင့်ဆက်စပ်နားလည်မှုကို လည်း အလေးထားသည်။
၅။ လူထုအတွင်း၌ အပြန်အလှန်ဝန်ဆောင်မှုပေးရခြင်းက ဝန်ဆောင်မှုရယူသူ၏ လိုအပ်ချက်များကို အသိအမှတ် ပြုသည်။ ဝန်ဆောင်မှုကိုအကဲဖြတ်ရာတွင် ခံယူသူအတွက် အခွင့်အလမ်းတစ်ခုလည်းရရှိစေပါသည်။
၆။ ဝန်ဆောင်မှုအခွင့်အလမ်းများသည် အသက်မွေးရပ်တည်မှုအတွက် ပြင်ဆင်ပေးခြင်းဖြစ်သည့်တိုင် နိုင်ငံသား များ၏ ပြည်သူ့နီတိပညာရေးဖွံ့ဖြိုးရေးကိုလည်း ရည်ရွယ်သည်။
၇။ ဘာသာရပ်နယ်ပယ်မှပဟုသုတက ကျောင်းသားများပါဝင်ဆောင်ရွက်နေရသော ဝန်ဆောင်မှုလုပ်ငန်းများကို အသိ ဖြည့်ပေးသည်။
၈။ စာသင်ခန်းသည် ဆရာထံမှသင်ယူရုံသာမက အခြားသူများထံမှ သင်ယူနိုင်သောအခွင့်အလမ်းကိုပါ ပေးသည်။

(ခ) ဝန်ဆောင်မှုလုပ်ငန်းဖြင့် သင်ယူသောနည်းတွင် ကျောင်းသားများ မည်သည့်အကျိုးများရရှိကြသနည်း။

တစ်ဦးချင်း၏ ကိုယ်ရည်ကိုယ်သွေး ရလဒ်များ (Personal Outcomes)

၁။ လူတစ်ဦး၏ စွမ်းဆောင်ရည်၊ ကိုယ်ရည်ကိုယ်သွေး၊ စိတ်နေမြင့်မှုနှင့် ကိုယ်ကျင့်တရားဖွံ့ဖြိုးမှုတို့ကို အားပေးသည်။
၂။ အခြားသူများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ဦးဆောင်မှုစွမ်းရည်နှင့် ဆက်ဆံရေးစွမ်းရည်များကို ဖွံ့ဖြိုးစေသည်။
၃။ ကျောင်းသားများ သို့မဟုတ် သင်ကြားရေးအဖွဲ့က တင်ပြသည်မှာ ဝန်ဆောင်မှု လုပ်ငန်းမှ သင်ယူခြင်း သည် ကျောင်းသားများ၏ ပညာသင်ယူမှုအပေါ် ကောင်းကျိုးသက်ရောက်မှုရှိပြီး၊ ဝန်ဆောင်မှုလုပ်ငန်းမှသင်ယူခြင်း ကပင် လက်တွေ့ ကမ္ဘာထဲမှရရှိသောသင်ယူရရှိသောအရာအား အသုံးချနိုင်စွမ်းကိုလည်း တိုးတက်စေသည်။
၄။ ပိုမိုနက်နဲ့စပ်သော နားလည်သိမြင်မှု၊ ပြဿနာကိုခွဲခြမ်းစိတ်ဖြာနိုင်စွမ်း ပိုမိုကောင်းမွန်မှု၊ ဝေဖ န်သုံးသပ်နိုင်စွမ်းရှိမှု နှင့် တွေးခေါ်စဉ်းစားဉာဏ်ဖွံ့ဖြိုးမှုတို့ကိုလည်းရရှိစေသည်။

လူမှုရေးဆိုင်ရာ ရလဒ်များ (Social Outcomes)

၁။ ပုံတူကူးလုပ်ဆောင်မှုများ လျှော့ချနိုင်ပြီး၊ ယဉ်ကျေးမှုနှင့် လူမျိုးရေးရာနားလည်မှုများ မြင့်မားစေသည်။
၂။ လူမှုရေးတာဝန်သိစိတ်နှင့် နိုင်ငံသားကောင်းအကျင့်များကို ဖွံ့ဖြိုးစေသည်။
၃။ ဝန်ဆောင်မှုလုပ်ငန်းတွင် စိတ်နှစ်၍လုပ်တတ်သော ကောင်းကျိုးကို ရရှိစေသည်။
၄။ ကောလိပ်တက်စဉ်အတွင်းစေတနာ့ဝန်ထမ်းလုပ်ငန်းများတွင် ပါဝင်မှုသည် ဘွဲ့ရပြီးချိန်တွင် လူမှုအကျိုးပြု လုပ်ငန်းများ ပါဝင်ဆောင်ရွက်မှုနှင့် ဆက်စပ်နေပါသည်။

အသက်မွေးရပ်တည်ရေးဆိုင်ရာဖွံ့ဖြိုးမှု (Career Development)

၁။ ဝန်ဆောင်မှုလုပ်ငန်းမှသင်ယူခြင်းသည် အသက်မွေးရပ်တည်ရေးဆိုင်ရာ ဖွံ့ဖြိုးမှုကို အကျိုးပြုပါသည်။

တက္ကသိုလ်ကောလိပ်နှင့် ဆက်ဆံပတ်သက်မှု (Relationship with the College of University)

၁။ ဝန်ဆောင်မှုလုပ်ငန်းတွင် ကျကျနနပါဝင်သင်ယူခဲ့သူများ၏ တင်ပြချက်အရ မပါဝင်သူများထက် တက္ကသိုလ်၏ သင်ကြားရေးအင်အားစုများနှင့် ပိုမိုနိုင်မာသော ဆက်ဆံရေးမျိုးရှိကြသည်။
၂။ ဝန်ဆောင်မှုလုပ်ငန်းဖြင့်သင်ယူခဲ့သူများသည် တက္ကသိုလ်ကောလိပ်အပေါ် ကျေနပ်မှုပိုပိုရရှိကြသည်။
၃။ ဝန်ဆောင်မှုလုပ်ငန်းမှ သင်ယူသူများက ဘွဲ့ရရှိမှုနှုန်း ပိုမိုမြင့်မားသည်။

(ဂ) ပြန်လည်သုံးသပ်ခြင်းကို မည်သို့အားကောင်းအောင်လုပ်ဆောင်မည်နည်း။

နှစ်ပိုင်းပါမှတ်တမ်း (Dual-Entry Diary)

ထိုမှတ်တမ်းရေးသားမှုအတွက် ကျောင်းသားများက သီးခြားမှတ်စုစာအုပ် ထားရှိရပါမည်။ လက်ဝဲဘက်ခြမ်းတွင် လုပ်ငန်းအတွေ့အကြုံများ၊ ကိုယ်ပိုင်အတွေးများနှင့် တုန့်ပြန်ဆောင်ရွက်မှုများကို ရေးသွင်းရမည်။ မှတ်တမ်း၏ လက်ယာဖက်ခြမ်းတွင် ပထမရေးသွင်းချက်သည် သော့ချက်အယူအဆများ (Key Concepts)၊ အတန်းတွင်းတင်ပြချက်များ၊ ဖတ်ရှုသိရှိမှုများနှင့် မည်သို့ချိတ်ဆက်ပုံကို ဆွေးနွေးရပါမည်။ သူတို့၏ ကိုယ်ပိုင်အတွေ့အကြုံနှင့် ပုံမှန်သင်ရိုးပါ အကြောင်းအရာတို့အကြား မြှားပြ၍ဆက်သွယ်ခိုင်းရပါမည်။

ထူးခြားဖြစ်ရပ်မှတ်တမ်း (Critical Incident Journal)

ကျောင်းသားများသည် ဝန်ဆောင်မှုလုပ်ငန်းမှ ထူးခြား ဖြစ်ရပ်တစ်ခုကိုသာ ဦးတည်ရမည်။ ပြီးလျှင် ထိုဖြစ်ရပ်နှင့် ကိုက်ညီသော သင်ခန်းစာပါအချက်အလက်များနှင့်ပတ်သက်သော သူတို့၏အတွေးအမြင်၊ တုန့်ပြန် ဆောင်ရွက်ပုံ နှင့် ရှေ့ဆက်လုပ်လိုသောစိတ်ကူးများကို နှိုက်ထုတ်ရန် ပုံကြမ်းဖော်ထားသည့် မေးခွန်းများမေးကာ ဖြေဆိုစေရပါမည်။ ဥပမာ -

၁။ သင်ဘာပြော၍ ဘာလုပ်ရမည်ကို မသိနိုင်လောက်အောင် အကြပ်တွေ့စေသောဖြစ်ရပ်တစ်ခု သို့မဟုတ် အခြေအနေ တစ်ခုကို ဖော်ပြပါ။
၂။ ထိုသို့ရှုပ်ထွေးရသောဖြစ်ရပ်တစ်ခု အဘယ့်ကြောင့် ပေါ်ပေါက်လာရပါသနည်း။
၃။ ထိုဖြစ်ရပ်အပေါ် သင်ကိုယ်တိုင်နှင့် အနီးဝန်းကျင်မှပုဂ္ဂိုလ်များက မည်သို့ခံစားမိကြသနည်း။

၄။ သင်ဘာလုပ်ခဲ့သနည်း၊ သို့မဟုတ် သင်မည့်သည့်အရာကို ပထမဆုံးလုပ်ဆောင်ရန် တွေးမိပါသနည်း။
၅။ သင်ပြုလုပ်ခဲ့သင့်သည့်အရာ (၃) ခုကို အစဉ်လိုက်ရေးသားပြီး တစ်ခုခြင်းအပေါ် သုံးသပ်ပေးပါ။
၆။ သင်ရိုးပါအကြောင်းအရာက ယခုအရေးကိစ္စနှင့် မည်သို့ဆက်နွယ်သနည်း။ သင်၏ရွေးချယ်မှုများကို ခွဲခြမ်းစိပ်ဖြာရန် မည်သို့အကူအညီဖြစ်သနည်း။ အကြံပြုဖွယ် မည့်သည့်လုပ်ငန်းစဉ်တစ်ခု ရရှိပါသနည်း။

သုံးပိုင်းပါ မှတ်တမ်း (Three-Part Journal)

ကျောင်းသားများကို မှတ်တမ်းရေးသွင်းရမည့်နေရာတစ်ခုစီတွင် အရေးကိစ္စသုံးခုအပေါ် တုန့်ပြန် ရေးသားရန် စေခိုင်းရပါမည်။

(က) လက်တွေ့လုပ်ငန်းတွင် ဖြစ်ပျက်ခဲ့သမျှတို့ကို ဖော်ပြပေးရန် - သင် အောင်မြင်ပြီးမြောက်ခဲ့သော အရာများ၊ သင်စိတ်ရှုပ်ထွေးမှုဖြစ်ခဲ့ရသောအရာများ၊ အပြန်အလှန် ဆက်ဆံပုံများ၊ ချခဲ့သော ဆုံးဖြတ်ချက်များ၊ ရေးဆွဲခဲ့သော စီမံ ချက်များ၊ စသည်ဖြင့်။

(ခ) ဖြစ်ရပ်များအပေါ် နားလည်နိုင်ရန်နှင့် ရှေ့ဆက်လုပ်ငန်းများအတွက် လမ်းညွှန်ချက်အဖြစ် အဓိကအသုံးပြုရ သော အရေးကြီးယူဆချက်များနှင့် လုပ်ငန်းအတွေ့အကြုံက သင်ရိုးပါအကြောင်းအရာနှင့် မည်သို့ဆက်နွယ်ပုံကို ခွဲခြမ်း စိပ်ဖြာပြရန်။

(ဂ) သင့်ဘဝရည်မှန်းချက်များ၊ တန်ဖိုးထားမှုများ၊ ခံယူချက်များ၊ ယုံကြည်ချက်များ၊ ဘဝဒဿနများတွင် လုပ်ငန်းအတွေ့အကြုံများနှင့် သင်ရိုးပါအကြောင်းအရာများအား အသုံးပြုနိုင်ပုံကို ဖော်ပြပါ။

လမ်းညွှန်ချက်ပေးထားသော ရေးသားခြင်း (Directed Writings)

ကျောင်းသားများအား သင်ရိုး၏သဘောတရားများ၊ အယူအဆများ၊ ကိုးကားချက်များ၊ ကိန်းဂဏန်း အချက် အလက်များနှင့် သုတေသနတွေ့ရှိချက်များကို မိမိ၏ လုပ်ငန်းအတွေ့အကြုံများနှင့် မည်သို့ဆက်စပ်ပုံကို စဉ်းစားခိုင်းပါ။ လုပ်ငန်းခွင်တွင် တွေ့ကြုံနေရသော အဓိကကျ သည့်ကိစ္စရပ်များ (Key Issues) အပေါ်တွင် မှတ်တမ်းရေးသွင်းခိုင်းရပါမည်။

Ref: Robert Bringle and Julie Hatcher, “Reflection in Service Learning; Making Meaning of Experience.” Educstional Horizons. Boston; Allyn and Bacon, 1999.

(ဃ) ကျောင်းသားများ၏ ပြန်လည်သုံးသပ်မှု အရည်အသွေး တိုးတက်မှုကို မည်သို့တိုင်းတာမည်နည်း။

ပြန်လည်သုံးသပ်ကို အကဲဖြတ်သည့်အဆင့်များအတွက် စံသတ်မှတ်ချက်များ

အဆင့် (၁)

၁။ ပုဂ္ဂိုလ်၏အပြုအမူ သို့မဟုတ် အနေအထားတစ်ခု၏ သဘောလက္ခဏာအတွက် ဥပမာပေးသည်။ သို့သော် လေ့လာမှု၏နောက်ကွယ်မှ အကြောင်းရင်းကို စူးစမ်းခြင်းမပြု။ စူးစမ်းမှုများကလည်း အတိုင်းအတာကို သိရန် နှင့် လုပ်ရိုးလုပ်စဉ် သို့မဟုတ် အတန်းထဲတွင် အချင်းချင်းထံမှဖြစ်စေ ကြားသိခဲ့သမျှကို အစီစဉ်တကျ မဟုတ်ပဲ ပြန်လည် ပြောပြ ခြင်းသာဖြစ်သည်။
၂။ အခြေအနေတစ်ခု၏ သွင်ပြင်လက္ခဏာတစ်ခုကိုသာ ဗဟိုပြုသည်။
၃။ အခိုင်အမာပြုစရာ အထောက်အထားအဖြစ် ထောက်ခံချက်ရမထားသော ပုဂ္ဂလိကယုံကြည်ချက်များကို အသုံးပြုသည်။
၄။ အမြင်ကွဲပြားမှုရှိသည်များကို လက်ခံသည်။ သို့သော် ကွဲပြားချက်များကို နှိုက်ချွတ်လေ့လာမှုကား မပြုပေ။

အဆင့် (၂)

၁။ လေ့လာစူးစမ်းမှုများသည် ကျယ်ဝန်းသည့်သဘောမရှိသေးသည့်တိုင် နှံ့စပ်သေချာမှုနှင့် သိမ်မွေ့သော ကွဲပြား ခြားနားမှုများကို ပေါ်လွင်စေသည်။

၂။ မြင်ထောင့်တစ်ခုဖက်က လက်ခံချင်စဖွယ်ဝေဖန်ချက်မျိုးကို ပေးနိုင်သည်။ သို့ရာတွင် သဘောလက္ခဏာတစ် ရပ်ကို ခြုံငုံထားသည့်စနစ်ကို ဆန်းစစ်နိုင်လောက်အောင် ကျယ်ပြန့်သောအမြင်မျိုး မရှိသေးသည့်အလျောက် အပြောင်းအလဲတစ်ခုကို ဖော်ဆောင်ရာတွင် ကြုံတွေ့နိုင်သည့် အခက်အခဲအခြေအနေများကိုလည်း မမြင်နိုင် သေးပေ။
၃။ ထောက်ခံချက်ရရှိမထားသော ပုဂ္ဂလိကယုံကြည်ချက်များနှင့် အထောက်အထားများ နှစ်မျိုးလုံးကိုအသုံးပြုပြီး တစ်ခုချင်းကိုလည်း ခွဲခြားသုံးသပ်မှု ပြုလုပ်နိုင်သည်။
၄။ ရှုထောင့်တစ်ခုမှ တရားဝင်အဖြစ်လက်ခံရမည့် မတူညီချက်များကို မြင်တတ်လာသည်။
၅။ အထောက်အထားခိုင်လုံမှုကို ရှင်းလင်းပြောဆိုနိုင်သောစွမ်းရည်ကို စတင်ဖော်ပြသည်။

အဆင့် (၃)

၁။ အရေးကိစ္စများကို ရှုထောင့်အမျိုးမျိုးမှ ကြည့်တတ်သည်။ အခြေအနေတစ်ခု၏ သဘောလက္ခဏာများစွာကို သိမြင်နိုင်စွမ်းရှိပြီး နေရာတကျ ဆက်စပ်နိုင်သည်။
၂။ ရည်မှန်းချက်များ အချင်းချင်း၌ဖြစ်စေ၊ ပါဝင်သူတစ်ဦးချင်း၌ဖြစ်စေ ပဋိပက္ခဖြစ်ပေါ်နိုင်သော အတွင်းသဘော ကို ထွင်းဖောက်မြင်နိုင်ပြီး တစ်ခုစီ၏ မတူညီသောတန်ဖိုးများကို အကဲဖြတ်နိုင်ပုံကိုလည်း သိမြင်သည်။
၃။ ထောက်ခံချက်ရရှိမထားသော ပုဂ္ဂလိကယုံကြည်ချက်များနှင့် အထောက်အထားများ နှစ်မျိုးလုံးကို အသုံးပြုပြီး တစ်ခုချင်းကိုလည်း ခွဲခြားသုံးသပ်မှု ပြုလုပ်နိုင်သည်။
၄။ ရှုထောင့်တစ်ခုမှ တရားဝင်ဖြစ်နေသော မတူညီမှုများကို မြင်တတ်လာသည်။
၅။ အထောက်အထားခိုင်လုံမှုကို ရှင်းလင်းပြောဆိုနိုင်သောစွမ်းရည်ကို စတင်ဖော်ပြသည်။

(င) ဖြစ်နိုင်ခြေများကို စဉ်းစားခြင်း - ဝန်ဆောင်မှုလုပ်ငန်းဖြင့် သင်ယူသော စီမံချက်ကို ရေးဆွဲခြင်း

ဝန်ဆောင်မှုလုပ်ငန်းဖြင့်သင်ယူသောစီမံချက်ကို ပုံစံချရာတွင် အောက်ပါမေးခွန်းများကို ထည့်သွင်းစဉ်းစားလျှင် များစွာ အထောက်အကူဖြစ်စေပါသည်။

ကြိုတင်စီစဉ်ဖွယ်ရာများ (Preliminaries)

၁။ သင်ရိုးက မည်သည့်အရာကို ဗဟိုချက်ထားသနည်း။ ရည်မှန်းချက်က အဘယ်နည်း။
၂။ ဘာသာရပ်နယ်ပယ်အတွင်းမှ ဖြေရှင်းပြထားသော ပြဿနာအခြေအနေများသည် ယနေ့လောကတွင် မည်သို့သော နည်းများဖြင့် မြင်သာထင်သာ ရှိနေကြသနည်း။ ရပ်ရွာအတွက်ကော မည်သို့ အသုံးဝင်သနည်း။
၃။ ဤဘာသာရပ်နယ်ပယ်အတွင်း၌ ပညာတတ်မြောက်ပြီးနောက် လုပ်ငန်းခွင်တွင် ထိုပညာကိုအသုံးချနေသူများ သင်တို့အသိုင်းအဝိုင်းတွင် မည်သူတွေရှိသနည်း။ သူတို့ ဘာတွေလုပ်ကြသနည်း။

ဝန်ဆောင်မှုဆိုင်ရာ လုပ်ဆောင်မှုများ (Service Activities)

၁။ ပြင်ပလူမှုအသိုင်းအဝိုင်းတွင် အသုံးချရန်အတွက် ဘာသာရပ်နယ်ပယ်အတွင်းမှ အဖြေရှာရမည့် မည်သို့သော ပြဿနာ ဖြေရှင်းမှု ကိုယ်တွေ့ အတွေ့အကြုံကို သင့်ကျောင်းသားအား ပေးလိုသနည်း။
၂။ ထိုလုပ်ငန်းများကို မည်သည့်နေရာတွင် လုပ်ဆောင်ကြမည်နည်း။ မည်သူတွေက လက်ခံပေးပြီး မည်သူများက ကြီးကြပ်ကြမည်နည်း။
၃။ ကျောင်းသားများအတွက် မည်သည့် သင်တန်း (လေ့ကျင့်မှု) မျိုးကို လိုအပ်နေပြီး၊ မည်သို့ ရနိုင်သနည်း။
၄။ ဤဝန်ဆောင်မှုလုပ်ငန်း စီမံချက်တွင် လူထု၏ စိတ်ဝင်စားမှုများ၊ အလေးပေးမှုများနှင့် ခံစားတုန်ပြန်မှုများကိုပါ ထည့်သွင်းစဉ်းစားရာတွင် သေချာအောင် သင်မည်သို့ဆောင်ရွက်မည်နည်း။

သင်ယူမှုဆိုင်ရာ လုပ်ဆောင်မှုများ (Learning Activities)

၁။ ကျောင်းသားများက သူတို့၏ဝန်ဆောင်မှုအလုပ်ကို သင်ရိုးထဲမှ အကြောင်းအရာများ၊ အယူအဆများနှင့် ဆက်စပ်ယူနိုင်ရန် အခွင့်အလမ်းများကို မည်သို့ရနိုင်သနည်း။
၂။ သူတို့လုပ်ငန်းအပေါ်တွင် ပြန်လည်သုံးသပ်မှုပြုလုပ်ရန် မည်သို့လမ်းကြောင်းပေးမည်နည်း။
၃။ သူတို့၏ လုပ်ရပ်အပေါ်တွင် မည်ကဲ့သို့ အကဲဖြတ်၍ အဆင့်သတ်မှတ်ပေးမည်နည်း။

၃(င) တိုးချဲ့၍စူးစမ်းခြင်း (Extended Inquiry)

တိုးချဲ့၍စူးစမ်းမှုပြုသည့်အပိုင်းဟူသည် ကျောင်းသားတစ်ဦးချင်းကဖြစ်စေ၊ အုပ်စုများဖွဲ့၍ဖြစ်စေ လွတ်လပ်သော စူးစမ်းလေ့လာမှု ထပ်တိုးပြုလုပ်သော သို့မဟုတ် စီမံချက်အသစ်တစ်ခုကို ရွေးချယ်လုပ်ကိုင်ကြသော အပိုင်းဖြစ်ပါသည်။ နည်းစနစ်ကို သင်ကြားပေးစဉ်မှာဖြစ်စေ၊ လမ်းညွှန်ချက်ဖြင့်လုပ်ရသည့် အချိန်ကဖြစ်စေ သေသေချာချာအာရုံ စူးစိုက်ခဲ့ကြလျှင် ကျောင်းသားများသည် ကိုယ်ပိုင်စီမံချက်တစ်ခုကို လုပ်နိုင်လောက်အောင် ကောင်းစွာ အဆင်သင့် ဖြစ်နိုင်ပေသည်။ ဤအပိုင်းသည် သူတို့ကိုယ်တိုင် လုပ်ငန်းခွင်မှလူများကဲ့သို့ စဉ်းစားတွေးခေါ်ရသည့် အတွေ့အကြုံကို ရစေပါသည်။ လေ့လာမှု၏ အဆုံးတွင် သူတို့၏ တွေ့ရှိချက်ကို အတန်းသားများအားတင်ပြပြီးဝေဖန်ချက်နှင့် အကြံပြုချက်များကို ရယူနိုင်ပါသည်။

ကျောင်းသားများသည် သုတေသနစီမံချက်များကိုဆောင်ရွက်ရာမှ အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။ ဆက်စပ်သော အကျိုးပြုလုပ်ငန်းများကို ကောင်းမွန်စွာလုပ်ဆောင်နိုင်အောင် သာတူညီမျှ တာဝန်ချထားပေးနိုင်မည့် နည်းလမ်းကို ထည့်ပေးနိုင်လျှင် အုပ်စုဖွဲ့၍လုပ်ဆောင်ရသော သုတေသနလုပ်ငန်းများနှင့် သုတေသန ပြပွဲများမှ ကောင်းကျိုး ရကြပေမည်။

သမရိုးကျ စာကြည့်တိုက်အခြေပြု သုတေသနလုပ်ငန်းမျိုးအပြင် သုတေသန စီမံချက်များကို အကျိုးရှိရှိ ပုံဖော်နိုင် သည့် ထိရောက်သောနည်းလမ်းများ ရှိကြပါသည်။ သုတေသနစာတမ်းများနှင့်ပတ်သက်၍ အောက်ပါအချက်များကို စဉ်းစားထား သင့်ပါသည်။ (၁) မတူကွဲပြားသော တိုင်းတာပုံအမျိုးမျိုး ၊ (၂) အချက်အလက်ရှာဖွေရမည့် မတူကွဲပြားသော ဇာစ်မြစ်နေရာအမျိုးမျိုး ၊ (၃) မတူကွဲပြားသော ပုံစံချပုံများ ။

ကျောင်းသားများ သုတေသန စီမံချက် ဆောင်ရွက်ရာတွင် အသုံးတည့်လှသော ချဉ်းကပ်နည်း တစ်နည်းဖြစ်သည့် ကျွန်ုပ်-ရှာဖွေသည် (I-Search) ပုံစံကို အောက်တွင်ပေးထားပါသည်။

<u>ကျွန်ုပ်-ရှာဖွေသည် စာတမ်း (The I-Search Paper)</u>

သုတေသနလုပ်ငန်းစဉ်ကို ပေါ်လွင်ထင်ရှားစေပြီး ကျောင်းသားနှင့် အဆက်အစပ်ရှိသည့် အကြောင်းအရာ ခေါင်းစဉ်ကို အလေးပေးသော လူကြိုက်များသည့်သုတေသနအမျိုးအစားမှာ ၁၉၈၈ တွင် ကင်မကရိုနီ ဖော်ပြခဲ့သော ကျွန်ုပ်-ရှာဖွေသည် (I-Search) ပုံစံဖြစ်သည်။ ထိုပုံစံကို အဆင့် (၆) ခုဖြင့် ဖော်ထုတ်ရပါသည်။

၁။ ကျောင်းသားများက လုပ်ငန်းခေါင်းစဉ်တစ်ခုအပေါ် မေးခွန်းများထုတ်ရသည်။ ခေါင်းစဉ်တွင် ထဲထဲဝင်ဝင် စိတ်နစ်နေချိန်တွင် သူတို့သိထားသောအရာများနှင့် သိလိုသည်များအားကူညီရှာဖွေပေးပြီး သုတေသန ပြုသင့်သော မေးခွန်းတစ်ခုကို ဖော်ထုတ် ရပါသည်။

၂။ ကျောင်းသားများက သုတေသနလုပ်ငန်းစဉ်ကို ရေးဆွဲရပါသည်။ လုပ်ငန်းစဉ်တွင် စာအုပ်နှင့် မဂ္ဂဇင်းများသာမက လူတွေ့မေး မြန်းမှုများ၊ ခန့်မှန်းတွက်ဆချက်များနှင့် အင်တာနက်အခြေပြု ရှာဖွေမှုများ စသည်ဖြင့် ရင်းမြစ် လေးငါးခု ပါဝင်သင့်ပါသည်။

၃။ ကျောင်းသားများစုဝေးကာ သတင်းအချက်အလက်များကို မှတ်တမ်းတင်ကြရသည်။ ကျောင်းသားများ လုပ်ဆောင်ကြရမည့် နည်းလမ်းများအားလုံးအတွက် ညွှန်ကြားချက်များပေးထားရသည်။ စာကြည့်တိုက်တွင် ကျမ်းကိုး ရှာဖွေနည်းများ၊ လူတွေ့ မေးမြန်းရန် ပြင်ဆင်ပုံနှင့်မေးမြန်းပုံ လုပ်ငန်းစဉ်များ၊ အင်တာနက်မှရယူသည့် သတင်းရင်းမြစ် အမျိုးမျိုးကို အဆင့်အတန်းခွဲ ခြားထားပုံများ စသည်တို့ ပါဝင်သည်။ မှတ်စုလိုက်နည်းနှင့် ပုံကြမ်းရေးနည်းများကိုလည်း လိုအပ်လျှင် သင်ကြားပေးသည်။ စာတမ်းအချောမရေးသားမီ ရုပ်ပုံများဖြင့်အချက်အလက်များကို စုစည်း တင်ပြနည်း များလည်း သင်ပေးဖို့ လိုကောင်း လိုအပ် နိုင်ပါသည်။

၄။ ကျောင်းသားများ စာတမ်းရေးသားကြရသည်။ အောက်တွင် ဆက်လက်ဖော်ပြမည့် နည်းလမ်းအတိုင်း စာတမ်းကို ပုံစံချ၍ ရေးသားတင်ပြကြရပါသည်။

၅။ ကျောင်းသားများ စာတမ်းတင်ပြကြရသည်။ ကျောင်းသားများသည် ရေးသားထားသော စာတမ်းကို တင်သွင်း ကြသည်။ နှုတ်ပြောတင်ပြမှု ပြုလုပ်ကြရသည်။ စာတမ်းကို ပိုစတာအသွင်ဖြင့်ဖြစ်စေ ပြသကြရသည်။

၆။ စာတမ်းကို အကဲဖြတ်အမှတ်ပေးသည်။ စာတမ်းအား အကဲဖြတ်ခြင်းကို လုပ်ငန်းစဉ်အတိုင်းဖြစ်မှု၊ ချမှတ်ထားသော ပုံစံဝင်မှု စသည်ဖြင့် ကြိုတင်ပြောပြထားချက်များအတိုင်း ရေးဆွဲထားသော အကဲဖြတ်စည်းမျဉ်းဖြင့် အကဲဖြတ်သည်။

<u>ကျွန်ုပ် ရှာဖွေသည် (I-Search) သုတေသနစာတမ်းတွင် ပါဝင်သောအပိုင်း (၅) ခု</u>

၁။ မေးခွန်းများ (Questions)

ဤအပိုင်းတွင် ကျောင်းသားများသည် မေးခွန်းနှင့်ပတ်သက်၍ရှာဖွေလေ့လာရာတွင် သူတို့သိထားပြီးသည်များ၊ ဤမေးခွန်းနှင့် ပတ်သက်၍ အဘယ့်ကြောင့် သူတို့ အလေးထားကြောင်း၊ အဘယ့်ကြောင့် စိတ်ဝင်စားကြောင်း တို့ကို ဖော်ပြကြရသည်။

၂။ ရှာဖွေမှု လုပ်ငန်းစဉ် (The Search Process)

ဤအပိုင်းတွင် ကျောင်းသားများအနေနှင့် ရှာဖွေသည့်လုပ်ငန်း အဆင့်ဆင့်ကို စီစဉ်ဖော်ပြကြရသည်။ ဥပမာအားဖြင့် ကျောင်းသားများအနေနှင့် မည်သည့်သတင်းအချက်အလက် ရင်းမြစ်များမှ သူတို့စတင်ရှာဖွေပြီး ထိုမှတဆင့် မည်သည့် ဇာစ်မြစ်နေရာများသို့ ဦးတည်စေကြောင်းတို့ဖြစ်သည်။ ပြဿနာကြုံရသည်များနှင့် အောင်မြင်ပေါက်မြောက်မှုများ၊ စိတ်ဝင်စား ဖွယ်ရာ တွေ့ရှိချက်များကိုလည်း ဖော်ပြကြရပါမည်။ ရှာဖွေမှုလုပ်ငန်းစဉ်၏ တွေ့ရှိချက်များပေါ်တွင်မူတည်၍ သူတို့၏မေးခွန်းများ ဦးတည်ချက်ပြောင်းခဲ့ရပုံ၊ ထပ်မံတိုးချဲ့ရပုံနှင့် တန်ဖိုးရှိလှသည့် အချက်အလက် ဇာစ်မြစ်များ ရရှိအောင် လမ်းညွှန်ပေးသူများ၏ အကူအညီအတွက် ကျေးဇူးဖော်ပြချက်များလည်း ပါဝင်ရပါသည်။

၃။ လေ့လာသိရှိခဲ့သည့်အရာ (What Was Learned)

ဤနေရာတွင် ကျောင်းသားများသည် အဓိကတွေ့ရှိချက်များ သုံးလေးခုခန့်၊ သို့မဟုတ် နိဂုံးဆွဲကောက်ယူချက်များ နှင့် ထိုသို့ကောက်ယူရာတွင် အထောက်အပံ့ပြုသည့် ဥပမာများ၊ ဖြစ်ရပ်ဇာတ်လမ်းများနှင့် အကြောင်းပြချက်များဖြင့် သူတို့ အဘယ့်ကြောင့် ဤသို့ နိဂုံးဆွဲယူရသည်ကို ဖတ်ရှုသူများနားလည်အောင် အထောက်အကူပြုသည့် အချက်များကိုသာ စုစည်းတင်ပြရပါမည်။ သူတို့၏ တွေ့ရှိချက်များကို မူလမေးခွန်းများနှင့်လည်း ချိန်ဆက်ပြနိုင်အောင် အားထုတ်ကြရ ပါမည်။ ထပ်မံစူးစမ်းလေ့လာသင့်သည့် မေးခွန်းများကိုလည်း ထည့်သွင်းဖော်ပြနိုင်သည်။ သူတို့၏ သုံးသပ်ချက်များ၊ အကြောင်းရင်း နှင့်အကျိုးဆက်များ၊ အကျိုးနှင့် အပြစ်များ၊ နှိုင်းယှဉ်သုံးသပ်ချက်များ၊ ရှေ့နောက်စီစဉ်ပုံများလည်း ပါဝင်သင့်ပါသည်။

၄။ ရေးသားသူရရှိသည့် သင်ခန်းစာများ (Lessons for the Writer)

ဤနေရာတွင် ကျောင်းသားများက သုတေသီတစ်ယောက်သဖွယ် တိုးတက်လုပ်ဆောင်တတ်လာပုံကို ဖော်ပြရမည့် နေရာဖြစ်ပါသည်။ ယခင်က သင်မသိရှိခဲ့သည့်အကြောင်းအရာတစ်ခုကို သတင်းအချက်အလက် ရှာဖွေပုံနှင့် ပတ်သက်၍ သင် ဘာတွေသိလိုက်ရပြီလဲဆိုသည့် မေးခွန်းကို အဖြေပေးရပါသည်။ ထိုမေးခွန်း၏အဖြေအဖြစ် သူတို့အတွက် အရာရောက်ဆုံး အချက်များကို ဖော်ပြခြင်းဖြစ်ပါသည်။ ယခုတွေ့ရှိချက်များအရ သူတို့၏ ရှေ့ဆက်လုပ်ကိုင်မှု သို့မဟုတ် တွေးခေါ်မှုကို မည်သို့သက်ရောက်မှုဖြစ်စေမည်ကိုလည်းဖော်ပြရပါသည်။ နောက်ဆုံးတွင် သုတေသီ တစ်ယောက် အဖြစ်ရော စာရေးသူတစ် ယောက်အဖြစ်နှင့်ပါ တိုးတက်ရရှိလိုက်သည့် ကျွမ်းကျင်မှုများကိုလည်း သူတို့ ဖော်ပြချင်ပေလိမ့်မည်။

၅။ ကျမ်းကိုးများ (References)

သူတို့ကိုကားဖော်ပြသည့် အရာအားလုံးကိုလည်း ထည့်သွင်း ဖော် ပြရပါမည်။

အပိုင်း (၄)

တက္ကသိုလ်အဆင့်တွင် တက်ကြွစွာသင်ယူမှုဖြစ်ရန် လေ့ကျင့်ပေးသည့် ပုံစံများ

တက္ကသိုလ် ဆရာ၊ ဆရာမများအား တက်ကြွစွာသင်ယူမှုအတွက် လေ့ကျင့်ပေးသည့်သင်တန်းကို မည်သို့စီစဉ်ကြ မည်နည်း ဟူသော မေးခွန်းဆီသို့ ရောက်လာခဲ့ပေပြီ။ သင်တန်းများစီစဉ်ရန်အတွက် ပုံစံ (၂) မျိုးရှိပါသည်။ လက်တွေ့ လေ့ကျင့်မှုလုပ်ငန်းစဉ် (Workshop Series) ပုံစံနှင့် ဆွေးနွေးပွဲ (Seminar) ပုံစံ တို့ဖြစ်ကြသည်။ ကျွန်ုပ်တို့အနေနှင့်မူကား လက်တွေ့လေ့ကျင့်မှု လုပ်ငန်းစဉ်အမျိုးအစားကို ဦးစွာသုံးပြုရန် တိုက်တွန်းလိုသည်။ အကြောင်းမှာ သင်တန်း တစ်ကြိမ်လျှင် နိုင်ငံတဝှန်းမှ သင်တန်းသား ၃၀ မှ ၄၀ ထိ လက်ခံနိုင်သောကြောင့်ဖြစ်သည်။ လေ့ကျင့်မှုပြီးမြောက်ချိန်တွင် ထိုသင်တန်းသားများက မိမိဒေသတွင် လက်တွေ့လေ့ကျင့်မှုသင်တန်းများနှင့် ဆွေးနွေးပွဲများ ဆင့်ပွား ကျင်းပပေးနိုင်ပါသည်။

(က) လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲ ပုံစံ (Workshop Series Model)

လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲ ပုံစံကို RWCT သင်တန်းများတွင် အသုံးများသည်။ လုပ်ငန်း စီစဉ်ဆောင်ရွက်ပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ သင်ကြားမှုနည်းစနစ်များကို လက်တွေ့လေ့ကျင့်မှု လုပ်ငန်းစဉ်ဖြင့် မိတ်ဆက် သင်ကြားပေး ပြီး ဆွေးနွေးမှု လည်း ပြုလုပ်သည်။

၂။ သင်တန်းသားများအနေနှင့် လမ်းညွှန်ပြသသော လေ့ကျင့်မှုတွင် ပါဝင်ရသည့်အခွင့်အလမ်းများ ရရှိသည်။
၃။ သင်တန်းသားများအနေနှင့် ရွေးချယ်ထားသောနည်းစနစ်ကို မိမိ၏သင်ကြားရေးလုပ်ငန်းတွင် စမ်းသပ်သုံးစွဲကြမည့် အစီအစဉ်များပြုလုပ်ကြပြီး အချင်းချင်းလည်း မျှဝေနိုင်သည်။
၄။ လက်တွေ့သင်တန်းအပြီးတွင် သင်တန်းသားများက သူတို့၏စာသင်ခန်းများအတွင်း သင်ကြားမှုနည်းစနစ်များကို စမ်းသပ်သုံးစွဲကြည့်သည်။
၅။ ဒေသတွင်းဆရာများအချင်းချင်း အထောက်အကူပြုအဖွဲ့တွင် ပြန်လည်တွေ့ဆုံကြပြီး နည်းစနစ်အသုံးပြုရသည့် အတွေ့အကြုံများကို ဆွေးနွေးကြသည်။ အချင်းချင်း ပြဿနာများဖြေရှင်းရန် နည်းလမ်းများ အကြံပြုကြသည်။
၆။ နောက်ထပ်ပြုလုပ်မည့် လက်တွေ့သင်တန်းတခု၏ အစဦးတွင် သင်တန်းသားများ၏ အတွေ့အကြုံများကို မျှဝေ ကြသည်။ စာသင်ခန်းများ၏ စွမ်းဆောင်နိုင်မှု အမြင့်ဆုံးကိုရောက်ရှိစေရန် သင်ကြားမှုနည်းစနစ်များအား မိုငြမ်း အသုံးပြုနိုင်မည့် နည်းလမ်းများကို ဆွေးနွေးကြသည်။
လက်တွေ့သင်တန်း (၄) ခုကို ဆက်တိုင်စီစဉ်ပုံ နမူနာ ကို အောက်တွင် ဖော်ပြထားပါသည်။ အစီအစဉ်တစ်ခုလျှင် (၁၈) နာရီခန့်ကြာမြင့်သည်။ တစ်ရက်လျှင် (၆) နာရီ နှုန်းဖြင့် (၃) ရက်လည်း လုပ်နိုင်ပါသည်။

<u>လက်တွေ့သင်တန်း (၁) (၃ ရက်မှ ၄ ရက်)</u>

ကြိုတင်ပြင်ဆင်၊ မိတ်ဆက်၊ သင်တန်းလုပ်ငန်းစဉ် ခြုံငုံပြောပြခြင်း

လိုအပ်ချက်ကို သုံးသပ်ဖော်ထုတ်ခြင်း

၁။ သင့် စာသင်ခန်းများ၏ ပုံမှန် သွင်ပြင်လက္ခဏာများ
၂။ သင်ပြုပြင်ပြောင်းလဲလိုသော အရာများ

၃။ တက်ကြွစွာသင်ယူမှုနှင့် ဝေဖန်ပိုင်ခြားစဉ်းစားခြင်းနှင့်ပါတ်သက်၍ သုတေသနတွေ့ရှိချက်များ

<u>သရုပ်ပြသင်ခန်းစာနှင့် လမ်းညွှန်ချက်ပါသော လက်တွေ့လုပ်ဆောင်မှု</u>

၁။ ERR ဘောင်ကို မိတ်ဆက်ပေးခြင်း
၂။ အရှိန်မြှင့်ထားသော ပို့ချချက် (Enhanced Lecture)

၃။ ဖလှယ်စူးစမ်းခြင်း (Shared Inquiry)
၄။ ဆွေးနွေးပွဲ ကွန်ရက် (Discussion Web)
၅။ မေးခွန်းမေးရန် အခြားနည်းလမ်းများ (Other Questioning Strategies)

<u>စစ်ဆေးအကဲဖြတ်ခြင်း (Assessment)</u>

ဆွေးနွေးမှုတွင် ကျောင်းသားများ၏ပါဝင်မှုကို မည်သို့ အကဲဖြတ်မည်နည်း။
ERR မူဘောင် နှင့် သင်တန်းတစ်ခုလုံး၏ မူဘောင် (ERR Framework & The Whole Course Framework)

<u>သင်ရိုးတစ်ခုလုံးအတွက် အစီအစဉ် (The Whole Course Plan)</u>

ပြဿနာတည်ဆောက်ခြင်း၊ နည်းစနစ်များကို မိတ်ဆက်ပေးခြင်း၊ သင်ခန်းစာပါ အကြောင်းအရာများ မျှဝေခြင်း၊ လမ်းညွှန်ချက်ပါသော လက်တွေ့လုပ်ဆောင်ခြင်း၊ တို့ခြစ်စူးစမ်းလေ့လာခြင်း၊ လက်တွေ့လုပ်ဆောင်ရန် စီစဉ်ခြင်း၊ လက်တွေ့သင်တန်းကို အကဲဖြတ်ခြင်း။

<u>ကြားကာလဆောင်ရွက်ရန်လုပ်ငန်းများ (Interim Activities)</u>

(သင်တန်းသားများက မိမိတို့၏ စာသင်ခန်းများတွင် နည်းစနစ်များကို စမ်းသပ်ကြည့်ခြင်း)။
(သင်တန်းသားများ ပြန်လည်တွေ့ဆုံကြပြီး ရလဒ်များကိုဆွေးနွေးခြင်းနှင့် နည်းစနစ်များကို ပိုမိုကောင်းမွန်စွာ အသုံးချနိုင်ရန် ဆွေးနွေးခြင်း)။

<u>လက်တွေ့သင်တန်း (၂) (၃ ရက်မှ ၄ ရက်)</u>

ကြိုတင်ပြင်ဆင်၊ မိတ်ဆက်၊ သင်တန်းလုပ်ငန်းစဉ် ခြုံငုံပြောပြသည်။
သင်တန်းသားများ၏ နည်းစနစ်အသုံးချမှုများအပေါ် ပြန်လည်သုံးသပ်သည်။

<u>သရုပ်ပြသင်ခန်းစာနှင့် လမ်းညွှန်ချက်ပါသော လက်တွေ့လုပ်ဆောင်မှု - ပူးပေါင်းသင်ယူမှု နည်းစနစ်များ</u>

၁။ ဂျစ်ဆော အမှတ် - ၂ (Jigsaw II)
၂။ တစ်ကောင်နေ သုံးကောင်ပျံ (One Stay / Three Stray)
၃။ ပညာရှင်များ ငြင်းခုံ ဆွေးနွေးခြင်း (Academic Controversy)
၄။ ပြခန်းသွားကြည့်ခြင်း (Gallary Tour)
၅။ သုံးပိုင်းပါ တွေ့ဆုံမေးမြန်းခြင်း (Three-Part Interview)
၆။ ဘောပင်အလယ်ချ ဆွေးနွေးပွဲ (Pens in the Middle)
၇။ အဖွဲ့၏ ပြုမူပုံကို သင်ကြားခြင်း (Teaching group Behavior)
၈။ ရပ်ရွာ၏ သဘောတူညီချက်များ (Community Agreements)

<u>စစ်ဆေးအကဲဖြတ်ခြင်း (Assessment)</u>

အုပ်စုဖွဲ့ဆောင်ရွက်သည့်လုပ်ငန်းတွင် မိမိကိုယ်ကို အကဲဖြတ်နိုင်မှုရှိအောင်လုပ်ပေးခြင်း။

၁။ ERR ဘောင်ကို ဆန်းစစ်ခြင်း
၂။ သင်တန်းတစ်လျှောက်လုံး၏ အစီအစဉ်ကို ဆန်းစစ်ခြင်း
၃။ လက်တွေ့အသုံးချမည့် အစီအစဉ်အတွက် ပြင်ဆင်ခြင်း
၄။ ယခုလက်တွေ့သင်တန်းအပေါ် ပြန်လည်သုံးသပ်ခြင်း

<u>ကြားကာလဆောင်ရွက်ရန်လုပ်ငန်းများ (Interim Activities)</u>

(သင်တန်းသားများက မိမိတို့၏ စာသင်ခန်းများတွင် နည်းစနစ်များကို စမ်းသပ်ကြည့်ခြင်း)။
(သင်တန်းသားများ ပြန်လည်တွေ့ဆုံကြပြီး ရလဒ်များကိုဆွေးနွေးခြင်းနှင့် နည်းစနစ်များကို ပိုမိုကောင်းမွန်စွာ အသုံးချနိုင်ရန် ဆွေးနွေးခြင်း)။

လက်တွေ့သင်တန်း (၃) (၃ ရက်မှ ၄ ရက်)

ကြိုတင်ပြင်ဆင်၊ မိတ်ဆက်၊ သင်တန်းလုပ်ငန်းစဉ် ခြုံငုံပြောပြသည်။
သင်တန်းသားများ၏ နည်းစနစ်အသုံးချမှုများအပေါ် ပြန်လည်သုံးသပ်သည်။

သရုပ်ပြသင်ခန်းစာနှင့် လမ်းညွှန်ချက်ပါသော လက်တွေ့လုပ်ဆောင်မှု - သင်ရိုးညွှန်းတမ်းတလျှောက် ရေးသားခြင်း

၁။ ရေးသားမှုလုပ်ငန်းစဉ် နမူနာတခုပြခြင်း
၂။ တုန့်ပြန်ရေးသားမှု မှတ်တမ်း (Response Journals)
၃။ ကျိုးကြောင်းပြ စာစီစာကုံး (Argumentative Essays)
၄။ ကျောင်းသား၏ သုတေသနကို လမ်းညွှန်ခြင်း (Guiding Student Research)
၅။ ကျွန်ုပ်-ရှာဖွေလေ့လာမှု ပုံစံ (The I-Search Format)
၆။ သုတေသနလေ့လာမှု အခြားပုံစံများ (Other Research Paper Formats)

စစ်ဆေးအကဲဖြတ်ခြင်း (Assessment)

၁။ ရေးသားတင်ပြချက်တခုကို အကဲဖြတ်နိုင်ရန် စံသတ်မှတ်ချက်ဇယားရေးဆွဲခြင်းနှင့် အခြားသော အကဲဖြတ်နည်းများရရှိအောင်လုပ်ပေးခြင်း။
၂။ ERR ဘောင်ကို ဆန်းစစ်ခြင်း
၃။ သင်တန်းတစ်လျှောက်လုံး၏ အစီအစဉ်ကို ဆန်းစစ်ခြင်း
၄။ လက်တွေ့အသုံးချမည့် အစီအစဉ်အတွက် ပြင်ဆင်ခြင်း
၅။ ယခုလက်တွေ့သင်တန်းအပေါ် ပြန်လည်သုံးသပ်ခြင်း

ကြားကာလဆောင်ရွက်ရန်လုပ်ငန်းများ (Interim Activities)

(သင်တန်းသားများက မိမိတို့၏ စာသင်ခန်းများတွင် နည်းစနစ်များကို စမ်းသပ်ကြည့်ခြင်း)။
(သင်တန်းသားများ ပြန်လည်တွေ့ဆုံကြပြီး ရလဒ်များကိုဆွေးနွေးခြင်းနှင့် နည်းစနစ်များကို ပိုမိုကောင်းမွန်စွာ အသုံးချနိုင်ရန် ဆွေးနွေးခြင်း)။

လက်တွေ့သင်တန်း (၄) (၃ ရက်မှ ၄ ရက်)

၁။ ပြင်ဆင်၊ မိတ်ဆက်၊ သင်တန်းလုပ်ငန်းစဉ် ခြုံငုံပြောပြသည်။
၂။ သင်တန်းသားများ၏ နည်းစနစ်အသုံးချမှုများအပေါ် ပြန်လည်သုံးသပ်သည်။

ERR ပုံစံ

စာသင်ချိန်အတွက် သင်ခန်းစာအကြောင်းအရာနှင့် လုပ်ဆောင်မှုနည်းစဉ် စီစဉ်ထားမှုများ

သင်ရိုးတစ်ခုလုံးအတွက် အစီအစဉ်

၁။ သင်ရိုးတစ်ခုလုံးအတွက် သင်ခန်းစာအကြောင်းအရာနှင့် လုပ်ဆောင်မှုနည်းစဉ် စီစဉ် ထားမှုများ
၂။ သင်ရိုးအစီအစဉ်များကို ဆောင်ရွက်ချိန်တွင် လမ်းညွှန်ချက်ဖြင့် လက်တွေ့လုပ်ဆောင်မှု

ဖြန့်ဝေရန် စီစဉ်ခြင်း

၁။ သင်သိထားသမျှကို အခြားသူများအားဝေမျှရန် နည်းလမ်းများ
၂။ လက်တွေ့သင်တန်းအပေါ် ပြန်လည်သုံးသပ်ခြင်း

(ခ) ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ ပုံစံ (The Seminar Model)

သင်တန်းပို့ချမည့်သူများနှင့် သင်တန်းသားများသည် နီးကပ်စွာရှိနေကြသူများဖြစ်လျှင် တစ်ပတ်လျှင် တစ်ကြိမ် သို့မဟုတ် နှစ်ပတ် တစ်ကြိမ်တွေ့ဆုံဆွေးနွေးသည့်ပုံစံကို အသုံးပြုနိုင်သည်။ ဆွေးနွေးပွဲတစ်ကြိမ်လျှင် နှစ်နာရီခွဲမှ သုံးနာရီအထိ ဖြစ်သင့်သည်။ နှစ်ဆယ့်လေးကြိမ် (နှစ်ဝက်တစ်ပိုင်းလျှင် ၁၂ ကြိမ်) တွေ့ဆုံမှုသည် လက်တွေ့ သင်တန်း လုပ်ငန်းစဉ်ပုံစံနှင့် လေ့လာချိန်စုစုပေါင်းမှာ အတူတူလောက် ရှိပေလိမ့်မည်။

ဆွေးနွေးပွဲ (၂၄) ကြိမ်စာ ခေါင်းစဉ်များကို အောက်ပါအတိုင်း အစီအစဉ်ချထားဖို့လိုပါသည်။

အပိုင်း (၁)	ကြိုတင်ပြင်ဆင်၊ မိတ်ဆက်၊ သင်တန်းလုပ်ငန်းစဉ် ခြုံငုံပြောပြသည်။ လိုအပ်ချက်များဖေါ်ထုတ်ခြင်း - ဘယ်လိုအခြေအနေရှိနေသလဲ။ ဘာတွေပြောင်းလဲချင်သလဲ။
အပိုင်း (၂)	တက်ကြွစွာသင်ယူခြင်းနဲ့ ဆင်ခြင်စဉ်းစားခြင်းအပေါ် သုတေသနတွေ့ရှိချက်က ဘာတွေလဲ။ ERR ဘောင်နှင့် INSERT နည်းတွေကို မိတ်ဆက်ပါ။
အပိုင်း (၃)	ဆွေးနွေးပွဲတစ်ခုလုံးအတွက် အစီအစဉ်လုပ်ပါ။
အပိုင်း (၄)	Know / Want to Know / Learn; The Enhanced Lecture
အပိုင်း (၅)	Shared Inquiry
အပိုင်း (၆)	Discussion Web
အပိုင်း (၇)	Classroom Debates
အပိုင်း (၈)	Graphic Organizers
အပိုင်း (၉)	Cooperative Learning Strategies: Jigsaw II; One Stay / Three Stray
အပိုင်း (၁၀)	Gallery Tour; Three-Part Interview
အပိုင်း (၁၁)	Pens in the Middle; Academic Controversy; Value Line
အပိုင်း (၁၂)	Teaching Group Behaviors; Community Agreements
အပိုင်း (၁၃)	Writing Workshop: A Model of the Writing Process
အပိုင်း (၁၄)	Writing Across the Curriculum: Dual Entry Diary; Other Response Journals
အပိုင်း (၁၅)	Writing Across the Curriculum: Argumentative and Expository Essays
အပိုင်း (၁၆)	Writing Across the Curriculum: Designing Essay Assignments
အပိုင်း (၁၇)	Writing Across the Curriculum: Quick-Write Activities; Free Writing; Cubing; RAFT
အပိုင်း (၁၈)	Guiding Student Research; The I-Search format; Other Research Paper Formats
အပိုင်း (၁၉)	Evaluating Writing: Designing Rubrics; Portfolio Assessment
အပိုင်း (၂၀)	Experiential or Service Learning: Exploring the Potential for Field-Based Activities for the Courses We Teach
အပိုင်း (၂၁)	Lesson Planning
အပိုင်း (၂၂)	Course Planning
အပိုင်း (၂၃)	ဒီအဆင့်ကနေ ဘာဆက်လုပ်မလဲ။ မိမိစာသင်ခန်းအတွက် ပြင်ဆင်ခြင်း။
အပိုင်း (၂၄)	လုပ်ဖေါ်ကိုင်ဖက်များထံမှ သင်ယူရရှိသည်များကို ပြန်လည်မျှဝေရန် ပြင်ဆင်ခြင်း။

(၈) ဆွေးနွေးပွဲတစ်ခု၏ ဖွဲ့စည်းပုံ (The Structure of a Seminar)

ဆွေးနွေးပွဲတစ်ခုစီတိုင်းကို အောက်ပါအတိုင်း စီစဉ်လေ့ရှိပါသည်။

၁။ ကြိုတင်ပြင်ဆင်မှုလုပ်ငန်း

၂။ ပြီးခဲ့သော လက်တွေ့သင်တန်းမှ နည်းလမ်းများကို ပြန်လည်သုံးသပ်ခြင်း

၃။ သင်ခန်းစာ သရုပ်ပြခြင်း

၄။ သင်ခန်းစာကို ဝေဖန်ဆန်းစစ်ခြင်း

၅။ နည်းစနစ်အသုံးပြုပုံကို လမ်းညွှန်ချက်ဖြင့်လေ့ကျင့်ခြင်း

၆။ လက်တွေ့လုပ်ဆောင်မည့်လုပ်ငန်းအတွက် အစီအစဉ်

၇။ ယခုလုပ်ငန်းပိုင်းအပေါ် ပြန်လည် သုံးသပ်ခြင်း

ဆွေးနွေးပွဲကိုတက်ရောက်ပြီးနောက် ရရှိခဲ့သည့်နည်းစနစ်များကို သင်တန်းသားများသည် မိမိ၏စာသင်ခန်းများတွင် စမ်းသပ်သုံးစွဲကြရန် မျှော်လင့်ပါသည်။

<u>နွေရာသီ သို့မဟုတ် ဆောင်းရာသီ သင်တန်းပုံစံ (The Summer or Winter School Model)</u>

အချို့သော အနေအထားများတွင် (၅) ရက်မှ (၆) ရက်ထိကြာသော သင်တန်းများစီစဉ်ပေးနိုင်လျှင် ပို၍ အကျိုးရှိနိုင်သည်။ နွေရာသီ သို့မဟုတ် ဆောင်းရာသီ သင်တန်းပုံစံမျိုးကို ဥစဘက်ကစ္စတန်၊ လစ်သူယေးနီးယား၊ အယ်လ်ဘေးနီးယား၊ ရုရှားနှင့် အခြားနိုင်ငံများတွင်ပါ အောင်မြင်စွာ အသုံးချလျက်ရှိသည်။

အပိုင်း (၅)

ကျောင်းသားများ မည်သို့သင်ယူကြသနည်း။ ပထမ မူဝါဒများ ဖော် ပြချက်။

အယ်ဒီတာ၏မှတ်ချက်။ အောက်ပါအက်ဆေးကို RWCT သင်ကြားနည်းလုပ်ငန်း၏ လုပ်ဆောင်မှုများအတွက် သင်ယူမှု သဘောတရားမှ အခြေခံတစ်ခုအဖြစ် ရေးသားထားခြင်းဖြစ်ပါသည်။ မူလ စာဖတ်ပရိတ်သတ် များမှာ ကောလိပ် အကြို တန်းမှ ဆရာများဖြစ်ကြသော်လည်း တက္ကသိုလ်အဆင့်သင်ကြားမှုနှင့်လည်း ဆီလျော်ပါသည်။

RWCT သင်ကြားနည်း စီမံကိန်း သည် ကျောင်းသားများ ပိုမိုတက်ကြွစွာသင်ယူနိုင်စေရန်နှင့် ပါဝင်ခွင့်ပိုမိုရရှိစေရန် ပုံဖော်ထားသော သင်ကြားမှုနည်းစနစ်များကို သဟဇာတဖြစ်အောင် ပေါင်းစပ်ထားခြင်းဖြစ်ပါသည်။ စီမံကိန်း တွင် သဘော တရားထက် လက်တွေ့ကို ဦးစားပေးထားသည်။ သို့သော်လည်း ဤ စီမံကိန်း တွင် ရွေးချယ် အသုံးပြုသော နည်းစနစ်များကို ပညာရေးတွင် အစဉ်လေးစားကြရသော ပညာရှင် တော်တော်များများက ထောက်ခံချက် ပေးကြ သည်။ ထိုပုဂ္ဂိုလ်များတွင် အသိပညာတည်ဆောက်မှုအယူအဆရှင်များ ဖြစ်ကြသော ယန်းပီယာဂျေး (၁၉၅၅)၊ လက်ဗ် ဗိုင်ဂေါစကီး (၁၉၆၅) နှင့် အခြားသူများ ပါဝင်သလို စဉ်းစားတွေးခေါ်သင်ယူမှုအယူအဆကို လက်ခံသော အန်း ဘရောင်း (၁၉၇၈)၊ ဒေါ်နယ်ဂရေဗ့် (၁၉၈၂) နှင့် အခြားပညာရှင်များလည်း ပါဝင်ကြသည်။ ဝေဖန်စဉ်းစားမှုမှတဆင့် လက်တွေ့နှင့် သုတေသန လမ်းကြောင်းဖက်သို့သွားခြင်း၊ ပြည်သူ့နီတိကို အားပေးခြင်း စသည့်နယ်ပယ်များပါ အကြုံး ဝင်သလို မကြာသေးသည့် ကာလက အသိအမှတ်ပြုခဲ့ကြ သော လူမှုရေးအရတာဝန်သိမှုကို ပညာရေးဖြင့် ရရှိစေ ခြင်း လည်း ပါဝင်သည်။

၁။ အသိပညာတည်ဆောက်ခြင်း အယူအဆ (Constructivism)

အသိပညာတည်ဆောက်ခြင်းအယူအဆသည် ကျောင်းသားကိုယ်တိုင်အားထုတ်သော လေ့လာမှု၊ တွေ့ရှိမှုနှင့်ဆင်ခြင် သုံးသပ်မှု မှတဆင့် ကိုယ်ပိုင်အသိကိုတည်ဆောက်ယူခြင်း သို့မဟုတ် အသိရရှိခြင်းကို အလေးထားပါသည်။ အသိ ပညာတည်ဆောက်၍သင်ယူခြင်းသီအိုရီအရ ကျွန်ုပ်တို့သည် အတွေ့အကြုံသစ်တစ်ခုကို အသိဟောင်းများပေါ်တွင် တည်ဆောက်ယူသော နားလည်မှုများဖြင့် အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ရှိနှင့်ပြီးသောအသိများက သိရန် ရှိသေးသော အရာအတွက် စဉ်းစားရန် မူဘောင်များ သို့မဟုတ် စဉ်းစနစ်အခြေခံများကို ပေးထားသည်ဟူသော အယူအဆကို စွဲကိုင်ပါသည်။

လုပ်ငန်းခွင်ထဲတွင် တွေ့ရတတ်သော အသိပညာတည်ဆောက်ပုံ နမူနာတစ်ခုအဖြစ် ဖြစ်ရပ်ကလေးတခုကို တင်ပြ ပါမည်။ လက်ထပ်မင်္ဂလာပွဲအကြောင်း အကျဉ်းချုပ်ဖော်ပြချက်စာတစ်ပုဒ်ကို အမျိုးသမီးအုပ်စုနှစ်စုက ဖတ်ရှု ကြသည် ဆိုပါစို့။ ခဏအကြာတွင် ထိုစာပုဒ်အပေါ် မှတ်မိသည့်အချက်များကို အားလုံးက ပြန်လည်ရေးသားဖော်ပြကြသည်။ တဖွဲ့က မိဘစီစဉ် သောအိမ်ထောင်ရေး၏ ဝမ်းနည်းဖွယ်အချက်များကို ဖော်ပြကြသည်။ မိသားစုများ၏ အဆင့် အတန်း ကိုလည်း ထည့်သွင်း ဖော်ပြသည်။ယောက္ခမများ၏ အလုပ်အကိုင်လည်း ပါဝင်သည်။ သတို့သမီးဖက်က တင်တောင်း ရသည့် မင်္ဂလာကြေးလည်း ပါဝင်သည်။ ယောက္ခမအိမ်တွင် လေးစားမှုမခံရဆုံးမိသားစုဝင်တစ်ဦးအဖြစ် ရင်ဆိုင်ရမည့် အိမ်ထောင်ဦးကာလ၏ ခက်ခဲ ကြမ်းတမ်းသည့်နှစ်ကာလများလည်း ပါဝင်သည်။

အခြားတဖွဲ့ကမူ ပျော်ရွှင်ဖွယ်ဖြစ်ရပ်များကိုသာ ဖော်ပြရေးသားကြသည်။ ရပ်ဝေးမှ တကူးတကလာရောက်ကြသော ဧည့်သည်များအကြောင်း၊ သတို့သမီး၏ဝတ်စုံ ဆန်းကြယ်လှပပုံများ၊ ပျားရည်ဆမ်းခရီးတွင် ရောက်အောင်သွားသင့် သော ကြည်နူးဖွယ်အရပ်ဒေသတို့၏ သာယာလှပပုံများကို အသေးစိပ်ဖော်ပြကြသည်။

ထိုခြားနားချက်များကို မည်သို့ရှင်းပြမည်နည်း။ ပထမအုပ်စုမှ အမျိုးသမီးများသည် အိန္ဒိယပြည်တောင်ပိုင်းတွင် နေ ထိုင်ကြသူများဖြစ်ပြီး နောက်တဖွဲ့ကမူ အမေရိကန်ပြည်ထောင်စု၏ လူလတ်တန်းစား အသိုင်းအဝိုင်းတွင် နေထိုင်ကြ သူများဖြစ်ကြသည်။ အုပ်စုအသီးသီးက ကြားနေသဘောဆောင်သော မင်္ဂလာပွဲအကြောင်းကို မိမိတို့သိရှိထားသော မင်္ဂလာဆောင်နှင့် အိမ်ထောင်ရေးအတွေ့အကြုံမှ ပုံဖော်ခြင်း၊ တနည်းဆိုသော် မိမိ၏ အတွေ့အကြုံဆိုင်ရာ အတွေး ဘောင်မှ ပုံဖော် ပေးချက်အတိုင်း အဓိပ္ပာယ်ကောက်ယူကြခြင်းဖြစ်ပေသည် (ပစ်ချာတ်နှင့် အန်ဒါဆန် ၁၉၇၇)။

၂။ တည်ဆောက်ယူသောအသိ နှင့် လက်ခံယူသောအသိ (Constructed and Received Knowledge)

သင်ယူမှုအားလုံးသည် အသိတည်ဆောက်ခြင်းဖြစ်ပါသလား။ ယန်းပီယာဂျေးက တက်ကြွသောသင်ယူမှုဖြင့် ကိုယ်တိုင်တည်ဆောက်သောသိနှင့် လူမှုရှုထောင့်ဖြင့် သင်ပေးခံရသောအသိ (social-arbittrary knowledge) သို့မဟုတ် အချက် အလက်ကိုမှတ်သားသော အသိတို့၏ကြားတွင် ကွဲပြားမှုရှိကြသည်ဟု တင်ပြထားသည်။ အတွေ့အကြုံနှင့် ပြန်လည်သုံးသပ်မှုမှ ရသောအသိတို့ကို ဥပမာများဖြင့်ပြရသော် အရာဝတ္ထုများ၏ အစီအစဉ်၊ ရေအတွက်တို့တွင် ပုဂ္ဂိုလ်ရေး ခံစားချက်နှင့် အစွဲ သန်မှုများကြောင့် ပြောင်းလဲရန်မရှိပါ။ လူမှုရှုထောင့်ဖြင့် သင်ပေးခံရသောအသိတခုကို ဥပမာဆောင်ရသော် "ရောမက ဆယ့်လေးဦးမြောက်ပုပ်ရဟန်းမင်းက ဘယ်သူ ဖြစ်ပါသလဲ" ဟူသော မေးခွန်းမျိုးဖြစ်သည်။

တက်ကြွသောသင်ယူမှုဖြင့် ကိုယ်တိုင်တည်ဆောက်သောသိနှင့် လူမှုရှုထောင့်ဖြင့်သင်ပေးခံရသောအသိ သို့မဟုတ် နာယူမှတ်သားရသော အချက်အလက်အသိတို့သည် ပညာရေးတွင် အရေးကြီးသော အဓိပ္ပာယ်ဖော်မှုများ ရှိကြသည်။ ကိုယ်တိုင်တွေ့ပြီး ရရှိသောအသိက လက်တွေ့အသုံးချနိုင်မှုတန်ဖိုးတွင် ပိုမိုမြင့်မားသည်။ အပူ၊ အအေး၊ အလေး၊ အပေါ့ စသည်တို့ကို ကျွန်ုပ်တို့ ကိုယ်တွေ့အားဖြင့် သိရှိကြပြီး နေ့စဉ်လည်း ထိုအသိကို လက်တွေ့အသုံးချနေကြရသည်။ သို့သော်လည်း ကိုယ်တွေ့ဖြင့် အသိကိုတည်ဆောက်ယူရန်မှာ နေးကွေးလှသည်။ နှစ်ထပ်ကိန်းပါ ညီမျှခြင်းတစ်ခုကိုသော်လည်းကောင်း၊ အက်တမ်တခု၏ တည်ဆောက်ပုံကိုလည်းကောင်း၊ ဗုဒ္ဓ၏ ဟောကြားချက်အတိုင်း တရားအားထုတ်မှုကို အကျဉ်းချုပ်ပြီး ပညာနှင့် နီဝရဏများကို အနှစ်ထုတ်ပြရန် နည်းလမ်းကိုလည်းကောင်း ကိုယ်တိုင် တွေ့သိသူ ဘယ်နှဦးရှိနိုင်မည်နည်း။

သိပ္ပံပညာရှင်များ လူချွန်လူမွန်များနှင့် အနုပညာရှင်များ အစဉ် အဆက် အားထုတ်ဖန်တီးလာခဲ့သော အသိပညာများ၏ တစ်စိပ်တစ်ပိုင်းလောက်ကိုပင် အဓိပ္ပာယ်ပြည့်ပြည့်ဝဝဖြင့် လက်တွေ့ သိရှိရန်မှာ ကလေးငယ်တစ်ယောက်အဖို့ မဖြစ်နိုင်ပေ။ ထို့အပြင် ကိုယ်တွေ့ လေ့လာသိရှိပုံများသည် တစ်ဦးချင်း၏ ပင်ကိုယ်သဘာဝအလိုက် ကွဲပြားနိုင်မှုများ လည်းရှိရကား အပြစ်မလွတ်နိုင်ပေ။ ထို့ကြောင့်ပင် လက်ဗ်ိုင်ဂေါ်စကီး ကဲ့သို့သော ပညာရေးအတွေးအခေါ်ရှင်များက ဤအချက်ကို တွေးတောပူပန်မှု ရှိခဲ့ကြသည်။ အမြော်အမြင်ရှိစွာ ပညာရေးပုံစံဝင်အောင် ပုံဖော်မထား သော တွေ့ရှိ သင်ယူမှုများသည် ပင်ကိုယ်စေ့ဆော်မှုဖြင့် ရရှိလာသောအသိမျိုးသာ ဖြစ်၍ လောကအကြောင်းအရာများကို ပညာတတ်ပုဂ္ဂိုလ်များက ခွဲခြမ်းစိပ်ဖြာလေ့လာပြီး ရရှိသည့် သိပ္ပံနည်းကျအသိမျိုး ကဲ့သို့ လက်ခံ၍မဖြစ်လောက်အောင် ကွဲပြားနေပေသည်။ အကျိုးဆက်သည်ကား မတိကျမသေချာမှုများနှင့် အယူသည်း စွဲလမ်းမှုအပြည့်ရှိနေသော စိတ်ပင်ဖြစ်တော့သည်။

တဖက်တွင်လည်း သင်ယူသူ၏ တွေ့ရှိမှုဖြစ်စဉ်အဆင့်ဆင့်ကို စီစဉ်မပေးနိုင်ပဲ အသိလွှဲပြောင်းပေးသည်ကို နာခံမှတ်သားစေရုံသက်သက်ဖြင့် သင်ကြားပေးသောနည်းသည် အသုံးပြုနိုင်သောအသိနှင့် အသုံးမဝင်သော အသိတို့၏ ကြားပြတ်မှုကို ဖြစ်စေသည်။ အသုံးမဝင်သော အသိဟုဆိုရာတွင် (အစစ်အမှန်) ပညာတတ်တစ်ယောက်က ဘဝ၏ ပြဿနာအစစ်အမှန် များနှင့်နှိုင်းချင့်ရာတွင် အလေးထားသောယူဆချက်များနှင့် မစပ်ဟပ်မိသော သင်ရိုးညွှန်းတမ်းအခြေပြုစွမ်းအားမဲ့အသိများကို ဆိုလိုပါသည် (ဝိုက်ဟက်ဒ် ၁၉၅၇၊ ဂါဒ်နာ ၁၉၉၁)။ နာမည်ကြီးတက္ကသိုလ်ကြီးတစ်ခုရဲ့နိုင်ငံရေးသိပ္ပံကျောင်းသားများကို 'သူတို့သဘောအကျဆုံး လွှတ်တော်အမတ်က ဘယ်သူလဲ' ဟုမေးသောအခါ ဘားခန်းထဲက အမူးသမားကဲ့သို့ ခေါင်းကုတ်နေကြကြောင်း ဂါဒ်နာက ပြောပြဖူးသည်။ သို့သော်လည်း ထိုနမူနာအား အမှတ်ရနေ ဖို့မလိုပါ။ ကျွန်တော်တို့၏ ကျောင်းသားများ သင်ယူထားသောအရာသည် သူတို့အတွက် လက်တွေ့အသုံးချ၍ မရခဲ့သော် အဆက်အစပ်မဲ့သောအရာများကို သင်ယူနေရ ခြင်းသည် ပညာရေးတွင်အားစိုက်ထုတ်သမျှကို အချီးနှီးဖြစ်စေပါသည်။

ထိုပြဿနာကို ကျွန်ုပ်တို့ မည်ကဲ့သို့ဖြေရှင်းကြသနည်း။

ကိုယ်တိုင်တည်ဆောက်ယူသောအသိနှင့် ကျောင်းသင်အသိတို့၏ အဆက်အစပ်မဲ့နေသောပြဿနာကို ချဉ်းကပ်ရန်ပညာရေးသမားတော်တော်များများ ကြိုးစားခဲ့ကြသည်။ ကျောင်းသားများ၏ အသိတည်ဆောက်မှု ဖြစ်စဉ် အားကျောင်းသင်ရိုးကို တည်ဆောက်ထားသော ဘာသာရပ်နယ်ပယ်များဖက်သို့ ဦးလှည့်ပေးဖို့ ကြိုးစားကြသည်။ ဘာသာရပ်နယ်ပယ်တစ်ခုတွင် ပညာရှင်များ စူးစမ်းလေ့ရှိသော မေးခွန်းများနှင့် ပါတ်သက်၍ ကျောင်းသားများ သိလိုသည်တို့ကို စာရင်းပြုစု၍ လည်းကောင်း၊ ထိုပညာရှင်များ အသုံးပြုလေ့ရှိသော စူးစမ်းရှာဖွေမှုနည်းစနစ်များအတိုင်း လိုက်၍လည်းကောင်း အားထုတ်ခဲ့ကြသည်။

ဤရှုထောင့်အရ ကျောင်းကသင်ကြားပေးသည့် ဘာသာရပ်နယ်ပယ်ကို ပုံသေ ချပေးထားသော သိမှတ်စရာ အစု အ ဝေးဟုမရှုမြင်ပဲ စူးစမ်းလေ့လ ာသည့်ပုံစံများနှင့် သိရှိ လာပုံ နည်းလမ်း များ ဟု ရှုမြင်သည်။ ဘာသာရပ် နယ် ပယ်၏ တည်ဆောက်ပုံ အတွင်းမှ ကျောင်းသားက မေးခွန်းများမေးမြန်းခြင်းကို အားပေးပြီး ပညာရေးအား စူးစမ်းလေ့လာမှု အခြေပြု၍ ချဉ်းကပ်သည့် ပုံစံကို အလေး ထားသည် (ဘရူနာ-၁၉၆၅၊ ဆောနှင့်အဖွဲ့-၁၉၉၃)။

စူးစမ်းလေ့လာမှုအခြေပြုသော မေးခွန်းများအပြင် ထိုစူးစမ်းလေ့လာမှုသည် အကျိုးရှိသောရလဒ် ထွက်ပေါ်လာစေရန် အလို့ငှါ ထိုဘာသာရပ်တွင် သက်ဆိုင်ရာ ခေါင်းစဉ်နှင့်ပါတ်သက်သည့် ခိုင်မာသောဗဟုသုတလည်း ရှိရသည်။ မိမိ၏ ရှိပြီးသားအသိအခံပေါ်တွင်အသိသစ်တိုးလာသော နားလည်ပုံဖြင့် သဘောပေါက်သွားသောအချိန် (Schema Theory) တွင် ထိုအခြေအနေကိုသင်ခန်းစာခေါင်းစဉ်က အလေးပေးလိုသော အယူအဆများဖက်သို့ ကျောင်းသား ရောက်ရှိသွားအောင် ကူညီပေးဖို့ အရေးကြီးပါသည်။ ၎င်းကိုပင် စိတ်ပညာရှင်အချို့ကလောကအသိ (World Knowledge) ဟုလည်း ခေါ် ကြသည်။

ကျောင်းသားများက ဘာသာရပ်များအပေါ်တွင် သူတို့၏ကိုယ်ပိုင်သဘောဆန်သည့် နားလည်သိမြင်မှုကို တည်ဆောက်ရန် လုံလုံလောက်လောက် တပ်ဆင်ဖြည့်ဆည်းပေးလိုက်ဖို့ ဖြစ်ပါသည်။ (လူသားသဘာဝကို လေ့လာသည့် ပညာရှင်တစ်ဦးဖြစ်သော အီးဒီ ဟာ့ရ်ှ (ဂျူနီယာ) (၁၉၈၇) ကတော့ ထိုဗဟုသုတ၏ အနှစ်သာရကို ယဉ်ကျေးမှု တတ်ကျွမ်းမှု (Cultural Literacy) ဟု ညွှန်းဆိုသည်။ သို့သော်လည်း သူအဆိုပြုသော ယဉ်ကျေးမှုတတ်ကျွမ်းမှုပမာဏ ကြီးမားစွာ တိုးတက်စေရေးသည်အစပိုင်းမှာပင်အငြင်းပွားမှု များစွာရှိနေသည်။ လောကအသိ (သို့မဟုတ်) ယဉ်ကျေးမှုတတ်ကျွမ်းမှုကို အလေးပေးလွန်းသည့် လုပ်ရပ်က ကျောင်းသားများ၏ စူးစမ်းလေ့လာမှုလုပ်ငန်း အပေါ် လွှမ်းမိုး လွန်းမည့် အန္တရာယ်ရှိနေ၍ သတိထားသင့်ပါသည်)။

အနှစ်ချုပ်ရလျှင် ကျောင်းသားကိုယ်တိုင် လေ့လာတွေ့ရှိအောင် လုပ်ဆောင်မှုဖြစ်စဉ်တွင် ပါဝင် လမ်းညွှန် ပေးခြင်းက သင်ယူမှုတွင် အထိရောက်ဆုံးဖြစ်ကြောင်း ကောက်ချက်ချရန်အထောက်အထားများစွာ ရှိနေပါသည်။ စံပြဆရာ တစ်ဦး အနေ ဖြင့် ဘာသာရပ်နယ်ပယ်တခုတွင် မည်သို့စူးစမ်းလေ့လာရပုံကို နမူနာ ပြပေးနိုင်သည်။ ထိုသို့လုပ်ပေးလိုက်ခြင်းဖြင့် သူက စီစဉ်စေခိုင်းမည့် စူးစမ်းဖွယ်နှင့် လေ့လာဖွယ်လုပ်ငန်းများကို အားဖြည့်ပေးရာရောက်သည်။ ဗဟုသုတများကို ရှာဖွေပုံ၊ စုစည်း တင်ပြပုံနှင့် ပတ်သက်၍ လုံလောက်သော အချက်အလက်အခြေခံကိုလည်း ရရှိစေပါသည်။

အသိပညာတည်ဆောက်မှုဝါဒမှ ဆင်းသက်လာသော သင်ယူမှု သဘောတရား နှင့်ပတ်သက်၍ အရေးပါသော အုပ်စုနစ်ခု မကြာသေးမီက ပေါ်ထွက်လာခဲ့ပါသည်။

၃။ စကီမာသီအိုရီ (**Schema Theory**)

၁၉၇၀ လွန်နှစ်များက တွေးခေါ်စဉ်းစားမှု စိတ်ပညာနယ်ပယ်တွင် သုတေသနပြုမှုများ အလွန်အမင်းထွန်းကားခဲ့ပြီး ၈၀ လွန်နှစ်များလောက်တွင် သုတေသနနှင့် သဘောတရားဖော်ထုတ်မှု အဖွဲ့ကြီး တစ်ဖွဲ့ ပေါ်ထွန်းခဲ့သည်။ သင်ယူမှု အကြောင်းကို ယေဘုယလေ့လာကြပြီး အဖတ်နှင့် အရေးအသားဖက်တွင် အထူးပြု၍ လေ့လာခဲ့ကြသည်။ သုတေသနလုပ်ငန်းကို ဘက်စုံဖြန့်ကျက်၍ လုပ်ဆောင်နေစဉ် ရစ်ချတ်ဒ် အန်ဒါဆန်နှင့်အဖွဲ့ (၁၉၈၅) ၏ စကီမာသီအိုရီဟု အမည်ပေးပြီးလုပ်ဆောင်ခဲ့သော သုတေသနနှင့် သဘောတရားဖော်ထုတ်မှု လုပ်ငန်းတစ်ခုမှာ မှတ်သား လောက်ဖွယ် အချက်တခုဖြစ်ခဲ့သည်။ ရစ်ချတ်ဒ်အန်ဒါဆန်နှင့်အဖွဲ့၏ လုပ်ဆောင်ချက်က အသိပညာတည်ဆောက်ရာတွင် သင်ယူသူကိုယ်တိုင်လုပ်ဆောင်မှု ဖြစ်ခြင်းက အရေးကြီးကြောင်းနှင့် နောက်ခံအသိရှိဖို့ အရေးကြီးကြောင်း ပြသခဲ့သည်။

အထွေထွေစဉ်းစားတွေးခေါ်မှုစိတ်ပညာရှင်များ (Cognitive Psychologists in General) နှင့် စကီမာသဘောတရားကိုစွဲကိုင်သူများ (Schema Theorists) က သင်ယူသူများကိုယ်တိုင် အသိကိုရှာဖွေရသည့် သင်ကြားနည်းသစ်များ ပေါ်ထွက် လာစေရန် လှုံ့ဆော်ပေးနိုင်ခဲ့ကြသည်။ ထိုနည်းစနစ်များထဲတွင် ပါဝင်သည်မှာ ERR Model, KWL Strategy (Ogle, 1986), Reciprocal Teaching (Palincsar and Brown 1984), and Questioning the Author (QtA) Strategy (Beck, 1997) တို့ ဖြစ်ကြသည်။ စဉ်းစားတွေးခေါ်မှု စိတ်ပညာရှင်များက သုတေသနနှင့် သဘောတရားဖော်ထုတ်မှု လုပ်ငန်းကို "လမ်းညွှန်ချက်ဖြင့် စာဖတ်ခြင်းနှင့် တွေးတောခြင်း" (Directed Reading Thinking Activity, DRTA) (Stauffer, 1975) ကဲ့သို့သော တွင်တွင်ကျယ်ကျယ် သုံးစွဲနေသည့် သင်ကြားမှု နည်းနာသစ်များ ဖော်ထုတ်နိုင်ရန် အထောက်အကူပြုဖြစ်ခဲ့သည်။

၄။ ဖတ်သူ တုန့်ပြန် ဝေဖန်မှု (Reader Response Criticism)

အသိပညာတည်ဆောက်၍သင်ယူခြင်း သဘောတရားကို ရသစာပေဖက်တွင် အသုံးပြုသောအခါ ဝေဖန်ရေး အစဉ်အလာနှင့် ကိုက်ညီမှုအရှိဆုံးမှာ ဖတ်သူ တုန့်ပြန် ဝေဖန်မှု သို့မဟုတ် ပုဂ္ဂိုလ်ရေးအမြင်ဖြင့် ဝေဖန်မှု (subjective criticism) ပင်ဖြစ်သည်။ လူစီရိုဇင်ဘလတ် (၁၉၇၈) နှင့် ဒေးဗ စ်ဘလေးချ် (၁၉၇၅) တို့ ပုံဖော်ခဲ့သကဲ့သို့ပင် ဖတ်သူ၏တုန့်ပြန်မှု သဘောတရားတွင် ဖတ်သူ၏အခန်းကဏ္ဍဖက်မှ တည်ဆောက်ယူသော စာပေ၏အဓိပ္ပာယ်ကို အလေးပေးသည်။ မိမိ၏ကိုယ်တွေ့ သို့မဟုတ် တဆင့်ခံအသိထဲမှာ ရနိုင်သမျှသော ခံစားချက်များနှင့် တင်စားမှုများထဲမှာ ဇာတ်ကောင်များနှင့် ဇာတ်အိမ်ကို ပုံဖော်မြင်ယောင်ပြီး စာသားထဲက ဖြစ်ရပ်များ၏ လေးနက်မှုကို ပုံဖော် သကဲ့သို့၊ စာပေလက်ရာအား အဓိပ္ပာယ်ဖွင့်ဆိုကြသကဲ့သို့ပင်ဖြစ်သည်။ ဖတ်သူ၏တုန့်ပြန်မှု သဘောတရားက အဓိပ္ပာယ်ဖွင့် ဆိုသော ဖတ်သူ၏ လူ့အဖွဲ့အစည်းကိုလည်း အလေးထားသည်။ စာဖတ်သူများက စာရေးသူကို ရေးသားသည့်အချက်အပေါ် တုန့်ပြန်လျက် မျှဝေခြင်းဖြစ်၍ ပုဂ္ဂလအမြင်များ အပြန်အလှန်ပေးခြင်း (intersubjectivity) ဖြင့် အချင်းချင်း နားလည်သော လူ့အဖွဲ့အစည်းတခု ဖြစ်ထွန်းလာပြီး စာပေလက်ရာကို ပိုမိုကျယ်ဝန်းစွာ နားလည်မှု လည်းဖြစ်ပေါ်စေ ပါသည်။ အချင်းချင်း အပြန်အလှန်သိမြင်မှုကိုလည်း ဖြစ်စေပြီး အတွေ့အကြုံကို အများသိတင်စားချက်ဖြစ်သည့် ရူပက အလင်္ကာ (metaphor) များကို မျှဝေခြင်းပင်ဖြစ်သည်။

ဖတ်သူ၏ တုန့်ပြန်မှု ပုံစံဖြင့် သင်ကြားနေသည့်ဆရာသည် ကျောင်းသားများက စာသားကိုဖတ်ရသည့်အခိုက်တွင် မိမိတို့ဖက်ကအမြင်ကို ကိုယ်စားပြု၍ တင်ပြပိုင်ခွင့်ရှိမှုကို အသိအမှတ်ပြုပေးရသည်။ ဆွေးနွေးမှုများကို “ဒီစာသားကို မင်း ဘယ်လိုနားလည်သလဲ၊ ဘာကိုသတိထားမိသလဲ၊ မင်းကို ဘာအတွေးရစေသလဲ၊ ဘယ်လိုခံစားရသလဲ” စသည့် မေးခွန်း မျိုးဖြင့် စတင်ကာ ကိုယ်ပိုင်အတွေးအမြင်ပါသည့် အဖြေမျိုးကို တောင်းဆိုရင်း နောက်ဆုံးတွင် ဆရာတို့၏ ဆွေးနွေးချက်များသည် များစွာသော သင်္ကေတပြုချက်များ၊ အကြောင်းအရာများနှင့် စာပေအလင်္ကာ တန်ဆာဆင်မှုများကို ခြုံငုံမိသွားတော့ သည်။

ဖတ်သူ၏တုန့်ပြန် ဝေဖန်မှုပုံစံကို အခြေခံ၍ အသုံးဝင်သော သင်ကြားနည်းပုံစံများကို ဒေးဗစ်ဘလေးချ် (၁၉၇၀)၊ ရောဘတ်ပရော့ဘ် (၁၉၈၆) နှင့် ဂျူးဒစ်သ်လန်ဂျာ (၁၉၉၅) တို့က ဖော်ထုတ်ခဲ့ကြသည်။

၅။ တွေးတောကြံဆမှု ဖြစ်စဉ်အတွင်း သင်ယူခြင်း (Metacognitive Learning)

သင်ယူသူကိုယ်တိုင်ပါဝင်လုပ်ဆောင်မှုဖြင့် အဓိပ္ပာယ်ရှိအောင်လုပ်ပေးမှုကို အသားပေးခြင်းသည် ပညာရေးသမားများ အတွက်တော့ ဆန်းသစ်ပြောင်းလဲမှုတစ်ခု မဟုတ်ပါ။ ၁၉၃၀ လွန် နှစ်ကာလများကတည်းက <u>အဓိပ္ပာယ်ရှိခြင်း၏ အဓိပ္ပာယ် (The Meaning of Meaning)</u> ဟူသော အိုဒင်ရစ်ချတ်၏ အတွေးသစ်လက်ရာတစ်ခုထဲတွင် အဓိပ္ပာယ်ရှိမှုသည် ကိန်းသေပမာဏတခုမဟုတ်ပဲ တစုံတယောက်က တစုံတခုကို အဓိပ္ပာယ်ရှိအောင်လုပ်လို၍ ပါဝင်အားထုတ်မှုတခုသာဖြစ် သည်ဟူသောအဆိုကို ရဲရင့်စွာပြောခဲ့သည်။ သို့သော် မကြာသေးမီကမှ ပေါ်ထွန်းလာခဲ့သော စဉ်းစားတွေးခေါ်ခြင်းပညာ (Cognitive Science) က ထိုအမြင်ကို လုပ်ငန်းသစ်များ လုပ်ကြည့်ခဲ့ကြသည်။ အဓိပ္ပာယ်ရှိမှု တည်ဆောက်ယူခြင်းသည် သင်ယူသူဖက်က ဆောင်ရွက်ချက်တခုဖြစ်သည်ဆိုပါလျှင် သင်ယူသူ၏ အဆိုပါ ဆောင်ရွက်ချက်အတွက် ပိုကောင်းသည့် လုပ်ဆောင်နည်းလမ်းများ သင်ကြားပေးနိုင်သေးသည်ဟု ဆက်၍ ဆိုနိုင်သည်။ အစဉ်အလာပညာရေးတွင် ကျောင်းများသည် အတွေးအခေါ် ထွက်ကုန်များ (စာအုပ်များနှင့် ပို့ချချက်များထဲတွင် ပုံစံတကျထည့်သွင်းထားသော အသိများ) ကို ကျောင်းသား များအား ပြသကြသည်။ သို့သော် ထိုထွက်ကုန်များကို မည်သို့ရရှိလာပုံ နည်းစဉ်များကိုမူ ပြောခဲလှသည်။ စဉ်းစားခြင်းသည် လျှို့ဝှက်ငြိမ်သက်သော အလုပ်မျိုးသာဖြစ်ပေရာ၊ ထိုအသိကို မည်သို့သုံးစွဲကြမည်နည်း။ ဒေါ်နယ်ဂရေ့ဗ်စ် (၁၉၈၂) ၏ စကား အရ ကျောင်းသားများကို တွေးတတ်အောင် သင်ကြားပေးသည့်အလုပ်သည် စတူဒီယိုထဲမှာ အနုပညာပစ္စည်းတခုကို ဖန်တီးသည့်သဖွယ် ချဉ်းကပ် ဆောင် ရွက်သင့်သည်ဟု ဆိုပါသည်။ ထိုအချက်ကိုပင် သင်ယူမှုကို တွေးခေါ်မှုလက်တွေ့သင်တန်း တခုလို နားလည် သင့်ကြောင်း အစ္စဘဲလ်ဘက်က မှတ်ချက်ပေးသည်။ ထိုပြောဆိုချက် နှစ်ရပ်စလုံးကပင် ဆရာတို့သည် တွေး ခေါ် စဉ်းစားပုံနှင့် သင်ယူပုံတွင် စံပြပုဂ္ဂိုလ်များဖြစ်ပြီး ကျောင်းသားများက သူတို့၏ ကိုယ်ပိုင်အသိကို တည်ဆောက်ယူ တတ်ဖို့ ထိုနည်းစနစ်များနှင့် လုပ်ငန်းစဉ်များကို ယူသုံးတတ်သွားဖို့ဟု စဉ်းစားကြပုံမှာ ပေါ်လွင်ထင်ရှားနေပါသည်။

၆။ တွေးတောကြံဆမှု ဖြစ်စဉ်အတွင်း ကျွမ်းကျင်သူ ဆရာ၏ ကူညီမှုဖြင့် သင်ယူခြင်း (Learning as Cognitive Apprenticeship)

တွေးတောကြံဆမှု ဖြစ်စဉ်အတွင်း ကျွမ်းကျင်သူ ဆရာ၏ ကူညီမှုဖြင့် သင်ယူခြင်း ပုံစံကို အခြေခံသော သင်ကြားမှုချဉ်းကပ်နည်းများတွင် ကျောင်းသားများကို မည်သို့သင်ယူရပုံနှင့် ကိုယ်တိုင်တတ် မြောက်မှုအတွက် ကိုယ်တိုင်တာဝန်ယူရပုံများကို ပြသနိုင်ဖို့ နည်းလမ်းရှာဖွေ၍ ဆောင်ရွက်ရပါမည်။ KWL နည်းစနစ်တွင် သင်ယူမှု၏ရည်ရွယ်ချက်များ ချမှတ်မှု၊ ထိုအချက်အလက်များကို ကိုယ်တိုင်ရှာဖွေမှုနှင့် လေ့လာတွေ့ရှိချက်တို့အား ပြန်လည် သုံးသပ်မှုတို့ ပြုလုပ်စေခြင်းဖြင့် ထိုအချက်အား အလေးထားမှု ပေါ်လွင်နေပါသည်။ ထိုနည်းစနစ်များကို အသုံးပြုသောဆရာသည် နောင်တွင် ဆရာ့အကူအညီကို တိုက်ရိုက်မရသည့်အချိန်မှာပင် ဆက်လက်လေ့လာနေအောင် ကျောင်းသားကို လုပ်ဆောင်ပေးသည်ဖြစ်၍ အလုပ်၏ ပြင်ပအတွက် ကိုယ်တိုင်လုပ်ကိုင်ခြင်းကို ဦးတည်သည်။

စဉ်းစားတွေးခေါ်မှု လက်တွေ့သင်တန်းပုံစံသည် ဆရာက စံပြနေရာကို ဖြည့်ပေးခြင်းအပြင် အခြားအချက်များကိုပါ လုပ်ဆောင်ပေးသေးသည်။ တစ်ဦးနှင့်တစ်ဦး ထုတ်ဖော်ပြောဆိုခွင့်သာ ရနိုင်ပါလျှင် ကျောင်းသားများသည် အချင်းချင်းထံမှ များစွာသင်ယူသိရှိသွားကြသည်။ တစ်ဦး၏အတွေးကို အခြားတစ်ဦးကသိရှိပြီး အကျိုးဖြစ်ထွန်းနိုင်စေရန်နှင့် အပြန်အလှန် ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် စာသင်ခန်းကို လက်တွေ့သင်တန်း (workshop) များပုံစံဖြင့် ပုံဖော်နေကြသည့် ဆရာများလည်း များစွာရှိနေပြီဖြစ်ပါသည်။

၇။ အသံထွက်၍တွေးခြင်း (Think Aloud)

တွေးတောကြံဆမှု ဖြစ်စဉ်အတွင်း ကျွမ်းကျင်သူ ဆရာ၏ ကူညီမှုဖြင့် သင်ယူခြင်း ပုံစံမှ ထွက်ပေါ်လာသော နောက်ထပ်နည်းစနစ်တစ်ခုမှာ အသံထွက်၍တွေးနည်းကို အသုံးပြုခြင်းပင်ဖြစ်သည်။ အသံထွက်၍တွေးခြင်းဟူသော စကား၏ အနက်မှာ ပြဿနာတစ်ရပ်ကို လက်တွေ့ချဉ်းကပ်ပြစဉ်တစ်လျှောက် ဆရာက သူ၏ စဉ်းစားမှု ဖြစ်စဉ်ကို ကျောင်းသားများအား အသံထွက်၍ ပြောပြခြင်းပင်ဖြစ်သည်။ ထိုစဉ်းစားနည်းကို ကျောင်းသားများကိုယ်တိုင် လက်တွေ့ အသုံးချတတ်စေရန် ရည်ရွယ်သည်။ ဆွေးနွေးပွဲတစ်ခုတွင် ဆရာက လွှမ်းမိုးမှုမလုပ်ပဲ တန်းတူပါဝင်သူအနေနှင့်လည်း အသံထွက်၍တွေးခြင်းကို အခြားနည်းစနစ် များထဲတွင် ထည့်သွင်းအသုံးချ၍ ရပါသည်။

၈။ ပုံကားချပ်ဖြင့် စုစည်းဖော်ပြခြင်း (Graphic Organizer)

ပုံကားချပ်ဇယားဖြင့် စုစည်းဖော်ပြခြင်းသည် စိတ်ကူးများကြားက ဆက်စပ်မှုများကို ပုံဖော်၍ ဇယားကွက်များ၊ ရုပ်ပုံများဖြင့် ပြသခြင်းဖြစ်ပြီး တွေးတောကြံဆမှု ဖြစ်စဉ်အတွင်း ကျွမ်းကျင်သူ ဆရာ၏ ကူညီမှုဖြင့် သင်ယူခြင်း (Cognitive Apprenticeships) ပုံစံ ထဲမှ ဆင်းသက်လာသည့် နည်းတစ်ခုအဖြစ် သတ်မှတ်နိုင်ပါသည်။ ရုပ်ပုံကားချပ်များသည် စိတ်ကူးများ၏ အဆက်အစပ်မှုကိုပြကာ မြင်သာအောင်လုပ်ပြီး စဉ်းစားခြင်းကို ပေါ်လွင်စေသည်။ ပုံပြဇယားအား စူးစမ်းလေ့လာမှုလုပ်ငန်းတစ်ခုကို စီစဉ်နည်း၊ လမ်းညွှန်နည်းနှင့် လေ့လာတွေ့ရှိမှုအား ပြန်လည်သုံးသပ်ချက်ကို စုစည်းရန် နည်းလမ်းများအဖြစ် သင်ယူမှုဖြစ်စဉ်၏ မည်သည့် အဆင့်တွင်မဆို အသုံးပြုနိုင်ပါသည်။ ဆွေးနွေးမှုကွန်ယက် (Discussion Web)၊ ဗင်ဇယား (Venn Diagram) နှင့် ဝေါဟာရ/အတွေးအခေါ်/စိတ်ကူး စုဖွဲ့ခြင်း (Clustering) စသည့် နည်းလမ်းများသည် ပုံကားချပ်ဇယားဖြင့် စုစည်းဖော်ပြသည့်နည်း၏ နမူနာကွဲများ ပင်ဖြစ်ကြပါသည်။

၉။ သင်ယူရန်ရေးသားခြင်း (Writing to Learn)

မိမိ၏ သိစိတ်ကို စာပေ (စကားလုံး) ကျွမ်းကျင်မှုဖြင့် ဖော်ပြနိုင်စွမ်း၏အကျိုး သက်ရောက်မှုကို စူးစမ်းလေ့လာကြသော ပညာရှင်တို့တွေ့ရှိရသည်မှာ စာပေပုံစံဖြင့် ဖော်ပြနိုင်စွမ်းရှိခြင်းသည် ကျွန်ုပ်တို့၏ တွေးပုံတွေးနည်းအပေါ်တွင် အားကောင်းသောသက်ရောက်မှုရှိသည် ဟူသောအချက်ဖြစ်ပါသည်။ စာပေ မတတ်မြောက် သည့်အသိုင်းအဝိုင်းတွင် နေထိုင်နေကြသူများသည် မိမိကိုယ်ကိုသိမြင်သုံးသပ်နိုင်စွမ်း၊ သိသာ ထင်ရှားသော အချက်များထက် ကျော်လွန်၍ ချဲ့ထွင်စဉ်းစားနိုင်စွမ်းနှင့်၊ မိမိသုံးစွဲနေသော စကားများအပေါ် စဉ်းစားသုံးသပ်မှုတို့တွင် အားနည်း ကြသည်ကို တွေ့ရသည်ဟု လူရီယာ (၁၉၇၆) ၏ နာမည်ကျော်လေ့လာချက်က ဆိုထားသည်။ အခြားတဖက်တွင်လည်း စာရေးစာဖတ်

တတ်ကျွမ်းသူများက မိမိ၏ အယူအဆများကို မှတ်တမ်းမှတ်ရာထားရှိတတ်မှု၊ ထိုအယူအဆများကိုပင် တုန့်ပြန် ငြင်းခုံပြီး ပိုမို သန့်စင်အားကောင်းအောင်လုပ်နိုင်မှုနှင့် မိမိ၏လက်ရှိစဉ်းစားတွေးခေါ်တတ်မှုအဆင့်မှ ဒီထက်ပိုမြင့်သော နားလည်သိမြင်မှု နောက်တဆင့်သို့ တွန်းတင်နိုင်စွမ်းများလည်း ရှိကြသည်။

ကျောင်းသားတစ်ယောက်၏ အရေးအသားတတ်မြောက်မှုသည် သူ၏ မိမိကိုယ်ကိုသိမြင်မှုစွမ်းရည်ကို တိုးတက်စေသည်သာမက စဉ်းစားတွေးခေါ်မှုစွမ်းရည်ကိုပါ မြင့်မားလာစေသည်ဟူသော အကျိုးကျေးဇူးများကို သိရပြီးသည့်နောက်တွင် ကျွန်ုပ်တို့ မည်ကဲ့သို့ သင်ကြားသင့်သနည်း။ သင်ကြားမှုလုပ်ငန်းတွင် အရေးအသားပိုင်းကိုပါ စာရင်းထည့်ထားသည့် ဆရာ များသည် သဘောတရားအချို့ကို လေ့လာထားကြပါသည်။

၁။ သူတို့သည် စူးစမ်းလေ့လာမှု မှတ်တမ်းရေးခြင်း (exploratory writing) ကို အားပေးသည်။ သူတို့က ကျောင်းသားများကို စိတ်ကူးများနှင့် ဆွေးနွေးချက်များကို မှတ်သားစေပြီး အဆုံးသတ်စာတမ်းတင်ပြရန်မရည်ရွယ်ပဲ မှတ်တမ်းရေး သွင်းမှုနှင့် တုန့်ပြန်အတွေးများအား ရေးသွင်းမှုပြုလုပ်ခြင်းတို့ကို အားပေးသည်။

၂။ သူတို့သည် ကျောင်းသား၏ ကိုယ်ပိုင်ရေးသားမှု (personal authorship) ကို အားပေးသည်။ သူတို့က ကျောင်းသားများ တွင် ကိုယ်စီစိတ်ကူးများရှိကြပြီး တစ်ဦးချင်းသည် မိမိ၏အတွေ့အကြုံတွင် မိမိသာအသိဆုံးဖြစ်ကြသည်။ စဉ်းစားခြင်း၊ ရေးသားခြင်းတို့ဖြင့် ၎င်းတို့ကို အဓိပ္ပာယ်ရှိအောင် ဖန်တီးနိုင်ကြသည် စသည့်အယူအဆကို ပျိုးထောင်ပေးသည်။

၃။ သူတို့သည် ရေးသားမှုလုပ်ငန်းစဉ် (process of writing) ကို အလေးထားသည်။ ထူးချွန်သော စာရေးဆရာများ၏ ပြောင် မြောက်သောလက်ရာများကို စာရေးလေ့ရှိသည့် ကျောင်းသားများကသာ မြင်နိုင်ကြပြီး အချို့ကလည်း သူတို့သည် ဘယ်သောအခါမှ စာရေးဆရာဖြစ်မလာနိုင်ဟု သဘာဝကျကျ ကိုယ်တိုင်ကောက်ချက်ချကြသည်။ သို့သော်လည်း စာရေးဆရာများသည် အမှတ်တမဲ့လေ့လာသိရှိမှုများကို နေ့စဉ်မှတ်တမ်းနှင့် မှတ်စုစာအုပ်များတွင် မှတ်သားထားပြီး၊ ခေါင်းစဉ်တစ်ခုကို ချဉ်းကပ်ရန် အကောင်းဆုံးနည်းလမ်းကို အကြိမ်ကြိမ်အားထုတ်ကြည့်ကြသည်။ မိမိလက်ရာကို ပိုကောင်းလာစေဖို့ မည်သို့လုပ် သင့်သည်ကိုလည်း ယုံကြည်ထိုက်သော စာဖတ်သူများထံမှ အကြံဉာဏ်ကိုရယူပြီး မည်သို့မည်ပုံဖန်တီးကြသည်ကို ဆရာက သင်ကြားပေးသောအခါ စာပေရေးသားခြင်းဟူသော အတတ်ပညာသည် အလှမ်းမီနိုင်သောလုပ်ငန်းတခု ဖြစ်လာရပေတော့သည်။

၄။ သူတို့က စာပေပုံသဏ္ဍာန်ထက် အကြောင်းအရာကို (content over form) အဓိကထားသည်။ မျှဝေဖတ်ရှုထိုက်သော စာပေလက်ရာတစ်ပုဒ်သည် အကြောင်းအရာနှင့် တင်ပြထားသည့် ထိုးထွင်း ရှုမြင်မှုများ ကြောင့်သာ ရေးဦးစွာ လက်ခံကြသည်ဟု ဆရာများက ရှုမြင်ကြသည်။ စံချိန်မီသော စာပေအရေးအသား ပုံသဏ္ဍာန်များကိုလည်း ကျောင်းသားများ ကျွမ်းကျင်ပိုင်နိုင် လာအောင် နောက်ထပ်အချိန်ယူပြီး မြင့်တင်ပေးပါသည်။ စာပေ ပုံသဏ္ဍာန်အပေါ်တွင် ကနဦးအလုပ်များမှုကြောင့် အတွေးမှတ်တမ်းဖြင့် အယူအဆဝေမျှသည့်လုပ်ငန်းကို အဟန့်အတား မဖြစ်ရလေအောင် အထူးအလေးထားကြပါသည်။ ထို့အတူပင် ကျောင်းသား၏ အရေးအသားပုံသဏ္ဍာန်နှင့် စာပေဟန်တို့အပေါ်တွင် သူတို့မျှော်လင့်ထားသည့် အချက်များကို ရှင်းလင်းအောင် လုပ်ပေးထားပြီး ရှင်းလင်းစွာ သင်ကြား ပေးကြပါသည်။

၁၀။ ရေးသားခြင်းသည် သင်ယူခြင်း (Writing is Learning)

အောက်တွင် ရေးသားမှုလုပ်ငန်းဖြင့် ကျွန်ုပ်တို့၏သင်သူမှုကို အကူ အညီဖြစ်ပုံများကို RWCT ၏ စေတနာ လုပ်အားရှင်များ ဖြစ်ကြသော ဒေးဗစ်ကလူးစ်တားနှင့် ပက်ထရစ်ရှာဘလိုအမ်တို့၏ ရေးသားချက်အား ဖော်ပြထားပါသည်။

စာရေးသူတစ်ဦးက အရေးအသားလုပ်ငန်းတခုကို စတင်တော့မည်ဆိုလျှင် သူနားလည်နေသည့်အချက်များစွာထဲ တွင် 'မိမိ၏ အသိပညာဗဟုသုတသည် ဘာမှမဖြစ်လောက်သေး' ဟူသောအသိသည်လည်း တခုအပါအဝင်ဖြစ်သည်။ မိမိရရှိထားသည့် စိတ်ကူးများအပေါ်တွင် ယုံကြည်စိတ် အပြည့်ရှိသည်ဆိုသည့်တိုင် ရေးသားမှုအလုပ်တွင်မှ သိမ်ငယ်သည့် အတွေ့အကြုံကို မကြာခဏဆိုသလို ကြုံတွေ့ကြရပါသည်။ အဘယ့်ကြောင့်ဆိုသော် ဤလုပ်ငန်းက 'ကျွန်ုပ်တို့ သိသမျှ ကုန်ပြီ၊ ဒီမျှအထိသာ နားလည်သေးသည်' ဟူသောအခြေအနေကို အလျင်အမြန် ရောက် စေတတ် သောကြောင့်ဖြစ်သည်။

စားပွဲမှာ စထိုင်ချိန်တွင်မှ မိမိကိုယ်ကို အတွေးတွေ ခေါင်းထဲမှာအပြည့်ဟု ထင်နေသည်။ စာတစ်မျက်နှာ၊ နှစ်မျက်နှာခန့် ရေးသားပြီး ချိန်လောက်တွင်မှ ရပ်သွားပေပြီ။ အခန်းထဲမှာ ဟိုဟိုဒီဒီလျှောက်ပြီး ဒီစာထဲတွင် ဘာဆက်ရေးရမည်ကို အကြံထုတ်သည်။ သို့သော် စာရေးသားသည့် လုပ်ငန်းစဉ်တလျှောက်လုံးတွင် စိတ်ကူးရှာဖွေရခြင်း၊ ဖတ်ရှုရခြင်း၊ သဘောတရားများကို စမ်းသပ်ကြည့်ခြင်း၊ စကားလုံးများကို သီကုံးရခြင်း ပရိတ်သတ်၏ လိုအပ်ချက်များနှင့် မေးခွန်းများကို မှန်းဆရခြင်းတို့ဖြင့် မိမိသိထားသမျှကို ချဲ့ထွင်နေကြရပါသည်။ အရေးအသားလုပ်ငန်းဖြင့် ပြောင်းလဲယူရသည်။ များစွာသောအခြေအနေတို့တွင်မှ စာရေးသူသည် မိမိသိရှိထားသော များပြားလှသည့်အချက်များကို သန့်စင်ရှင်းလင်းပစ်လိုက်ရသည်။ ချုံ့ရသည်။ အနှစ်ချုပ်ပြီး သေးငယ်ကျစ်လစ်အောင် လုပ်ရသည်။ ပြဿနာက လုံလောက်သော အသိမရှိခြင်း မဟုတ်ပဲ မိမိအသိကို လက်ရာကောင်းတစ်ပုဒ်၏ ကျစ်လစ်လှပမှုရရှိအောင် သန့်စင် ဖယ်ထုတ်မှု အတတ်ပညာ မပြည့်စုံခြင်းပင်ဖြစ်သည်။ ဤတွင် စာရေးခြင်းလုပ်ငန်းစဉ်က စာရေးသူကို 'ဤအကြောင်း အရာတွင် ဘာကအရေးကြီးသည်၊ ဘာကဖြင့် ဒီလောက် အရေးမကြီး' ဟူသည်ကို ပိုမိုနားလည်သော အဆင့်တဆင့်သို့ ပို့ဆောင်ပေးပါသည်။

တနည်းဆိုရသော် စာရေးခြင်းသည် စာရေးသူအား မိမိအတွေးကို ကောင်းစွာ သိနားလည်အောင် ကူညီပေးသည်။ မရေးမီကပင် မိမိအတွေးများ၏ အရေးပါမှုကို ခံစားသိရှိသည်။ လက်တွေ့ရေးသားသည့်အချိန်တွင်မှ ထိုအရေးပါမှုကို စကားလုံးဖြင့် ရှင်းလင်းပေါ်လွင်အောင်လုပ်ရသည်ဖြစ်၍ ဆင်တူယိုးမှားစိတ်ကူးများမှ ကွဲပြားသွားအောင်လုပ်ရသည်။ ထင်ရှားသည့် အထောက်အထားများဖြင့်လည်း အားဖြည့်ရပါသည်။ သူတို့၏စိတ်ကူးသည် အဘယ့်ကြောင့် အရေးပါကြောင်းကို စာရေးသူတို့ သိကြပါသည်။

(David Klooster and Patricia Bloem, The Writer's Community. New York: St Martin's 1995), p.7.

၁၁။ ဝေဖန်ပိုင်းခြား စဉ်းစားခြင်း (Critical Thinking)

RWCT တွင် ဝေဖန်ပိုင်းခြား စဉ်းစားခြင်းကို ဤသို့ အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

ဝေဖန်သုံးသပ်လျက် စဉ်းစားခြင်းသည် သိလိုစိတ်ရှိပြီး စူးစမ်းသည့်နည်းစနစ်ကိုလည်း အသုံးပြုခြင်း ကို ဆိုလိုသည်။ မေးခွန်းကို ဘောင်ဝင်အောင်မေးမြန်းတတ်ပြီး (framing questions)၊ အဖြေကိုစနစ်တကျရှာဖွေသည်။ ဝေဖန်ပိုင်းခြား စဉ်းစားခြင်းဟူသည် အချက် အလက်များကို နေရာတကျထားခြင်းအပြင် အကြောင်းရင်းများကို စူးစမ်းခြင်းနှင့် ထိုအချက်အလက်များ၏ အဓိပ္ပာယ်ဆင့်ပွား မှုများနောက်ကိုလိုက်၍ အဆင့်များစွာတွင်လည်း သုံးစွဲ နိုင်ပါသည်။ ဝေဖန်ပိုင်းခြားစဉ်းစားခြင်းသည် ယဉ်ကျေးသော သံသယ ဝါဒကို ကျင့်သုံးခြင်းပင်ဖြစ်သည်။ 'ဒီလိုဖြစ်ခဲ့လျှင်ရော….' ဟု မေးခွန်းထုတ်ပြီး ပေးထားသောအခြေအနေများနှင့် ကွဲပြားသည့် အရာများရှိနိုင်မှုကို လက်ခံ စဉ်းစား ပေးသည်။ ဝေဖန်ပိုင်းခြားစဉ်းစားခြင်းသည် အရေးကိစ္စတစ်ခုတွင် အခြေအနေတစ်ခုကို ရောက်ရှိရန်နှင့် ကြောင်းကျိုးဆီလျော်စွာ ခုခံကာကွယ်နိုင်ရန်ဖြစ်သည်။ အခြားသူများ၏ စောဒကများကို ဂရုတစိုက်စဉ်းစားပြီး ထိုစောဒကများ၏ ယုတ္တိဗေဒကိုပါ စီစစ်စောကြောမှု ပြုလုပ်ခြင်းပင်ဖြစ်ပါသည်။

အထက်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် များပြားကျယ်ဝန်းလွန်းလှသည်။ သို့သော် ထည့်သွင်းစဉ်းစားရမည့် အဓိက အချက်မှာ ၎င်းသည် ကျွမ်းကျင်မှုတစ်မျိုးမျှသာမဟုတ်ပဲ ကျွမ်းကျင်မှုများစွာပါဝင်နေသည်ဆိုသော အချက်ဖြစ်သည်။ ဝေဖန် ပိုင်းခြားစဉ်းစားခြင်းကိုမြှင့်တင်သည့် သင်ရိုးညွှန်းတမ်းများကို အားပေးသော မက်သယူးလစ်ပ်မန်း (၁၉၈၈) က ဝေဖန်ပိုင်းခြား စဉ်းစားခြင်းဟူသောဝေါဟာရသည် လက်တွေ့ကျကျဆိုရပါလျှင် နိုးကြားသောစိတ်၏ လှုပ်ရှား ဆောင်ရွက်မှုအားလုံးကို ရည်ညွှန်းခြင်းပင်ဖြစ်သည်ဟု အရွှန်းဖောက်ခဲ့သည်။

အစဉ်အလာ နာခံသင်ယူရသောစာသင်ခန်းကို အခြေခံထား၍ စဉ်းစားမည်ဆိုပါလျှင် ထိုအစဉ်အလာမှ ပေါ်ထွက် လာသည့် တက်ကြွသောသင်ယူမှု နည်းလမ်းများသည်ဝေဖန်စဉ်းစားခြင်းကို မြှင့်တင်သည့် လမ်းကြောင်းပေါ်သို့ ရောက်လာကြသည်မှာ ကြာမြင့်ခဲ့ပေပြီ။ သို့သော်လည်းဝေဖန်ပိုင်းခြားစဉ်းစားခြင်းဟူသော ဝေါဟာရသည် တခါတရံ အသိပညာကို ကိုယ်တိုင်ရှာဖွေခြင်း ဆိုသည်ထက် ပိုပါသည်။ ကိုယ်တိုင်ရှာဖွေရသောအသိကို မိမိ၏အခံသိဖြင့် ပေါင်းစည်း ခြင်း၊ အခြားလုပ်ရပ်များနှင့် နှိုင်းယှဉ်ချင့်ချိန်ခြင်း၊ ထိုအရာ၏ ခိုင်မာမှန်ကန်မှုတန်ဖိုးနှင့် ဩဇာ သက်ရောက်မှုကို မေးခွန်းထုတ်ခြင်း၊ စောဒကများဖြင့် ယုတ္တိရှိမှုကို ဆန်းစစ်ခြင်း၊ သွယ်ဝိုက်သောအဓိပ္ပာယ်များကို ဆွဲထုတ်ကြည့်ခြင်း၊ ဥပမာ

ပေးစရာအသစ်များ ရှာကြံခြင်း၊ ၎င်းကြောင့် ဖြစ်လာနိုင်သော ပြဿနာများ၏ အဖြေများကိုမှန်းဆခြင်းနှင့် ၎င်းတွင် ပါဝင်နေသော ကြောင်းကျိုး ဆက်တရားကိုစစ်ဆေးခြင်း စသည်တို့အားလုံး ပါဝင်ပါသည်။

ဝေဖန်ပိုင်းခြားစဉ်းစားခြင်းကို သင်ကြားပေးရန် အထောက်အကူပြုသော အတွေ့အကြုံဆိုင်ရာနှင့် သဘောတရား ဆိုင်ရာ အစဉ်အလာများမှာ အတော်အတန်များပြားပါသည်။

၁၂။ မေးခွန်းမေးမြန်းခြင်း၏ အဆင့်များ (Level of Questioning)

ဘင်ဂျမင် ဘလူးမ် နှင့် အဖွဲ့၏ ပညာရေး ရည်မှန်းချက် အဆင့်များ (Taxonomy of Educational Objectives) (ဘလူးမ်၊ ၁၉၅၆) သည် စာသင်ခန်းတွင်အသုံးပြုသော စဉ်းစားတွေးခေါ်မှုအဆင့်ဆင့် သို့မဟုတ် အမျိုးအစားများကို အကဲဖြတ်ခြင်းနှင့် လိုအပ်သလိုအသုံးပြု ခြင်း နှစ်မျိုးစလုံးအတွက်ပင် အသုံးဝင်သည့်ပုံစံတခုဖြစ်ပါသည်။

အထက်ပါ ပညာရေးရည်မှန်းချက် အဆင့်များ (Bloom's Taxonomy) သည် ဆရာများက မေးမြန်းလာသည့်မေးခွန်း များကို အဆင့်နိမ့်မေးခွန်း (Lowere Order Question) နှင့် အဆင့်မြင့်မေးခွန်း (Higher Order Question) ဟူ၍ ခွဲခြား နိုင်သည်။ ထိုသို့ခွဲခြားရာတွင် အချက်အလက်များကို မှတ်မိခြင်း သို့မဟုတ် အတွေးအခေါ်အယူအဆများကို နားလည် ခြင်း (အဆင့်နိမ့်) **နှင့်** အတွေးအခေါ်အယူအဆများကို လက်တွေ့အသုံးချခြင်း (အဆင့်မြင့်သို့ဆက်လှမ်းခြင်း)၊ စောဒက (arguments) များကို ခွဲခြမ်းစိပ်ဖြာခြင်း၊ အဖြေသစ်များရရှိရန် အတွေးအခေါ်အယူအဆများကို ပေါင်းစပ်ခြင်း၊ ကျိုး ကြောင်း ဆင်ခြင် စဉ်းစားမှုလမ်းကြောင်းတလျှောက်လုံးကို အကဲဖြတ်သုံးသပ်ခြင်း စသည့် ကွဲပြားမှုများကို ခွဲခြား နိုင် ခြင်း ဖြစ်သည်။

စာသင်ခန်းအတွင်း၌ စဉ်းစားတွေးခေါ်မှုကို အားပေးလိုသော ဆရာများသည် ဘလူးမ်၏ ပညာရေးရည်မှန်းချက် အ ဆင့်များ (Bloom's Taxonomy) ကို စတင်အသုံးပြုရန် သင့်တော်ပါသည်။ ဆရာများကမေးသော မေးခွန်း အမျိုးအစား များ၏ အဆင့်များသည် ကျောင်းသားများ စဉ်းစားသည့် အဆင့်များနှင့် အမြဲတမ်း ဆက်စပ်မှုရှိသည်။ မိမိ အသုံးပြုနေ သော မေးခွန်းများ၏အဆင့်အတန်းကို မိမိကိုယ် တိုင်က သတိထားမိချိန်ရောက်မှသာ မိမိတောင်းဆိုနေသော အတွေး အခေါ်အဆင့်အတန်းကို ထိမ်းသိမ်းလုပ်ဆောင်တတ် လာပေလိမ့်မည်။ အဆင့်မြင့် တွေးခေါ်မှုကို လုပ်ဆောင်နိုင်ကြ သူ များသည် အချက်အလက်မှတ်သားနိုင်မှု အဆင့်လောက်သာ တွေးနိုင်သူများထက် မိမိ သင်ယူရရှိသော အရာကို လက် တွေ့အသုံးချ နိုင်စွမ်းတွင် သာလွန်ကြပေသည် (တာဘာ ၁၉၆၆)။

၁၃။ ဝေဖန်ပိုင်းခြား စဉ်းစားမှုကို ပုံစံတကျ ချဉ်းကပ်နည်းများ **(Formalized Approaches to Critical Thinking)**

အမေရိကန် ပြည် ထောင်စုတွင်ဝေဖန်ပိုင်းခြား စဉ်းစားခြင်းအတတ်ပညာတွင် ထူးချွန်ရေးနှင့် သင်ကြားရေး လက်တွေ့ လုပ်ငန်းများသည် အောက်ပါအချက် (၃) ခု ဖြင့် ဖွံ့ဖြိုးလာခဲ့ပြီဖြစ်သည်။

ပထမအချက်မှာ နယူးဂျာစီရှိ မောင့်ကလဲ စတိတ်ယူနီဗာစီတီ တွင်ဖွင့်လှစ်ထားသော ကလေးများအတွက် ဒဿနိက ဗေဒ ဖွံ့ဖြိုးရေးဌာနဖြစ်ပြီး မက်သယူးလစ်ပ်မန်း (၁၉၈၈၊ ၁၉၉၁) နှင့်အဖွဲ့က မူလတန်းနှင့် အလယ်တန်း အဆင့် ကလေးများအတွက် ထူထောင်ဆောင်ရွက်နေသော လုပ်ငန်းဖြစ်သည်။ အခြေခံအတွေးမှာ သဘာဝလောကနှင့် ကိုယ် ကျင့်တရားဆိုင်ရာ ကိစ္စရပ်များတွင် ကလေးများ၏ ပင်ကိုယ်စူးစမ်းလိုစိတ်ကို ပျိုးထောင်ပေးခြင်းဖြင့် အဆင့်မြင့် စဉ်းစားခြင်းကို အစပျိုးနိုင်သည် ဟူသော ဥပဒေသကို အခြေခံထားသည်။ အရစ္စတိုတယ် ၏ 'ဒဿနပညာအစ သိလိုစိတ်က' (philosophy begins with wonder) (Metahpysis 982b) ဟူသော ဥပဒေသမှ စိတ်ကူးအစတည်၍ လစ်ပ်မန်းနှင့် အပေါင်းပါများက ကလေးများ၏ တွေးတတ်သည့်သဘာဝကို ကနဦး အားပြုကာ ခွဲခြမ်းစိပ်ဖြာ၍ စူးစမ်း ရှာဖွေသည့်စွမ်းရည်ကို ဖွံ့ဖြိုးစေပြီး ပြဿနာဖြေရှင်းနိုင်စွမ်းကိုပေးသော သင်ရိုးတစ်ခုကို ရေးဆွဲကြလေသည်။

ဒုတိယအချက်မှာ မက်ဆာချူးဆက်တက္ကသိုလ်မှ ဒဿနပညာရှင် ဂရက်မက်သယူးစ် (၁၉၈၅၊ ၁၉၈၈) က လူမှုကျင့် ဝတ် နှင့် နိုင်ငံရေးပြဿနာများအကြောင်း ဆီလျော်သည့်မေးခွန်းအချို့ကိုသုံး၍ဒြပ်မဲ့ဆန်သော၊ အဓိပ္ပာယ်ခြားနားမှု အလွန် ကျဉ်းမြောင်း ရှုပ်ထွေးသောအကြောင်းအရာများကို ကလေးများအား ဖြစ်ညှစ်တွေးတောခိုင်း၍ ရနိုင်သည်ဟုဆိုသည်။ ပီယာဂျေးနှင့် ခိုးလ်ဘတ်တို့ အကြံပြုခဲ့သော ဖွံ့ဖြိုးမှုအဆင့် သတ်မှတ်ချက်ထက် များစွာ ပို၍ ငယ်သောအရွယ် မှာပင်

ဖြစ်နိုင်သည်ဟု ဆိုသည်။ ဆရာများကို အထူးလေ့ကျင့်ပေးမှုလည်းမလုပ်၊ အထူးအကြောင်းအရာများကို တီထွင် အား ကိုးမှုလည်း မပြုပဲ ကလေးများ၏ ကျောင်းသုံးပြဌာန်းစာအုပ်များနှင့် သူတို့ရင်းနှီးပြီးဖြစ်သော ပုံပြင်များကိုသုံးခြင်းက ထူးခြားသည်။ မက်သယူး က ဆရာတို့အား 'ဖြစ်နိုင်တယ်' ဟု မျှော်လင့်ထားသည့် စိတ်ကိုသာမွေးကြရန်နှင့် ချင့်ချိန် ၍ စကားပြောဆိုသည့်အတတ်ပညာ များကိုသာသုံးစွဲရန် တိုက်တွန်းသည်။

တတိယအချက်မှာ အဆင့်မြင့်ပညာမှ ခေတ်ပြိုင်ဒဿနပညာရှင်များသည် ခေတ်ပြိုင်အကြောင်းအရာများကို ခွဲခြမ်းစိပ် ဖြာမှု စွမ်းရည်သုံးလျက် ယုတ္တိနှင့် ကြောင်းကျိုးပြ၍ သီကုံးရသော စာပေရေးသားနည်းကို ဘာသာရပ်နယ်ပယ်တွင် အဆင့်မြင့် စဉ်းစားတွေးခေါ်နိုင်စွမ်း ဖွံ့ဖြိုးစေရေးအတွက် ဖော်ထုတ်သုံးစွဲနေကြသည်။ ထိုလုပ်ရပ်ကို အလယ်တန်း နှင့် အထက်ဆင့်တွင်သာမက မူလတန်းအဆင့်များထိပင် တိုးချဲ့သုံးစွဲလျက်ရှိကြသည်။ ကယ်လီဖိုးနီးယားပြည်နယ်မှ ဆိုနိုးမား အစိုးရတက္ကသိုလ်တွင် ရစ်ချာ့ဒ်ပေါလ်၊ ဂျရဲနိုဆစ်နှင့် လင်ဒါအဲလ်ဒါး (၁၉၉၅) တို့ပါဝင်သည့် အဖွဲ့တစ်ဖွဲ့က ဝေဖန်စဉ်းစားခြင်းသင်ကြားမှုကို အထောက် အကူပြုသော သင်ကြားရေးပစ္စည်းများ ဖန်တီးထုတ်လုပ်ထားကြသည်။ သူတို့ဖန်တီးထားသောအရာကို ဝေဖန်စဉ်းစားခြင်း ဖောင်ဒေးရှင်း (Foundation for Critical Thinking)၊ ဝေဖန် စဉ်းစားခြင်းဌာန (Center for Critical Thinking) နှင့် အဆင့်မြင့် စဉ်းစားခြင်း စစ်ဆေးမှု အပြည်ပြည် ဆိုင်ရာ ဌာန (International Center for the Assessment of Higher Order Thinling) တို့တွင် ဖြန့်ဝေထားပြီးဖြစ်ပါသည်။

သို့သော်လည်း ဝေ ဖန်စဉ်းစားခြင်းအတတ်ကို သီးခြားခွဲထုတ်၍သင်ကြားရေးအတွက် စိုးရိမ်မှုအချို့ကား ကျန်နေ ပေ သေးသည်။ ကောလိပ်အကြိုတန်းအဆင့်မှ မျက်မှောက်ပညာရေးဆိုင်ရာ ပညာရှင်အဖွဲ့က ဝေဖန်စဉ်းစားမှု သို့မဟုတ် အဆင့် မြင့်စဉ်းစားခြင်းကိုတိုးတက်စေရန် အားထုတ်သည့်လုပ်ရပ်ဟူသမျှသည် ကလေးများနှင့် လူငယ်များအား ပြဿနာဖြေရှင်းမှုနှင့် စူးစမ်းလေ့လာမှုလုပ်ကြရသော ပြင်ပလောကထဲမှလုပ်ငန်းများနှင့် နီးနိုင်သမျှ အနီးစပ်ဆုံး ဖြစ်စေ ရမည်ဟု စောဒကတက်ကြသည်။ ဝေဖန်စဉ်းစားခြင်းနှင့် သင်ယူခြင်းကို မကြာသေးမီက လုပ်ခဲ့ကြသော သုတေသန တွေ့ရှိချက်များအရ အတတ်ပညာ တစ်မျိုးတည်းကို စူးစိုက်လေ့ကျင့်ခြင်းနှင့် အချက် အလက်ကိုသာ မှတ်သားခြင်း သည် ဝေဖန်စဉ်းစားခြင်းကို အားနည်းစေသည်ဟု ဆိုသည်။ ဥပမာအားဖြင့် ပြင်ပလောကမှကင်းလွတ်၍ သီးခြား လေ့လာရသော ကျွမ်းကျင်မှုများနှင့် ရည်ရွယ်ချက်များသည် ဓမ္မဓိဌာန်ကျသည့်စစ်ဆေးချက်များတွင် ရလဒ်ကောင်း သော်လည်း ထိုအသိနှင့်ကျွမ်းကျင်မှုများကို အခြေအနေသစ်များမှာ အသုံးချနိုင်သည့်စွမ်းရည်တွင် အားနည်းကြသည် ဟု ဘရောင်း (၁၉၈၉) က ဆိုသည်။ စဉ်းစားတွေးခေါ်ခြင်းစိတ်ပညာ၊ ဒဿနိကဗေဒပညာနှင့် ဇဟု ယဉ်ကျေးမှု ပညာ ရေးဆိုင်ရာ သုတေသနပြုရလဒ်များက သင်ယူခြင်းနှင့် စဉ်းစားခြင်းအတွက် ပိုမိုပြည့်စုံသည့် အဓိပ္ပာယ် ဖွင့်ဆိုချက် များကို ရရှိစေသည်။

ထိုသုတေသနတွေ့ရှိချက်များအနက်မှ အသွင်တူနေသောလမ်းကြောင်းများက ပြဆိုသည်မှာ အခြေအနေသစ်များ တွင် အသုံးချနိုင်အောင် ထိရောက်သော ရေရှည်သင်ယူမှုပြုလုပ်ခြင်းသည် အဆင်သင့်ရှိနေသော အသိနှင့် စိတ်ကူးများကို အဓိပ္ပာယ်ရှိအောင်လုပ်ပေးခြင်းဖြစ်သည်။ ထိုအခြေအနေမျိုး အကောင်းဆုံးဖြစ်ထွန်းစေရန်မှာ သင်ယူသူ ကိုယ်တိုင် ပါဝင်လုပ် ဆောင်၍ လေ့လာခြင်း၊ ထဲထဲဝင်ဝင်သိမြင်ခြင်းနှင့် အသိများအား ဆီလျော်အောင်ပေါင်းစည်းခြင်းနှင့် ကိုယ် ပိုင်အသိတည် ဆောက်ခြင်း ပြုလုပ်နိုင်ဖို့လိုသည် (အန်ဒါဆင်နှင့်အဖွဲ့၊ ၁၉၈၅)။ ကျောင်းသားများက အသိသစ်ကို လက်တွေ့အခြေအနေအစစ်တွင် အသုံးချနိုင်သော အခွင့်အလမ်းများရရှိပါလျှင် သင်ယူခြင်းနှင့် စဉ်းစားခြင်းကို ပိုမို အားကောင်းစေပါသည် (ရက်စ်နစ်ခ်၊ ၁၉၈၇)။ ကျောင်းသား၏ အသိဟောင်းနှင့် အတွေ့အကြုံဟောင်းပေါ်တွင် အခြေခံ ၍ ထိုအသိဟောင်းနှင့် သင်ယူရမည့်အသိသစ်ကို ဆက်စပ်ပေးနိုင်လျှင် သင်ယူမှုကို ပိုမို အားကောင်း စေပါသည် (အန်ဒါဆင်နှင့်အဖွဲ့၊ ၁၉၈၅)။ စိတ်ကူးနှင့် အတွေ့အကြုံများ ကွဲပြားစုံလင်ခြင်းကို ဆရာများက နားလည်၍ တန်ဖိုး ထားတတ်လျှင် ဝေဖန်စဉ်းစားခြင်းနှင့် သင်ယူခြင်းများ ဖြစ်ပေါ်လာသည်။ 'အဖြေမှန်သည် တစ်မျိုးမကရှိနိုင်သည်' ဟူ သော စိတ်အခြေအနေမျိုး ဖြစ်လာမှသာ ဝေဖန်စဉ်းစားခြင်း ဖြစ်ပေါ်လာသည် (ဘင့်ခ်၊ ၁၉၈၈)။

ဝေဖန်စဉ်းစားခြင်းအတွက်စာဖတ်ခြင်းကို ပုံစံချ၍ချဉ်းကပ်ရာတွင် အထက်ပါ ဝေဖန်စဉ်းစားခြင်းဆိုင်ရာ အစဉ်အလာ များထဲမှ အချက် (၄) ချက်ကို ငှားယူသုံးစွဲပါသည်။

၁။ လောကအကြောင်းစူးစမ်းလိုသောစိတ်သည် လူငယ်များထံသို့ သဘာဝအတိုင်းရောက်လာကြပြီး သူတို့သည် လေးနက် သောမေးခွန်းများကို စိတ်ဝင်စားရန်၄င်း၊ ဖန်တီးမှုပါသောစိတ်ကူးများကို ဖော်ထုတ်ရန်၄င်း၊ စွမ်းဆောင်နိုင်သည်ဟု ယုံ ကြည်မှု။

၂။ စဉ်ဆက်မပြတ်စူးစမ်းမှုကို အားပေးပြီး အကျိုးရှိအောင်စဉ်းစားသော နည်းလမ်းများနှင့် အကျင့်များကို တည်ဆောက်ပေး သော အမြော်အမြင်ကြီးမားသည့်ဆရာများ၏ အရေးကြီးသောအခန်းကဏ္ဍကို အသိအမှတ်ပြုမှု။

၃။ ကျောင်းသားများ အသားကျစွာ ပါဝင်လုပ်ဆောင်နေသည့် ဆွေးနွေးညှိနှိုင်းခြင်းနှင့် စူးစမ်း လေ့လာခြင်း လုပ်ငန်းစဉ်ထဲတွင် ဝေဖန်စဉ်းစားခြင်းကို အဆက်အစပ်မိမိဖြင့်ထည့်သွင်းရေးကို အလေးပေးရန် စိတ်ပိုင်းဖြတ်မှု။

၄။ အတွေး၏ အမူအကျင့်များနှင့် ဒီမိုကရေစီအလေ့အထဖွံ့ဖြိုးသော နိုင်ငံသားပီသမှုတို့ကြားတွင် အဆက်အစပ်ရှိခြင်းကို အသိအမှတ်ပြုမှု စသည်တို့ဖြစ်ကြသည်။

၁၄။ လူမှုရေးရာတာဝန်သိမှုအတွက် ပညာရေး (Education for Social Responsibility)

ခေတ်ပြိုင် မြို့ပြလူ့အဖွဲ့အစည်းသည် လူမှုရေးနှင့် တိုင်းသားယဉ်ကျေးမှုနောက်ခံမျိုးစုံမှ လူများကို လုပ်သားလူ့အဖွဲ့အစည်းဖြစ်အောင် ပုံဖော်ပေးရမည့်အလုပ်နှင့် ထိုသို့အသွင်ပြောင်းရေးတွင် ဘိုးဘွားစုံမိသားစုပုံစံ နေထိုင်မှု၊ ဘုရားကျောင်း နှင့် အခြားလူမှုအဖွဲ့အစည်းများကဲ့သို့ လူထု၏ဘဝနှင့် ကျွမ်းဝင်အောင် လူမှုရေးရာပေါင်းစည်းတတ်အောင် သက်ကြီးပုဂ္ဂိုလ်များ၏ အကူအညီကို အားကိုးနိုင်မှုကလည်း နည်းပါးလာသည့် အခြေအနေတို့ကို ရင်ဆိုင် တွေ့နေ ကြရသည်။ စာသင်ကျောင်းများသည် လူမှုရေးရာ ခြိမ့်တွင်ထိတွေ့မှု ရရှိနိုင်သည့် တစ်ခုတည်းသောနေရာ ဖြစ်နေပါသည်။ လူ့အဖွဲ့အစည်းများ အလွန်လျှင်မြန်သည့်နှုန်းဖြင့် ပြောင်းလဲနေသည့် ဤခေတ်ကြီးထဲမှာပင် အဆင်သင့် ဖြစ်သည် ဖြစ်စေ မဖြစ်သည်ဖြစ်စေ၊ ဆရာများသည် ကျောင်းသားများကို လူမှုအသိုင်းအဝိုင်းထဲတွင် အကျိုးပြုသော ဘဝဖြင့် နေတတ်စေရန်၊ ပူးပေါင်းဆောင်ရွက်တတ်ရန်နှင့် သင့်မြတ်စွာ နေထိုင် တတ်အောင် ပြင်ဆင်ပေးရန် တောင်းဆို ခံနေရပေပြီ။

ပွင့်လင်းသော လူမှုအဖွဲ့အစည်းအတွင်း၌ ထက်မြက်သောနိုင်ငံသားတစ်ဦးဖြစ်လာအောင် ပြင်ဆင်ပေးရမည့်အရေးတွင် ကျောင်းသားတစ်ယောက်သည် ကိုယ်ပိုင်အတွေးအခေါ်ရှိရန်၊ အတွေ့အကြုံများနှင့်ဆင်ခြင်သုံးသပ်ချက်များမှ အဓိပ္ပာယ် ဖော်ထုတ်တတ်ရန်၊ ကြောင်းကျိုးညီညွတ်စွာ စောဒက တက်တတ်ရန်နှင့် ကိုယ်တိုင်ကိုယ်ကျ ယုံကြည်မှု အပြည့်နှင့် ရှင်းလင်းစွာပြောဆိုတတ်ရန် စသည့် အရေးကြီးသော တွေးခေါ်စဉ်းစားမှု အတတ်ပညာ ဖွံ့ဖြိုးရန် လိုအပ်ပါသည်။ သို့သော် နိုင်ငံသားတစ်ယောက်ကို ပုံဖော်ခြင်းသည် ထိုစဉ်းစားတွေးခေါ်မှုကျွမ်းကျင်ရုံမျှဖြင့် မလုံလောက်သေးပေ။ပေါ်ထွန်းလာမည့် လူမှုအဖွဲ့အစည်းတွင် အဖိုးတန်နိုင်ငံသားတစ်ဦးအဖြစ် နေထိုင်တတ်စေရန်နှင့် ခံယူချက်ကောင်းများ၊ စွမ်းရည်ကောင်းများလည်း တွဲလျက်ပါလာဖို့ လိုအပ်ပါသည်။

၁၅။ လူမှုရေးရာ တာဝန်သိမှု၏ သွင်ပြင်လက္ခဏာများ (Aspects of Social Responsibility)

တန်ဖိုးရှိသောနိုင်ငံသား ဟူသည် မိမိရောက်ရှိနေသည့် လူမှုအဖွဲ့အစည်းတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ညီညွတ်မှု ရှိစွာနေထိုင်တတ်ရုံသာမကပဲ ခေတ်အလိုက်ပြောင်းလဲနေသည့် အကြောင်းအရာများကို အဓိပ္ပာယ်ဖွင့်တတ်ရန် စိတ်ချနိုင်သူနှင့် ကျရာအခန်းတွင် ပိုမိုကောင်းမွန်စွာ မည်သို့ပါဝင်ရမည်ကို အမြော်အမြင်ရှိရှိ ဆုံးဖြတ်ချက် ချနိုင်သူ ဖြစ် ရပေမည်။ ထို့အပြင် ထိုဆုံးဖြတ်ချက်ကိုလည်း မိမိလူ့ အဖွဲ့အစည်းအတွင်းမှာ မိမိဘဝအရေးကို ဆောင်ရွက်သည့်နည်းတူပင် လက်တွေ့ဆောင်ရွက်ရပါမည်။ တန်ဖိုးရှိသည့် နိုင်ငံသားတစ်ဦးဖြစ်လာရန် ကျောင်းသားများ ကြိုတင် ဖြည့်ဆည်း ရမည့်အရာများနှင့် ပတ်သက်၍ ပညာရှင်များက အဆိုပြုသော အချက်များကို ဖော်ပြလိုက်ပါသည်။

၁။ <u>သူတပါးကို စာနာစိတ်ရှိမှု။</u> သူတပါး၏ အဖြစ်အပျက်အတွေ့အကြုံ မည်သို့ရှိမည်ကို သိမြင်နိုင်စွမ်းရှိပြီး ခံစားပေးနိုင်စွမ်း လည်းရှိသည်။ ရလဒ်မှာ တခြားသူများနှင့် ဘုံရည်မှန်းချက်များ ချမှတ်နိုင်ပြီး ၄င်းရည်မှန်းချက်များဆီသို့ အတူတကွဦးတည်လျက် လုပ်ဆောင်နိုင်ပေသည် (ဆယ်လ်မန်၊ ၁၉၈၀)။

၂။ ထိရောက်စွာ လုပ်ကိုင်ချင်စိတ်ရှိမှု။ ရပ်ရေးရွာရေး၊ ကျောင်းနှင့် အသင်းအဖွဲ့များ၏ အရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်လိုစိတ်ရှိသည့် အခိုက်အတန့်သည် တန်ဖိုးရှိသည့်အခိုက်အတန့်ကလေးဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် တစ်ယောက်ချင်း၏လုပ်ဆောင်ချက်သည် အတိုင်းအတာတစ်ခုအထိ အရာရောက် သောကြောင့် ပင် ဖြစ်ပါသည် (ကိုလ်ဘီနှင့် ဒါမွန် ၁၉၉၂၊ မာရဲလ်မန်းနှင့် ကင်း၊ ၁၉၈၆)။

၃။ တစ်ဦးချင်းဘဝနှင့် လူများစုအဖွဲ့အစည်းတို့ကြား ဆက်သွယ်မှုကိုသိသည့်စိတ်။ လူတစ်ယောက်၏လူပ်ရှားဆောင်ရွက်မှုသည် တစ်ဦးတည်းလုပ်ခြင်းထက် အများပါဝင်သည့် အဖွဲ့အစည်းဖြင့် လုပ်ဆောင်လိုသည့် ရည်ရွယ်ချက် နှင့် တန်ဖိုးကို သိနားလည်ခြင်းဖြစ်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှု လုပ်ငန်းဖြစ်စေ၊ လူမှုအဖွဲ့အတွင်း အပြန်အလှန် အကျိုးဖြစ် ထွန်းမှုအတွက် ပူးပေါင်းဆောင်ရွက်မှုဖြစ်စေ၊ တစုံတခုသော ဘာသာရေးဆိုင်ရာ စကြာဝဋ္ဌာ လေ့လာမှုတွင် အံဝင်အောင် လုပ်ဆောင်မှုကဲ့သို့သော လုပ်ငန်းများကို ဆိုလိုသည် (အဲရစ်ဆင် ၁၉၆၃)။

၄။ ယုံကြည်ချက်နှင့် လုပ်ရပ်များ ထပ်တူကျအောင် ဖြောင့်မတ်မှု။ ဥပမာဆိုရလျှင် သက်ကြီးရွယ်အိုများအား ခွဲထုတ်ခြင်းသည် ရက်စက်ရာကျပြီး မှားယွင်းသည်ဟု ယုံကြည်သောသူတစ်ယောက်က သက်ကြီးရွယ်အို စောင့်ရှောက်ရေးအတွက် အချိန်၊ ငွေကြေး စသည်တို့ကို ပေးဆပ်မြုပ်နှံ၍ ဆောင်ရွက်ပုံမျိုးကို ဆိုလိုသည်။

ကျောင်းသားများကို နိုင်ငံသားကောင်းများဖြစ်အောင် သင်ရိုးညွှန်းတမ်း ပြင်ဆင်ခြင်းသည် ပြည်သူ့နီတိ ပညာရေး (Civic Education) ဖြစ်ပြီး သီးခြားခွဲထားသည့် သင်ရိုးအမျိုးမျိုးလည်း ဖြစ်နိုင်သလို လူမှုရေးဘာသာရပ် သင်ရိုးအတွင်းသို့ ပေါင်းစပ်ထားသည်လည်းရှိသည်။ နိုင်ငံသား ဖြစ်မှု (Citizenship) တွင် အရေးကြီးသော အသိပညာ ဗဟုသုတများ အသေအချာ ပါဝင်ရမည်ဖြစ်ပြီး ပြည်သူ့နီတိပညာရေးတွင် အကျုံးဝင်သည့် သင်ရိုးများသည် အကျိုးပြုသည့်နိုင်ငံသားတစ်ဦးဖြစ်ရန် လိုအပ်သောအသိများကိုပေးလျက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ သို့သော်လည်း အထက်တွင်ဆိုခဲ့သော နိုင်ငံသားကောင်းတစ်ယောက် ဖြစ်မှုတွင် ပါဝင်ရမည့်လက္ခဏာ (၄) ရပ်သည် အစဉ်အလာသင်ရိုးများတွင် ယုံကြည်အားထား လောက်သောဖွံ့ဖြိုးတက်မှုမျိုးကို ပေးခဲလှသည်။ အဘယ့်ကြောင့် ဆိုသော် နိုင်ငံသားတစ်ယောက်ဖြစ်လာရေးမှာ သက်ဆိုင်ရာ ဗဟုသုတရှိမှုထက်ပိုပြီး လူမှုရေးရာ အပြုသဘော ခံယူချက်များ (pro-social attitudes) ရှိမှု၊ အုပ်စုဖွဲ့လုပ်ဆောင်မှုများတွင် လက်တွေ့လေ့ကျင့်ပေးခံရမှုနှင့် ယုံကြည်ချက်ဖြင့် လုပ်ဆောင်လိုသည့် ပင်ကိုယ်စိတ်ကို အားပေးမှုများ လိုအပ်ပါသည်။ ခံယူချက်၊ လုပ်ငန်းစဉ်နှင့် လက်တွေ့ လုပ်ဆောင်မှုများသည် ဘာသာရပ်တစ်ခုအနေဖြင့် ဘယ်မျှသိထားသည်ဟူသောအချက်တွင် မူတည်ခြင်း မရှိပဲ ကျောင်း နေခြင်း၏ ပြည့်စုံ သောလူမှုအဆက်အစပ် (total context of schooling) ထဲမှာသာ အကောင်းဆုံး ဖွံ့ဖြိုးတိုးတက်ပါသည်။ သရုပ်ပြလုပ်ဆောင်ခြင်း၊ လက်တွေ့ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ပုံမှန်ဖြစ်စဉ်များနှင့် မျှော်လင့်ချက်များ ယှက်ဖွဲ့ပါဝင်နေသည့် ကျောင်းတွင်းတနေ့တာ သဘာဝအခြေအနေထဲမှာပင် အကောင်းဆုံးဖွံ့ဖြိုးလာပါသည်။

၁၆။ လူမှုရေးရာတာဝန်သိမှုကို သင်ယူပုံ (How Social Responsibility is Learned)

လူမှုရေးရာ တာဝန်သိစိတ်ရှိမှုအဖြစ် စုဖွဲ့ပါဝင်သည့် ခံယူချက်နှင့် အမူအကျင့်များ (၄) မျိုးရှိပြီး လူမှုရေးရာ အတွေ့အကြုံများထဲမှာပင် ဖွံ့ဖြိုးလာအောင် ကူညီပေး နိုင်ပါသည်။

၁။ စာနာစိတ်ရှိမှု သည် သိမြင်တတ်မှုတမျိုးဖြစ်ပြီး အပြုသဘောဆောင်သည့် အုပ်စုတွင်းအတွေ့အကြုံများဖြင့် ဖွံ့ဖြိုးတိုးတက် လာစေနိုင်ပါသည်။ အောင်မြင်မှုရှိကြောင်း အထောက်အထားအဖြစ် ပူးပေါင်းသင်ယူမှုနည်းလမ်းများ (ဂျွန်ဆင် နှင့် ဂျွန်ဆင်၊ ၁၉၈၀) ကို ပြနိုင်ပါသည်။ ကျောင်းလုပ်ငန်းများကိုဆောင်ရွက်ရန် တစ်ဦးအပေါ်တစ်ဦး အပြန်အလှန်အမှီသဟဲပြုရကြောင်း ကျောင်းသားများ သင်ယူသည့်အခါ သူတို့ကို သတိပြုမိသည့် အဆင့်မှ ရည်မှန်းချက်များ အတူတကွ ချမှတ်သည်အထိ ကူညီပေးရသည်။ စာနာစိတ်ရှိမှုကို ကိုယ်တိုင် ပါဝင် တွေ့ကြုံရသော ဆွေးနွေးခြင်း၊ အမိပ္ပာယ်ဖွင့်ဆိုလျက်စာဖတ်ခြင်းနှင့် စာရေး ခြင်းလုပ်ငန်းများကို လက်တွေ့ ပူးပေါင်း လုပ်ဆောင်သည့် သင်တန်း (workshops) များဖြင့် တိုးတက်လာအောင် ကူညီပေးနိုင်ပြီး အယူအဆများအပေါ် စဉ်းစားသုံးသပ်ခြင်းများနှင့် အုပ်စုတွင်းမျှဝေပြောပြခြင်းများဖြင့် ခံစားချက်ထွက်ပေါက်များလည်း ရရှိ နိုင်ကြပါသည် (ကော်လ်ကင်၊ ၁၉၉၀)။

၂။ ထိရောက်စွာ လုပ်ကိုင်ချင်စိတ်ရှိမှု ကို ဆုံးဖြတ်ချက်များချမှတ်ရာတွင် ကျောင်းသားများကိုယ်တိုင်ပါဝင်ရသော ဒီမိုကရေစီ နည်းကျ စီမံဆောင်ရွက်သည့် စာသင်ခန်းများထဲတွင် ဖွံ့ဖြိုးအောင်ကူညီပေးနိုင်သည်။ ဤအယူအဆကို ဂျွန်ဒေဝီ က ၂၀ ရာစု အစောပိုင်းကတည်းကပင် အောက်ပါအတိုင်း သိမ်မွေ့စွာဖော်ထုတ်ပြောဆိုခဲ့ပြီးဖြစ်သည်။

အကယ်၍ ကျွန်ုပ်တို့သည် ကလေးများကို အမိန့်နာခံတတ်ရုံမျှသာ သင်ကြားပေးကြမည်ဆိုလျှင်၊ ကိုယ်ပိုင်အတွေးကို ကိုယ်တိုင်ယုံကြည်မှုရှိရှိဖြင့်လုပ်နိုင်ရန် အခွင့်မပေးပဲ 'ခိုင်းထားသောကြောင့် လုပ်ရမည်' ဟူသာ လေ့ကျင့်ပေးလျှင် လက်ရှိ ကျွန်ုပ်တို့ စနစ်၏ အားနည်းချို့ယွင်းချက်များကို ကျော်လွှားနိုင်မည် မဟုတ်ဘဲ၊ ဒီမိုကရေစီ နည်းလမ်းတကျ စံပြုရမည့် အမှန်တရားများကို ထူထောင်မည့် လမ်းကြောင်းပေါ်တွင် ကြီးမားသည့် အခက်အခဲများကို ကိုယ်တိုင် ချနေခြင်းသာဖြစ်သည်။ ကျွန်ုပ်တို့၏နိုင်ငံတော်ကို လွတ်လပ်မှုအပေါ်အခြေခံ၍ တည်ထောင်ထားခြင်းဖြစ်သည်။ သို့သော် မနက်ဖြန် နိုင်ငံတော်အတွက် လေ့ကျင့်ပေးရာတွင် လွပ်လပ်ခွင့်ကို ဖြစ်နိုင်သ၍ အနည်းဆုံးကိုသာ ခွင့်ပြုနေသည်။ လွတ်လပ်ခြင်း၏ အသုံးဝင်မှုသည် မည်သို့သောအဓိပ္ပာယ်ရှိသည်ကို ထိမ်းချုပ်မှုအာဏာရရှိချိန်တွင် နားလည်စေရန် အတွက် ဒီမိုကရေစီကို အလွဲကျင့်သုံးမှုနှင့် ဒီမိုကရေစီပျက်သုန်းမှုများ ပေါ်ပေါက်မလာမီကပင် ကျောင်း၌ ကလေးများ အား စိတ်ကူးဆန်းသစ်မှု၊ လွတ်လပ်မှုနှင့် အခြေခံအရင်းအမြစ်ပြည့်စုံကြွယ်ဝမှု စသည့် တက်ကြွသော အရည် အသွေး များဖွံ့ဖြိုးလာအောင် ခွင့်ပြုပေး ကြရပါမည် (ဂျွန်ဒေဝီ၊ မနက်ဖြန်၏ စာသင်ကျောင်းများ၊ ၁၉၁၅၊ စာမျက်နှာ ၃၀၄)။

ကျောင်းသားများအား စာသင်ခန်းဝန်းကျင်ကို ပုံဖော်ရာတွင် ပါဝင်ကြဖို့ ဖိတ်ခေါ်၍၎င်း၊ ပြဿနာများ၏အဖြေကို ဖော်ထုတ်ရာတွင်၎င်း၊ သင်ယူမှုတွင် ရွေးချယ်ခွင့်များ ပေးထားခြင်းဖြင့်၎င်း၊ မိမိဘဝနှင့် ပတ်သက်၍ ဖြစ်စေ၊ ကျောင်းတွင်း လုပ်ငန်းများနှင့် ပါတ်သက်၍ဖြစ်စေ သူတို့၏ကိုယ်ပိုင်အယူအဆများဖြင့် နီးနှောတိုင်ပင်၍ ပါဝင်နိုင်သည်။ ထိုကဲ့သို့ သော လူမှုအသိုင်း အဝိုင်းဖွဲ့စည်းလုပ်ဆောင်မှု နည်းနာများဖြင့် ထိရောက်စွာလုပ်ကိုင်ချင်စိတ်ရှိမှု ဖွံ့ဖြိုးလာအောင် ကူညီပေးနိုင်သည် (ဂလတ်ဆာ၊ ၁၉၇၅)။

၃။ ကျောင်းသားများအား သူတို့၏ဘဝနှင့် လူအများ၏ ဘဝပုံစံတို့ကြား ဆက်သွယ်နေမှုကိုသိသည့်စိတ် ဖွံ့ဖြိုးအောင် လုပ်ပေးရန် ဆိုသည်မှာ အလွန်ကြီးကျယ်လုပ်ငန်းတစ်ခုဟု ထင်စရာရှိသည်။ သို့သော်လည်း စက်မှုခေတ်လွန် လူ့အဖွဲ့အစည်းထဲမှ လူငယ်များစွာ ရင်ဆိုင်နေရကြသည့် အသားမကျမှုပြဿနာ (problem of alienation) ထဲတွင် ရုန်းကန်ခဲ့ကြရသော မည်သည့် ဆရာမဆို ဤပြဿနာ၏ သေရေးရှင်ရေးတမျှ အရေးကြီးမှုကို သိကြပေသည်။ သင်ယူမှုလုပ်ငန်းကို သူ့တို့ဘဝနှင့် ဆက်စပ်ဖို့ ကျောင်းသားများကို ဖိတ်ခေါ်ရန်မှာ ဖြစ်နိုင်ပါသည်။ ဥပမာအားဖြင့် သင်ရိုးညွှန်းတမ်းတွင် ခေတ်ပြိုင်အကြောင်းအရာများ ရှာဖွေ ထည့်သွင်းခြင်း သို့မဟုတ် သင်ခန်းစာ အကြောင်း အရာကို ခေတ်ပြိုင်အရေးကိစ္စတွင် အသုံးချစေခြင်းတို့နှင့်အတူ တုန့်ပြန်ဝေဖန်မှုကို မှတ်တမ်းရေးစေခြင်း၊ သင်ယူမှု မှတ်တမ်း ထားရှိခြင်း၊ သို့မဟုတ် နှစ်ပိုင်းပါမှတ်တမ်း ရေးသားစေခြင်းတို့ဖြင့် သူတို့၏ ပုဂ္ဂလိကပန်းတိုင်များကို သူတို့ နေထိုင် ရသည့်လူမှုအသိုင်းအဝိုင်းနှင့် ချိန်သားကိုက်ဖြစ်စေနိုင်ပါသည် (မက် ကဲလက်ဘ်၊ ၁၉၉၄၊ ဖရိုင်ယာ၊ ၁၉၇၀၊ ဟော်တန် နှင့် ဖရိုင်ယာ၊ ၁၉၉၁)။

၄။ အသိပညာ၊ ယုံကြည်ချက်များနှင့် အမူအကျင့်များအကြားတွင် တည့်မှန်ဖြောင့်မတ်သောစိတ်ဓာတ် ဖွံ့ဖြိုး စေရန် အတွက် ဒီမိုကရေစီနည်းလမ်းတကျ စီမံခန့်ခွဲသည့် စာသင်ခန်းထဲတွင် ဆောင်ရွက်နိုင်သည်။ သင်ယူမှုအတွက် လူမှု အဖွဲ့အစည်းထဲတွင် အဆက်အစပ်ရှာနိုင်သော စာသင်ခန်းများတွင် ပို၍ပင်ဖွံ့ဖြိုးပါသည်။

လူမှုအဖွဲ့အစည်းကမောင်းနှင်သော ပညာရေး၏ ဥပမာကောင်းများကို ဖောက်စ်ဖိုင်းယား လုပ်ငန်းစီမံချက် (Foxfire Project) တွင်တွေ့ရသည်။ ကျောင်းသားများက ယဉ်ကျေးမှုဆိုင်ရာ လေ့လာရေးသားဝေမျှမှု (cultural journalism) ကို လက်တွေ့လုပ်ကြရသည်။ ဓလေ့ထုံးတမ်းဟောင်းများ၊ ပုံပြင်များ၊ လက်မှုအတတ်ပညာများကို သိရှိ တတ်ကျွမ်း သူများအား ရှာဖွေရသည်။ ထိုပုဂ္ဂိုလ်တို့ကို လူတွေ့မေးမြန်းမှုများပြုလုပ်ပြီး လေ့လာရသည်။ လေ့လာတွေ့ရှိ သမျှကို ရေးသားပြုစုရပြီး တွေ့ရှိချက်များကို အသွင်တမျိုးမျိုးဖြင့် ဖြန့်ဝေရသည်။ ဖောက်စ်ဖိုင်းယား လုပ်ငန်းစီမံချက်က နယ်မြေဒေသအပေါ် နားလည်သည့်စိတ်ဓာတ်၊ ဒေသန္တရအသိပညာနှင့် ရိုးရာဓလေ့များကို မြတ်နိုးတန်ဖိုးထားများကို ပျိုး ထောင်ပေးသည်။ စိတ်ဝင်စားဖွယ် စူးစမ်းလေ့ လာမှုလုပ်ရပ်များနှင့် အတတ်ပညာတိုးတက်မှုများသည် မိမိ၏ ပတ်ဝန်း ကျင်မှာ အမှန်တကယ်ရှိနေသောအရာများအပေါ်တွင် ဖြစ်ထွန်းလာနေကြသည်။ သူတို့သည် ပညာရေးနှင့် ဒေသန္တရ လုပ်ငန်းတို့အကြား ကွာဟမှုကို တံတားခင်းရန် ရေရှည်ဆောင် ရွက်ပေးကြသည်။

သင်ယူခြင်းသဘောတရားနှင့် RWCT လုပ်ငန်းစီမံချက်၊ အနှစ်ချုပ်။

သင်ယူခြင်းသဘောတရားများသည် ပိုမိုအကျိုးရှိပြီး ရည်ရွယ်ချက်ပြည့်ဝစေသော သင်ကြားနည်း၊ သင်ယူနည်းတို့ ကို ညွှန်ပြပေးပါသည်။ သို့သော်လည်း သင်ယူခြင်းသဘောတရားများသည် ပညာရေးဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်လိုသည့် ကျွန်ုပ်တို့၏ ရွေးချယ်မှုကို ဝါးမြိုသွားမည်တော့ မဟုတ်ပေ။ RWCT လုပ်ငန်းကို ပုံဖော်ရာ၌ ကျွန်ုပ်တို့၏ စံပြုထားချက်နှင့် ချိန်ညှိ၍ရသည့် သဘောတရားများကို ကျစ်ကျစ်လစ်လစ် ဖြစ်အောင် ရွေးချယ်ပါသည်။ ပွင့်လင်း လူ့အဖွဲ့အစည်းတွင် တန်ဖိုးရှိသောနိုင်ငံသားများ ဖြစ်လာ အောင် ကျောင်းသား များကို လေ့ကျင့် ပေးရမည့်လုပ်ငန်း ဖြစ်ပါသည်။ ထိုသို့သောနိုင်ငံသားများသည် ပူးပေါင်း ဆောင်ရွက် တတ်ရန် လိုအပ် သကဲ့သို့ ခေါင်းဆောင်မှုစွမ်းရည်လည်း လိုအပ်ပါသည်။ နောက်ခံအခြေအနေအမျိုးမျိုးဖြင့် အသွင်ကွဲပြားကြသည့် လူများကို လေးစားတတ်ရမည်။ တစ်ဦးချင်းအနေဖြင့်လည်း စိတ်ကူးရေ့ဆောင်ကြံဆနိုင်ရမည်။ အခြေခံထားရမည့် မူဝါဒ (principle) နှင့်အညီ လိုက်နာ ဆောင်ရွက်ရန် လိုလားရမည်။ လျှင်မြန်စွာ ပြောင်းလဲ နေသော အခြေအနေများ ထဲတွင် လေးလံသည့် စည်းမျဉ်းစည်းကမ်းများနှင့် ချိတ်ဆက်ဆောင်ရွက်၍ ဖြစ်နိုင်မည့်နည်းလမ်းများ ကိုလည်း တွေ့အောင် ရှာနိုင်စွမ်း ရှိရပါမည်။

ထိုကဲ့သို့သောလူငယ်များကို ကျွန်ုပ်တို့၏စာသင်ခန်းများတွင် ကောင်းစွာဖွံ့ဖြိုးလာစေရန်အတွက် တက်ကြွစွာ သင်ယူစေ သောနည်းသည် မရှိမဖြစ်အရေးပါလှသည်။ စူးစမ်းလိုသောစိတ်နှင့် ရှာဖွေလုပ်ဆောင်မှုကို အဓိပ္ပာယ်ရှိသော လုပ်ရပ်ဖြစ် အောင် ကျောင်းသားများကိုယ်တိုင် ကြိုးကိုင်ထိမ်းကျောင်းနိုင်သည့်စွမ်းရည်နှင့် ဘာသာရပ် နယ်ပယ် တခုတွင် ကျွမ်းကျင်ပိုင် နိုင်သည့် အဆင့်သို့ရောက်ရှိနိုင်သည်။ ထိုသို့ဖြစ်လာအောင် လုပ်ဆောင်နိုင်သည့်စွမ်းရည်ဟူသည် မမြင်နိုင်သောစိတ်ကူးများ မဟုတ်ပဲ သိမှုနည်းစဉ်တစ်ခုသာဖြစ်သည်ဟုလည်း ဆိုနိုင်သည်။ ကျွန်ုပ်တို့ ၏ စာသင်ခန်းများမှ ထိုကဲ့သို့သော နိုင်ငံသားများကို မျက်မှောက်ကာလမှာရော အနာဂတ်ကာလမှာပါ ပေါ်ထွက် လာအောင် ဆောင်ရွက်ရန်မှာ ကျောင်းသားတစ်ဦးချင်းအား ၎င်းနှင့်ကိုက်ညီသည့်အရာကို သင်ယူနိုင်စေရန် ကူညီပေးရ ပါ မည်။ ပြင်ပလောကနှင့်ဆက်စပ်ပတ်သက်မှုကို လျှော့ချခြင်း မပြုပဲ၊ နိုင်ငံသားတိုင်းနှင့်ထိုက်တန်သော လူမှုအဖွဲ့အစည်းကို ဖန်တီးရေးနှင့် ရေရှည်ထိန်းသိမ်းရေးလုပ်ငန်းတွင် လူငယ်များ၏ စံပြုမျှော်မှန်းချက်ကို စာရင်းထည့်သွင်း၍လည်း ကူညီဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ဤလုပ်ငန်းအားလုံးတွင် ဆရာများအနေနှင့် ကျွန်ုပ်တို့သည် ဗဟုသုတဖြန့်ဝေသူနေရာမှ စူးစမ်းလေ့လာလိုစိတ်ရှိမှုတွင် စံပြုရမည့်ပုဂ္ဂိုလ်များ၊ ထိရောက် သော သင်ယူမှု ဖြစ်စဉ် ကို ဝေမျှ ပေးသူများနှင့် အဓိပ္ပာယ်ရှိအောင်လုပ်ဆောင်ပေးသူများအဖြစ်သို့ မိမိကိုယ်ကို ပြောင်းလဲကြ ရပေမည်။

ယခုအပိုင်းတွင် အသိပညာတည်ဆောက်မှုဝါဒ၊ စဉ်းစားတတ်အောင်သင်ယူခြင်းနှင့် လူမှုရေးရာတာဝန်သိမှုအတွက် ပညာရေးဟူ၍ ပိုင်းခြားပြီး ဆန်းစစ်လေ့လာခဲ့သော သင်ယူခြင်းသဘောတရားများအားလုံးသည် RWCT လုပ်ငန်းစီမံချက်ဖြင့် လုပ်ဆောင်သော လက်တွေ့သင်တန်းများ (workshops) တွင် အပြည့်အဝ ထင်ဟပ်လျက်ရှိကြသည်။ ထိုလက်တွေ့သင်တန်း များသည် တက်ကြွသောသင်ယူမှုဖြင့် စူးစမ်းလိုစိတ် ထက်သန်သော ကျောင်းသားများ အပြည့်ရှိနေသည့် စာသင်ခန်းများ ဖြစ် လာအောင် လမ်းညွှန်ပေးနိုင်မည်ကို ကျွန်ုပ်တို့ယုံကြည်သည်။ ထိုစာသင်ခန်းများသည် အဖိုးတန် နိုင်ငံသားကောင်းများဖြစ် လာရန် လမ်းကြောင်း အသီးသီး ပေါ်တွင် ရောက်နေကြသော ကျောင်းသားများကို လေ့ကျင့်ပေးရာ နေရာဖြစ်သည်။ ဤသည် ကား 'ရောင့်ရဲပြီ' ဟူ၍မရှိသော ကမ္ဘာတဝှန်းလုံးမှ ဆရာအပေါင်း၏ စူးစမ်းရှာဖွေမှုပင်ဖြစ်ပါတော့သည်။

REFERENCES

Alvermann, Donna. “The Discussion Web: A Graphic Organizer for Learning Across the Curriculum.” The Reading Teacher, 45, 2 (1991) pp. 92-99).

Anderson, Richard, Hiebert, E. H., Scott, J. A., & Wilkinson, I. A. G. Becoming a Nation of Readers: The Report of the Commission on Reading. Urbana, Il: University of Illinois, Center for the Study of Reading, 1985.

Ausubel, David P. The Use of Ideational Organizers in Science Teaching. Occasional Paper No. 3. Columbus, Ohio: ERIC Information Analysis Center for Science Education, 1970.

Banks, James A. “Education, Citizenship, and Cultural Options.” Education and Society, I(1) (1988), 19-22.

Beck, Isabel, McKeown, Margaret, and Kucan, Linda. Questioning the Author: An Approach for Enhancing Student Engagement With Text. Newark, DE: International Reading Association, 1997.

Beck, Isabel, and McKeown, Margaret. “Outcomes of History Instruction: Paste- Up Accounts.” In Cognitive Instructional Processes in History and Social Sciences. J. F. Voss and M. Carretero (Eds.). Hillsdale, NJ: Earlbaum, 1994.

Berman, Sheldon. Children's Social Consciousness and the Development of Social Responsibility. Albany, NY: SUNY Albany Press, 1997. Bleich, David. Subjective Criticism. Baltimore: Johns Hopkins, 1975.

Berthoff, Ann. The Making of Meaning. Portsmouth, NH: Boynton/Cook, 1981.

Bloom, Benjamin (Ed.) A Taxonomy of Educational Objectives, Handbook I: Cognitive Domain. New York: David McKay, 1956.

Bonwell, Charles., and James Eison. Active Learning: Creating Excitement in the Classroom. Washington, D.C: ASHE-ERIC Higher Education Reports, 1991.

Brown, Ann. L., Armbruster, Bonnie., and Palincsar, A.nn Marie.. “Instructing Comprehension-Fostering Activities in Interactive Learning Siuations.” In H. Mandl, (Ed.). Learning and Comprehension of Text. Hillsdale, NJ: Earlbaum, (1984).

Brown, Ann L. "Knowing When, Where, and How to Remember: A Problem of Metacognition." In R. Glaser (Ed.), Advances in Instructional Psychology. Hillsdale, NJ: Lawrence Erlbaum Associates, 1978.

Browne, Ned, and Stewart Keeley, Asking the Right Questions: A Guide to Critical Thinking. New York: Prentice Hall, 2000.

Bruffee, K. Collaborative Learning, Higher Education, Interdependence, and the Authority of Knowledge. Baltimore: Johns Hopkins, 1993.

Bruner, Jerome. The Process of Education. New York: W.W. Norton, 1965.

Calkins, Lucy. Living Between the Lines. Portsmouth, NH: Heinemann Educational Books, 1990.

Colby, Anne, and William Damon. Some Do Care. New York: Free Press, 1992.

Daniels, Harvey, and Marilyn Bizar Methods That Matter. York, Maine: Stenhouse, 1998.

Dewey, John, and Evelyn Dewey. The Schools of Tomorrow. New York: Dutton, 1915.

Eeds, Maryann, and Deborah Wells. "'Grand Conversations:' An Exploration of Meaning Construction in Literature Study Groups." Research in the Teaching of English (23) (1989): 4-29.

Egan, Kieran. Teaching as Storytelling. Chicago: U. of Chicago Press, 1985.

Elbow, Peter. "Toward a Phenomenology of Freewriting." Journal of Basic Writing, 8, no. 2 (1987), 762-767.

Erikson, Erik. Childhood and Society. New York: W.W. Norton, 1963.

Estes, Thomas. H., and Vaughn, Joseph. L., Reading and Reasoning Beyond the Primary Grades. Boston, MA: Allyn & Bacon, 1986.

Freire, Paolo, The Pedagogy of the Oppressed. New York: Seabury, 1970. Gardner, Howard. The Unschooled Mind: How Children Think and How Schools Should Teach. New York: Basic Books, 1991.

Glasser, William. Schools Without Failure. New York: HarperCollins, 1975.

Graves, Donald. Writing: Teachers and Children at Work. Portsmouth, NH: Heinemann Educational Books, 1982.

Hersh, Richard, et. Al. Promoting Moral Growth. New York: HarperCollins, 1984.

Hirsch, Edgar Donald, Jr. Cultural Literacy What Every American Needs to Know. Boston: Houghton Mifflin, 1987.

Horton, Myles, and Paolo Freire. We Make the Road By Walking: Conversations on ducation and Social Change. Philadelphia: Temple University Press, 1991.

Johnson, David W., and Roger Johnson. "Cooperation, Competition, and Individualistic Learning." Journal of Research and Development in Education, 12 (1), 3-15, 1978.

_________________ Cooperation and Competition. Edina, MN: Interaction Book Company, 1989.

Kagan, Seymour. Cooperative Learning. San Juan Capistrano, CA: Kagan Cooperative Learning, 1992.

Kohlberg, Lawrence. "High School Democracy and Educating for a Just Society." In R. Mosher (Ed.), Moral Education: A First Generation of Research and Development. (Pp. 20-57). New York: Praeger, 1980.

Kolb, David. Experience as the Source of Learning and Development. New York: Prentice Hall, 1983.

Langer, Judith. Envisioning Literature: Literary Understanding and Literature Instruction. New York: Teachers College Press, 1995.

Lehr, Susan. "The Child's Developing Sense of Theme as a Response to Literature." Reading Research Quarterly (23) 3 (1988): 337-357.

Levi-Strauss, Claude. "The Structural Study of Myth." In Structural Anthropology. Garden City, NY: Basic Books, 1970.

Light, Richard. Making the Most of College. San Francisco: Jossey Bass, 2000.

Lipman, Matthew. Philosophy Goes to School. Philadelphia: Temple University Press, 1988.

_________________ Thinking in Education. New York: Cambridge University Press, 1991.

Luria, A.R., Cognitive Development: Its Cultural and Social Foundations Cambridge, MA: Harvard University Press, 1976.

MacCrorie, Ken. The I-Search Paper. Portsmouth, NH: Boynton/Cook, 1988.

Matthews, Gareth. Philosophy the Young Child. Cambridge, MA: Harvard University Press, 1985.

________________ Dialogues With Children. Cambridge, MA: Harvard University Press, 1988.

McCaleb, Sudia Paloma. Building Communities of Learners: A Collaboration Among Teachers, Students, Families, and Community. New York: St. Martin's Press, 1994.

Merelman, R.M. & G. King. "The Development of Political Activists: Toward a Model of Early Learning." Social Science Quarterly, (67)3, 473-90, 1986.

Ogle, Donna. "K-W-L: A teaching Model That Develops Active Reading of Expository Text." The Reading Teacher, 39, (1986), 564-570.

Palincsar, Ann-Marie, and Ann L. Brown. "Reciprocal Teaching of Comprehension-Fostering and Comprehension-Monitoring Activities." Cognition and Instruction (1) (1984), 117-175.

Paul, Richard, Linda Elder, and Gerald Nosich. Critical Thinking: How to Prepare Students for a Rapidly Changing World. Cotati, CA: Foundation for Critical Thinking, 1995.

Perry, William. Forms of Intellectual and Ethical Development in the College Years, 2nd Edition. San Francisco: Jossey-Bass, 1999.

Piaget, Jean. The Language and Thought of the Child. New York: Meridian, 1955.

Pitchert, J.W. and R.C. Anderson, "Taking Different Perspectives on a Story." Journal of Educational Psychology, (69), 309-315, 1977.

Plecha, James. "Shared Inquiry." In Charles Temple and Patrick Collins (Eds.), Stories and Readers. Norwood, MA: Christopher Gordon, 1992.

Probst, Robert. Response and Analysis. Portsmouth, NH: Boynton/Cook, 1986.

Raphael, Taffy. "Teaching Question-Answer Relationships." The Reading Teacher (39) (1986), 516-520.

Resnick, Lauren. "Learning in school and out." Educational Researcher, 16 (6) (December, 1987), 13-20.

Rimmermann, Craig. The New Citizen: Unconventional Politics, Activism, and Service. San Francisco: Westview Press, 1997.

Rosenblatt, Louise. The Reader, the Text, and the Poem. Carbondale, IL: Southern Illinois University, 1978.

Saul, Wendy (Ed.). Science Workshop: A Whole Language Approach. Portsmouth, NH: Heinemann Educational Books, 1993.

Selman, Robert L. The Growth of Interpersonal Understanding: Development and Clinical Analysis. New York: Academic Press, 1980.

Short, Kathy, and Gloria Kaufman. "'So What Do I Do?'" The Role of the Teacher in Literature Circles." Nancy Roser and Miriam Martinez (Eds.), Booktalk and Beyond. Newark, DE: International Reading Association, 1995, 132-139.

Slavin, Robert. Cooperative Learning. Baltimore: Johns Hopkins University Press, 1991.

Stauffer, Russell. The Language-Experience Approach to the Teaching of Reading. New York: Harper & Row, 1975.

Steele, Jeannie L., and Meredith Kurtis. S. Democratic Pedagogy National Staff Development Manual. Orava Foundation for Democratic Education. Bratislava, Slovakia, 1995.

Taba, Hilda. Teaching Strategies and Cognitive Functioning in Elementary School Children. Cooperative Research Project No. 2404. Washington, D.C.: U.S. Office of Education, 1966.

Temple, Charles, Miriam Martinez, Junko Yokota, and Alice Naylor. Children's Books in Children's Hands: An Introduction to Their Literature. Needham, MA: Allyn and Bacon, 1998.

______________________ (1992). "Reading Against the Grain." Language Arts, 1992.

______________________ Lee, Steven, and Brophy, Scott. Before theDebate: Exercises in Critical Thinking. New York: RWCT Project, Open Society Institute, 1998.

Thompkins, Gail. Teaching Writing: From Process to Product, 2nd Edition. Columbus, OH: Merrill, 2000.

Vacca, Richard, and Vacca, Joanne. Content Area Reading. New York: HarperCollins, 1989.

Vygotsky, Lev. Thought and Language. Cambridge, MA: MIT Press, 1969.

Whitehead, Alfred North. The Aims of Education. New York: MacMillan, 1957.